www.burmeseclassic.com




BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

ရှိုင်းသစ်စာပေ

# အရိမဒ္ဒနမှ တေးမြင်ရနံ့တို့ ဝေ့ပျံ့နေဆဲ

နန္ဒာသိန်းဇံ

BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဒို့အရေး

**ပြည်သူ့သဘောထား**

★ ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

**နိုင်ငံရေးဦးတည်ချက် (၄)ရပ်**

★ နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
★ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး။
★ ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
★ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး။

**စီးပွားရေးဦးတည်ချက် (၄) ရပ်**

★ စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
★ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
★ နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

**လူမှုရေးဦးတည်ချက် (၄) ရပ်**

★ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး။
★ အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
★ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
★ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည် မြင့်မားရေး။

BURMESE CLASSIC .com

# အရိမဒ္ဒနမှ တွေးမြင်ရနံ့တို့ ဝေ့ပျံ့နေဆဲ

## နန္ဒာသိန်းဇံ

ဖြန့်ချိရေး
လှိုင်းသစ်စာပေ
အမှတ်-၇၊ ၇-လွှာ၊ ၁၅-လမ်း၊ လမ်းမတော်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁-၂၁၀၇၃၅၊ ၀၉၅၁၀ ၅၅၉၉၆

www.burmeseclassic.com

www.burmeseclassic.com

ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၄၀၀၃၀၁၀၆၀၃

*

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၄၀၀၆၄၃၀၆၁၀

*

ပုံနှိပ်ခြင်း

ပထမအကြိမ်၊ ၁၉၉၅ ခုနှစ်၊ ဩဂုတ်လ

ဒုတိယအကြိမ်၊ ၂၀၁၁ ခုနှစ်၊ ဇန်နဝါရီလ

*

အုပ်ရေ – ၁၀၀၀

*

မျက်နှာဖုံးဒီဇိုင်း

နေမျိုးဆေး

*

ထုတ်ဝေသူ

ဒေါ်သင်းသင်းမွန်၊ သင်းစာပေ

အမှတ်-၁၀၊ ရတနာမြိုင်လမ်း၊ ကမာရွတ်မြို့။

*

မျက်နှာဖုံးနှင့်အတွင်းသားပုံနှိပ်တိုက်

ဦးတင်အောင်ကျော်(၀၇၀၅၃)

စွယ်တော်ပုံနှိပ်တိုက်၊ အမှတ်-၁၄၇၊ ၅၁-လမ်း(အထက်)၊

ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်။ ဖုန်း-၂၉၇၂၇၇

*

တန်ဖိုး – ၁၀၀၀ ကျပ်

၈၉၅.၈၈

နန္ဒာသိန်းဇံ

အရိမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေ့ပျံ့နေဆဲ/နန္ဒာသိန်းဇံ။ – ရန်ကုန်၊

သင်းစာပေ၊ ၂၀၁၀။

၁၇၀ – စ၊ ၁၁.၅ x ၁၇.၆ စင်တီ။

(၁) အရိမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေ့ပျံ့နေဆဲ

## ထုတ်ဝေသူအမှာ

ဤ "အရိမဒ္ဒနမှ တွေးမြင်ရန့်တို့ ဝေ့ပျံ့နေဆဲ" စာအုပ်တွင် ပါဝင်သော စာစုများသည် သရဖူ၊ စိန်ခြယ်၊ ပင်လယ်၊ ဝါနီပြာ၊ ရန့်သစ် အစရှိသော မဂ္ဂဇင်းနှင့် စာစောင်တို့တွင် ဆရာနန္ဒာသိန်းဇံ ရေးသားလာခဲ့သည့် စာစုများ ဖြစ်ကြပါသည်။ ၎င်းစာစုများကို တစ်အုပ်အဖြစ် ထုတ်ဝေရန် ခွင့်ပြုသော မဟာသဒ္ဓမ္မဇောတိကဓဇ၊ ပါမောက္ခ ဒေါက်တာသိန်းဇံ (နန္ဒာသိန်းဇံ) အားလည်းကောင်း၊ မျက်နှာဖုံးပန်းချီနှင့် အတွင်းသရုပ်ဖော် ပန်းချီဒီဇိုင်းများကို ရေးဆွဲပေးကြသော ပန်းချီနေမျိုးဆေး၊ ပန်းချီဖေညွန့်ဝေ၊ ပန်းချီပိုပို၊ ပန်းချီမမွေး၊ ပန်းချီနေသွေးဦး တို့အားလည်းကောင်း အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင် ဖော်ပြအပ်ပါသည်။

ထုတ်ဝေသူ

www.burmeseclassic.com

www.burmeseclassic.com

## နန္ဒာသိန်းဇံ ၏ ထုတ်ဝေပြီးစာအုပ်များ

၁။ ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ (၁၉၇၅) - ၃၅/၈၉(၀)
၂။ စိတ်အဆင့်ဆင့်မြင့်တက်ခြင်းသဘာဝ (၁၉၇၅) - ၂၁၁/၈၉(၅)
၃။ ကိုယ်ကျင့်တည်ကြည်ခြင်းနှင့် အဆင့်မြင့်ခရီးစဉ်(၁၉၇၇) - ၃၀၀/၈၉(၈)
၄။ ခရောင်းလမ်းကို ဖြတ်ကျော်ခြင်း (၁၉၇၉) - ၃၉၄/၈၉(၈)
၅။ မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း (၁၉၈၀) - ၄၈၇/၈၈(၁၁)
၆။ အတွေးအခေါ်တို့ လွင့်မျောခြင်းနှင့်
လူ၏ဆောက်တည်ရာ (၁၉၈၃) - ၃၆၉/၈၉(၈)
၇။ THROUGH LIFE'S PERILS (1983) -1148
၈။ မှန်သောစကားကိုဆိုခြင်းနှင့် ပတ်သက်သော
မှတ်ချက်များ (၁၉၈၈) - ၃၉၃/၈၉(၈)
၉။ မြေဆည်ရာ (၁၉၈၉) - ၄၂၂/၈၈(၇)
၁၀။ ကြာ (၁၉၉၂) - ၄၁၄/၉၁(၁၀)
၁၁။ စီးပွားရေးနှင့် စစ်ရေးဗျူဟာ (၁၉၉၂) - ၂၅/၉၂(၂)
၁၂။ အသွင်သဏ္ဌာန်တို့နောက်ကွယ်၌ (၁၉၉၃) - ၄၀၈/၉၄(၇)
၁၃။ အရိမဒ္ဒနမှ တွေးမြင်ရနံ့တို့ ဝေ့ဖုံ့နေဆဲ (၁၉၉၅) - ၁၃၆/၉၅(၃)
၁၄။ တွေးချိန်ချင့်စရာ (၁၉၉၉) - ၁၀၄၈/၂၀၀၀(၁၀)
၁၅။ နက္ခတ်ဗေဒင်နှင့် မြန်မာ့အတွေးအမြင်အစဉ်အလာ
၁၆။ ထေရဝါဒနှင့် ပတ်သက်သောမှတ်ချက်များ (၂၀၀၁) - ၃၀၂/၂၀၀၈(၅)
၁၇။ မနက်ဖြန်များကိုဖြတ်သန်းနေသော စိတ်တူများ (၂၀၀၃) - ၈၆၂/၂၀၀၂(၁၀)
၁၈။ ပြောရင်းပြောနေမည့် ချစ်ခြင်းမေတ္တာ (၂၀၀၄) - ၃၀၉/၂၀၀၄(၄)
၁၉။ သမုဒ်ပင်လယ်ပြာ နှိုင်းပမာ (၂၀၀၈) - ၄၀၀၂၄၃၀၃၀၈
၂၀။ နောင်တကောင်းရာသို့ . . . (၂၀၀၉) - ၄၀၀၇၉၇၀၇၀၉


## မာတိကာ


| စဉ် | | စာမျက်နှာ |
|---|---|---|
| ၁။ | ခြေ | ၁ |
| ၂။ | လမ်း | ၁၀ |
| ၃။ | ဖိနပ် | ၂၂ |
| ၄။ | မှတ်သိပ်ခြင်း | ၃၂ |
| ၅။ | ပြောင်းလဲခြင်းကို တန်ဆာဆင်ခြင်း | ၄၄ |
| ၆။ | ကြမ္မာအကြောင်း မရိုးကောင်း | ၅၁ |
| ၇။ | ခံ့ခိုင်မြဲမြံ လူတို့ကြံသော် | ၆၁ |
| ၈။ | လူတို့ကိုယ်တိုင်သာလျှင် | ၆၆ |
| ၉။ | ရှေ့ခရီးတွင်စေဖို့ | ၇၆ |
| ၁၀။ | အနီးအပါးမှမခွာသော အတွေးအမြင်များ | ၈၆ |
| ၁၁။ | အသိပညာကိုယ်ခံအား ကောင်းခဲ့ကြသူများ | ၁၀၂ |
| ၁၂။ | ရတနာအညွှန်းသင်္ကေတများ | ၁၁၃ |
| ၁၃။ | ဝိသေသအမြင်ကို ခံစားခြင်း | ၁၂၃ |
| ၁၄။ | အပြန်မဟုတ်သော အပြန် | ၁၃၉ |
| ၁၅။ | သူချစ်ရှစ်ချပ်ကြာ | ၁၃၅ |
| ၁၆။ | တန်ဖိုးမြင့် အနုပညာလက်ရာများတည်ရှိရာ | ၁၄၆ |
| ၁၇။ | အဆုံး၏ ကောင်းခြင်း | ၁၅၅ |
| ၁၈။ | ငြိမ်းအေးခြင်းသန္တ | ၁၆၂ |


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



ငြေ

www.burmeseclassic.com

www.burmeseclassic.com

# ခြေ

မမှဲ့ရုံကြီးမှ စူဠာမဏိဂူဘုရားသို့ ခရီးဆက်၊ ထိုမှ ဂူပြောက်ကြီးသို့လျှောက်၊ ထိုမှတစ်ဆင့် မြစေတီပေါ်သို့ တက်၊ (ပြတိုက်တွင်ရောက်နေသော) မြစေတီကျောက်စာပါ အကြောင်းအရာတို့အကြောင်း စဉ်းစားရင်း မနူဟာဂူဘုရားသို့ ကျွန်တော် ထွက်လာခဲ့သည်။

ပုပြင်းသော ရာသီဖြစ်၍ ကျွန်တော့်အတွက်တော့ ပင်ပန်းသော ခရီးပင်ဖြစ်ပါသည်။

မနူဟာဘုရားအတွင်း ရှေ့ဘက်က ထိုင်တော်မူ ဗုဒ္ဓရုပ်ပွားဆင်းတုတော်ကြီးများနှင့် တိုက်ခန်းကျဉ်းကျပ်နေမှုအကြောင်းကို ထင်မြင်ချက်တွေ အမျိုးမျိုးပေးခဲ့ကြသည်။ တိုက်ခန်းနှင့် ဆင်းတုတော်ကြီးများကို မွန်းကျပ်နေအောင် တည်ဆောက်ထားခြင်းသည် ပုဂံတွင် မနူဟာမင်း စိတ်ကျဉ်းကျပ်စွာ နေရပုံကို ပေါ်လွင်စေသည်ဟုလည်း ထင်မြင်ချက်ပေးတတ်ကြသည်။ နေရာကို ကျဉ်းလိုက်





ခြင်းဖြင့် ဆင်းတုတော်ကြီးများက ပို၍အံ့သြဖွယ်၊ ကြည်ညိုဖွယ် ဖြစ်လာသည်။ နေရာ (ဝါ) အာကာသကို ပြုပြင်တတ်ခြင်းသည် ပုဂံခေတ်က ဗိသုကာပညာရှင်တို့၏ ထူးခြားသော အနုပညာဆိုင်ရာ တီထွင်ချက်၊ စိတ်ကူးဆန်းသစ်ချက်ပင် ဖြစ်သည်ဟုလည်း ထင်မြင်ချက်ပေးကြသည်။

ဆင်းတုတော်ကြီးများကို ဖူးမြော်ရင်းက... မနူဟာကျောက်စာမှ စကားအချို့ကို မြင်ယောင် ကြားယောင်နေပါသည်။ ဂူဘုရားတည်ဆောက်ရန်အတွက် မနူဟာမင်းကြီးသည် မိမိ၏ ကျောက်မျက်ရွဲ လက်ဝတ်ရတနာကို ရောင်းချရာ ငွေအသပြာ လှည်းခြောက်စီးတိုက်ရသည်ဟု ဆိုသည်။ ယခု...ထိုမနူဟာမင်းကြီး၏လက်ဝတ်ရတနာသည် အဘယ်နေရာတွင် ရှိနေလေသနည်း။ အဘယ်သူ့လက်ဝယ် ရောက်ရှိနေလေသနည်း။ မနူဟာမင်းကြီး ယခုအခါ အဘယ်ဘဝသို့ ရောက်နေလေသနည်း။ မနူဟာမင်းကြီးသည် ယခုအခါ သထုံကေလာသတောင်တွင် တောင်စောင့်နတ်ဖြစ်နေမည်ဟု ဆိုသော အဆိုမှန်နိုင်သလား၊ သေပြီးလျှင် ဘဝတစ်ဖန် ရှိသေးသည်ဟုဆိုသော အဆိုမှန်သလား၊ မှန်မမှန် အဘယ်သို့ သက်သေပြနိုင်သနည်း... စသည့် စသည့်အတွေးများက တစ်ခုပြီးတစ်ခု ကျွန်တော့်မှာ ဖြစ်လာသည်။

ဤအတွေးများနှင့်အတူ ဆင်းတုတော်ကြီးသုံးဆူ၏ နောက်ဘက်ရှိ လျောင်းတော်မူ ဆင်းတုတော်ကြီးရှိရာသို့ လျှောက်လာခဲ့

www.burmeseclassic.com

## အရိမဒ္ဒနမှ ဧွေးမြင်ရန့်ကို ငေ့ပျံ့နေဆဲ

သည်။

ကျွန်တော်၏ အမြင်အာရုံကို ဦးစွာထိခိုက်လာခြင်းကတော့ လျှောင်းတော်မှ ဆင်းတုတော်ကြီး၏ ခြေတော်အစုံပင်ဖြစ်ပါသည်။ ကျွန်တော်၏ စိတ်အာရုံမှာတော့ ဂေါတမမြတ်စွာဘုရား၏ ခြေတော်အစုံပင် ဖြစ်ပါသည်။

"ကရုဏာကရော-ကရုဏာတော်၏ တည်ရာဖြစ်တော်မူထသော၊ ယောတထာဂတော-အကြင်မြတ်စွာဘုရားသည်၊ ကရောပယာတံ-လက်တော်သို့ရောက်ပြီးသော၊ သုခပ္ပဒံ-ချမ်းသာခြင်း၏ တည်ရာဖြစ်သော၊ ပဒံ-နိဗ္ဗာန်ကို၊ ဩသဇ္ဇ-စွန့်တော်မူ၍၊ ကလိသမ္ဘဝေ-ဆင်းရဲခြင်း၏ အကြောင်းဖြစ်သော၊ ဘဝေ-သံသရာတည်းဟူသောဘဝ၌၊ ကောလေဒုက္ခရံ-စင်စစ်ပြုနိုင်ခဲလှသော စွန့်ခြင်းကြီးငါးပါး အစရှိသည်ကို၊ ကရံကရောန္တော-ပြုတော်မူသည်ဖြစ်၍၊ ပရတ္ထံ-သူတစ်ပါးတို့၏ အကျိုးစီးပွားကို၊ အကာ-ပြုတော်မူလေပြီ၊ တံတထာဂတံ-ထိုမြတ်စွာဘုရားကို၊ အဟံ-ငါသည်၊ နမာမိ-ရှိခိုးပါ၏ ။"

အထက်ပါ ဘုရားရှိခိုးကို ကြားယောင်ရင်းမှ လျှောင်းတော်မူဆင်းတုတော်ကြီး၏ ခြေအစုံ (ဝါ) ဂေါတမမြတ်စွာဘုရား၏ ခြေတော်အစုံကို အများသတ္တဝါတို့၏ အကျိုးစီးပွားကို သယ်ပိုးလျက် လျှောက်လှမ်းခဲ့သော ခြေတော်အစုံအဖြစ် ကျွန်တော်က မြင်နေမိပါသည်။ မိမိဘက်က စွန့်လွှတ်အနစ်နာခံခြင်းများစွာဖြင့်



အများကောင်းကျိုးကို ရွက်ဆောင်သယ်ပိုးဖို့ လျှောက်လှမ်းလာသော ခြေတော်တို့အဖြစ်ဖြင့်လည်း ကျွန်တော်က ခံစားနေမိပါသည်။

"တစ်နေ့ပြီးတစ်နေ့ ဖြတ်ကျော်၍ တစ်သွားတည်းသွားနေရသည့် ဘဝတစ်လျှောက်၌...

မသိမှားမှုတို့ကြောင့် ပြုမိမှား၊ ပြောမိမှားတို့ဖြင့် နောင်တအထွေထွေ၊ ပူပန်သောက အထွေထွေတို့ ဖြစ်ရခြင်းမှလည်းကောင်း၊ အဝိဇ္ဇာမှောင်၌ ယုံမှားတွေဝေခြင်းအမျိုးမျိုးဖြင့် အဆိုးကို အကောင်းထင်၊ ဒုက္ခကို သုခထင်လျက် စမ်းတဝါးဝါး လှမ်းလျှောက်နေရာမှ လမ်းလွဲလျှောကျရခြင်းတို့မှလည်းကောင်း၊

မဆုံမတွေ့လိုသော်လည်း ကြုံတွေ့လာရတတ်သည့် မချစ်မနှစ်သက်သောသူ၊ မချစ်မနှစ်သက်သော အရာတို့နှင့် အတူတူ ခရီးဆက်ရခြင်းကြောင့် ရန်ငြိုး၊ ဒေါသတို့ဖြင့် စိတ်ပင်ပန်း၊ ကိုယ်ပင်ပန်း ဖြစ်ရခြင်းတို့မှလည်းကောင်း၊ ချစ်သူခင်သူ မြတ်နိုးရသူ၊ ချစ်သောအရာ မြတ်နိုးသော အရာတို့နှင့် ကြည်သာရွှင်ပြုံးလျက် ခရီးဆုံးတိုင် အတူတူသွားလိုသော်လည်း လမ်းခုလတ်၌ပင် အပြီးတိုင်ခွဲခွာနှုတ်ဆက်ခဲ့ရ၍ ယူကျုံးမရဖြင့် ကြေကြေမြည့်မြည့် ဆွေးဆွေးနင့်နင့် ဖြစ်ရခြင်းတို့မှလည်းကောင်း၊

ရင်မဆိုင်လိုသော်လည်း ရင်ဆိုင်လာရမည့် အိုခြင်းဒုက္ခ၊ နာရခြင်းဒုက္ခ၊ သေရခြင်းဒုက္ခတို့မှလည်းကောင်း လွန်



www.burmeseclassic.com

www.burmeseclassic.com



မြောက်ရာ ခရီးလမ်းကို ပြည့်နှန်ရန်အလို့ငှာ...

ပြည့်နှန်တော်မူရန်အတွက် ဤလောကသို့ လှမ်းလျှောက်လာသော ခြေတော်တို့အနေဖြင့်လည်း ကျွန်တော်က မြင်ယောင်ခံစားနေပါသည်။

ရုပ်ကိုသာ အမှန်အရှိတရားအဖြစ် လက်ခံကြသော ရုပ်ဝါဒီတို့က စိတ်ကို ရုပ်၏ အရိပ်အယောင်အဖြစ် မှတ်ယူကြသည်။ စိတ်၏ဖြစ်စဉ်ကို ဦးနှောက်၏ ဖြစ်စဉ်အဖြစ် မှတ်ယူတတ်ကြသည်။ ရုပ်ဝါဒီအားလုံးသည် အတိတ်ဘဝရှိသည်ဟူသော အဆိုကို လက်မခံကြ။ သေလျှင် နောင်ဘဝတစ်ဖန်ရှိသေးသည်ဟူသော အဆိုကိုလည်း လက်မခံကြ။ ပြုသောကံတို့အလျောက် အကောင်းအဆိုး ဘဝအမျိုးမျိုးတို့ ဆက်စပ်ဖြစ်ပေါ်နေသည်ဟူသော အဆိုကိုလည်း လက်မခံကြ။ သက်ဆိုင်ရာ ရုပ်သဘောတို့ ပေါင်းစည်းမှုကြောင့် "ဤယခုဘဝ"သည် ဖြစ်လာသည်။ ဤဘဝတစ်ခုသာလျှင် ရှိသည်။ ဤဘဝပြီးလျှင် ပြုခဲ့သမျှ ကုသိုလ် အကုသိုလ် အကောင်းအဆိုး ကံအမျိုးမျိုးသည်လည်း ပြီးဆုံးပြတ်စဲသွားကြသည်ဟု ယူဆကြသည်။

အတ္တဝါဒကို လက်ခံသူ၊ စိတ်အခြေခံဝတ္ထုဖြစ်သည့် ဝိညာဉ်ကို အရှိတရားအဖြစ် လက်ခံသူတို့ကမူ သတ္တဝါတစ်ဦးဦး သေလျှင် ထိုသတ္တဝါထံမှ အတ္တ သို့မဟုတ် ဝိညာဉ်သည် အခြားခန္ဓာအသစ်သို့ ပြောင်းရွှေ့ဝင်ရောက်ပြီး ဘဝအသစ် ထပ်၍ဖြစ်သည်။ ပြုခဲ့သော ကောင်းသောကံတို့အလျောက် ကောင်းသောဘဝ၊ ပြုခဲ့သော





မကောင်းသောကံတို့အလျောက် မကောင်းသောဘဝကို ရသည်ဟု ယုံကြည်ကြသည်။ ဗုဒ္ဓကမူ ရုပ်ဝါဒီတို့၏ တစ်ဘဝသာရှိသည်ဟူသော အယူအဆကိုလည်း လက်မခံ၊ အတ္တဝါဒီတို့ကဲ့သို့ သတ္တဝါ သေလျှင် အတ္တ သို့မဟုတ် ဝိညာဉ်က ထွက်ခွာသွားပြီး နောက်ခန္ဓာအသစ်၌ ဘဝသစ်ဖြစ်သည်ဟု ယုံကြည်သော ယုံကြည်မှုမျိုးကိုလည်း လက်မခံချေ။ သတ္တဝါသည် သေခါနီးကာလ၌ မိမိပြုခဲ့သော ကံတို့ကြောင့်ပင် ထင်ပေါ်လာသော နိမိတ်တစ်မျိုးမျိုးကို အာရုံပြုနေခိုက် စုတိစိတ်ကျသည်နှင့် တစ်ပြိုင်နက် အကြားမရှိ "ကြား" မရှိဘဲ ဘဝတစ်ခု ဆက်၍ဖြစ်သည်ဟု ဖော်ပြခဲ့၏။

ဘဝကူးခြင်းကို သိပ္ပံပညာကလည်း လက်တွေ့စမ်းသပ်မပြနိုင်သေး၊ စဉ်းစား၍လည်း ဘဝကူးပုံကို မသိမြင်နိုင်။ လူယောကျာ်းဖြစ်သော ဖခင်ဘက်မှ အဖိုမျိုး (စပါမယ်တိုဇွာ)နှင့် လူမိန်းမဖြစ်သော မိခင်၏ အမမျိုးဥ (အိုဗမ်)တို့ ပေါင်းဆုံခြင်း၌ အခြားတစ်နေရာမှ သေလွန်လာသော သတ္တဝါက အဘယ်ကဲ့သို့ လူဖြစ်ဖို့ ဝင်ရောက်လာလေသနည်း။ ဝင်လာခြင်းကော ဟုတ်ပါ၏လော။ "ဝင်သည်၊ ထွက်သည်"ဆိုသော အသုံးအနှုန်း ဝေါဟာရများသည် ဘဝကူးပြောင်းခြင်းကိစ္စ၌ အမှန်အကန် သုံးနှုန်းနိုင်သော ဝေါဟာရများမှ ဟုတ်ပါလေ၏လား၊ သတ္တဝါ သေသောအခါ ခန္ဓာကိုယ်မှနေ၍ အတ္တ သို့မဟုတ် ဝိညာဉ်က ထွက်သွားခြင်းမျိုးကို ဗုဒ္ဓဝါဒ၌ လက်မခံ။ သေလျှင် ခန္ဓာမှနေ၍ ဘာတစ်ခုမျှ ထွက်ခွာသွားသည် မဟုတ်။ ကြောင်းကျိုးဆက်၍သာ ဘဝတစ်ခု ဆက်၍ဖြစ်သွားခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုသာ လက်ခံသောဝါဒဖြစ်သည်။ ထိုသို့ လက်ခံသောဝါဒဖြစ်လျှင် လောက်လမ်းသဖွယ် ဝိညာဉ်တွယ်ဟူသော အယူအဆကို ပစ်ပယ်ရမည်မဟုတ်ပါလား... စသည့် အတောမသတ် အတွေးများက ကျွန်တော့်စိတ်ထဲတွင် ထွေးရှုတ်လျက်ရှိသည်။ "ရှုပ်ထွေးနေမှာပေါ့၊ တွေးနေတာကိုး၊ တွေးလို့ရှုပ်နေတာ၊ တွေးခြင်းအားဖြင့် သံသရာရဲ့ သဘာဝ၊ ဘဝစဉ်ဆက်ဖြစ်ခြင်းရဲ့ သဘာဝကို မသိနိုင်ဘူး။ ဗုဒ္ဓညွှန်ပြသည့် သတိပဋ္ဌာန် ဝိပဿနာနည်းကို လုံလောက်အောင် အားထုတ်မကြည့်ဘဲနှင့်... ဗုဒ္ဓကဲ့သို့ ပုဗ္ဗေနိဝါသဉာဏ် အစရှိတဲ့ ဉာဏ်မျိုးတွေ မရဘဲနှင့်... ဘဝသံသရာ၏ သဘောသဘာဝ၊ ဘဝကူးခြင်းရဲ့ သဘောသဘာဝကို ဘယ်လိုမှ နားမလည်နိုင်ဘူး။ လုံလောက်တဲ့ သတိ၊ ဝီရိယ၊ သမာဓိနဲ့ သတိပဋ္ဌာန် ဝိပဿနာကို အားထုတ်လို့ ကြောင်းကျိုးဖြစ်စဉ်ကို သိနားလည်တဲ့ ပစ္စယပရိဂ္ဂဟဉာဏ်အဆင့်ထိရောက်မယ်ဆိုရင် ဘဝကူးတဲ့ပြဿနာကို အတော်အတန် နားလည်နိုင်မယ်" ဟူသော ဗုဒ္ဓဝါဒီ သူတော်သီတို့၏ သတိပေးစကားကို ကြားယောင်ပါသည်။

"ဘဝသံသရာသည် ရှိသည်ဆိုလျှင်..."ဟူသော အတွေးစဉ်နှင့်အတူ... ထိုသံသရာခရီး၌ အများကောင်းကျိုးကို ထူးထူးခြားခြား သယ်ပိုးရွက်ဆောင်ခြင်းမရှိဘဲ လျှောက်လှမ်းခဲ့သော ကျွန်တော့်ခြေများကို မြင်မိနေပါသည်။ ထိုသံသရာမှ လွတ်မြောက်အောင်လည်း မကြိုးစား အားမထုတ်ဘဲ အိုခြင်း၊ နာခြင်း၊ သေလွန်ရခြင်း၊ ငိုခြင်း၊ ရိုက်ခြင်း၊ မောဟိုက်နွမ်းနယ်ခြင်းတို့ကြား၌ မျှော်





လင့်ချက်များ တွယ်တာမှုများဖြင့် သံသရာရှည်သရွေ့ လျှောက်မည့်ဟန်ပြင်နေသည့် ကျွန်တော့်ခြေတို့ကို မြင်လျက်လည်း ရှိပါသည်။ မရေမတွက်နိုင်သော ခြေပေါင်းများစွာကို မြင်လိုက်ရာမှ မဖော်ပြတတ်သော ထိတ်လန့်မှုတစ်ရပ်က ကျွန်တော့်စိတ်ထဲတွင် ဖြစ်ပေါ်လာသည်။

ကျွန်တော်က လျှောင်းတော်မူ ဆင်းတုတော်ကြီး၏ ခြေအစုံကို ရိုသေစွာဖြင့် ဦးညွှတ်ရှိခိုးလိုက်ပါသည်။

ဗုဒ္ဓမြတ်စွာ၏ ခြေတော်တို့သည် အများကောင်းကျိုးကို အစွမ်းကုန် ရွယ်သယ်ပိုးဖို့ လျှောက်လှမ်းခဲ့သော ခြေတော်တို့ဖြစ်ကြသည်တကား။ အများကောင်းကျိုးကို အကောင်းဆုံး ရွက်သည်ပိုးပြီး၍ ဘယ်အခါမှာမှ သံသရာခရီးကို နောက်ထပ်တစ်ဖန် မလျှောက်လှမ်းတော့သော ခြေတော်များလည်း ဖြစ်ကြပေသည်တကား။

နေအတန်ညိုပြီဖြစ်၍ မနူဟာဂူဘုရားမှ ကျွန်တော် တည်းခိုရာနေရာသို့ လျှောက်လာခဲ့ပါသည်။ ကျွန်တော်၏ ခြေလှမ်းများကို အချည်းနှီး ခြေလှမ်းများမဖြစ်အောင် သတိထား၍ လျှောက်နေမိပါသည်။ ။

www.burmeseclassic.com

www.burmeseclassic.com



လမ်း

## လမ်း

ထိုနေ့ညက ကျွန်တော်တို့ ပုဂံညောင်ဦး လေ့လာရေးအဖွဲ့ သ/မ ဟိုတယ်တွင် တည်းခိုကြသည်။

ပုဂံတစ်ဝိုက်ရှိ ဂူဘုရားများ၊ စေတီများကို တစ်နေကုန် လေ့လာခဲ့သော်လည်း ပင်ပန်းသည်ဟု မထင်ကြ၊ ညရောက်တော့ ပါးလျှာလွန်းလှသည်ဟု ထင်ရသော လရောင်အောက် တည်းခိုဆောင်၏ ရှေ့လွင်ပြင်ပြန့်တွင် ထိုင်ကြရင်း စကားကောင်းနေကြပြန်သည်။

စကားဝိုင်း၌ ပဓာနအားဖြင့် ပြောနေသော အကြောင်းအရာမှာ ပုဂံညောင်ဦးတစ်ဝိုက်ရှိ ဂူလိုဏ်ဘုရားစေတီများကို အနုပညာဒဿန ရှုထောင့်မှ လေ့လာပုံ လေ့လာနည်းအကြောင်းဖြစ်သည်။

ညဉ့်နက်လာသောအခါ၌ စကားဝိုင်း၏ အကြောင်းအရာက "ပရလောက"နှင့်ဆိုင်သော အကြောင်းအရာသို့ ပြောင်းသွားသည်။ ပရလောက ရှိသည်ဟု အခိုင်အမာ ပြောနေသူမှာ ပုဂံမြို့ဂိုက်ဝင်း



www.burmeseclassic.com

www.burmeseclassic.com



အတွင်းရှိ နေအိမ်မှ ကျွန်တော်တို့ထံသို့ တကူးတကလာ၍ စကားဝိုင်းဖွဲ့သူ သုတေသနအရာရှိ ဦးဝိုင်းပင် ဖြစ်ပါသည်။

ဦးဝိုင်းက ပြောပါသည်။ တစ်ညသ္ဒ... မိတ်ဆွေတစ်ဦးနှင့်သူ စကားပြောနေသည်။ စကားပြောနေသည်မှာ သန်းခေါင်းပင်ကျော်သွားသည်။ သူတို့နှစ်ဦး ထိုသို့ စကားပြောနေခိုက်... လူအုပ်ကြီးတစ်အုပ်၏ အသံကို ကြားကြရသည်။ တစ်ဆက်တည်းမှာပင် လှည်းမောင်းသံ၊ နွားဟောက်သံ၊ နွားခြူသံများ၊ ချိုင့်ထဲသို့ လှည်းဘီးကျသည့်အသံ၊ ခွေးဟောင်သံ၊ ကလေးငယ်တစ်ဦး၏ ဟစ်အော်ငိုလိုက်သည့်အသံ၊ တစ်ဦးက တစ်ဦးကို လှမ်း၍ခေါ်လိုက်သည့်အသံများကိုလည်း ကြားရသည်။ သီချင်းဟစ်အော်ဆိုလိုက်သောအသံ၊ လက်ခေါက်မှုတ်သံ၊ တဝါးဝါး ရယ်မောလိုက်သော အသံများကိုလည်း ကြားရသည်။ ပထမတွင်... ပွဲခင်းမှ ပြန်လာကြသောသူများ ဖြစ်ကြလိမ့်မည်ဟူသော အတွေးဖြင့် သူတို့ ၂ ဦး စကားဆက်ပြောမြဲ ပြောနေကြသည်။ သို့ရာတွင် သူတို့ ၂ ဦးလုံးတစ်ပြိုင်နက်လိုလို သတိရ၍ "ဒီည ဘယ်မှာမှ ပွဲမရှိပါဘူး"ဟု ပြောလိုက်မိကြသည်။ ထိုသို့ပြောလိုက်ခြင်းနှင့် မရှေးမနှောင်းမှာပင် လူအုပ်ကြီး၏အသံများ ရုတ်တရက် တိတ်ဆိတ်ပျောက်ကွယ်သွားသည်။

"ချက်ချင်းပဲ အပြင်ကို ထွက်ကြည့်တယ်။ မြင်နိုင်လောက်တဲ့ လရောင်နဲ့ မီးရောင်ရှိပါတယ်။ ဒါပေမဲ့... လူအုပ်ကြီးရဲ့ အရိပ်အရောင်ကိုတောင် မမြင်ရဘူး။ ဘာသံဆို ဘာသံမှလည်း မကြားရ





တော့ဘူး"ဟု ဆိုသည်။ ထို့နောက် သူက "အဲဒီအုပ်စုကြီးဟာ လူတွေ မဖြစ်နိုင်ဘူး၊ 'ကျွတ်'လို့ခေါ်တဲ့ ပရလောကသားတွေ ဖြစ်နိုင်တယ်"ဟု ပြောပါသည်။

ဦးဝိုင်း၏စကားကို ထောက်ခံသည့်အနေဖြင့် စကားဝိုင်းထဲမှ တစ်ဦးသောသူက ဒုတိယကမ္ဘာစစ် မဖြစ်မီက နိုင်ငံခြားသားတစ်ဦး ရေးခဲ့သည်ဆိုသော မှတ်တမ်းတစ်ခုအကြောင်းကို ပြောပြသည်။ ထိုနိုင်ငံခြားသားသည် နောက်လိုက်မြန်မာအဖော်တစ်ဦးနှင့် ခရီးတစ်ခုမှအပြန် လမ်းတွင် မိုးချုပ်သွားသည်။ နီးရာရွာတစ်ရွာသို့ဝင်၍ ရပ်နားမည်ဟု ကြံစည်နေခိုက် ခပ်လှမ်းလှမ်းတွင် မီးရောင်များကို မြင်ရသည်။ ထိုမီးရောင်များရှိရာသို့ ချဉ်းကပ်သွားသောအခါ ပွဲခင်းတစ်ခုဖြစ်နေကြောင်း တွေ့ရသည်။ ရှည်လျားသော ပွဲဈေးတန်းကိုလည်း တွေ့ရသည်။ ထိုနိုင်ငံခြားသားနှင့် အဖော်သည် ပွဲဈေးတန်းမှ စားစရာအချို့ကို ဝယ်ယူစားသောက်ကြပြီးနောက် ပွဲခင်းရှိရာသို့ သွားကြသည်။ ထို့နောက် ပွဲကြည့်ပရိသတ်တို့၏ နောက်ဘက်၌ အခန့်သင့်တွေ့ရသော အခင်းတစ်ခုပေါ်တွင် ထိုင်၍ ပွဲကြည့်ကြသည်။ ကြည့်နေရင်းက အလွန်အိပ်ချင်လာသောကြောင့် ၂ ဦးစလုံး လှဲ၍အိပ်မိကြသည်။

သူတို့နှစ်ဦး အိပ်ပျော်ရာမှ နိုးလာသောအခါ မိုးစင်စင်လင်းလျက် ရှိပြီဖြစ်သည်။ သူတို့ အံ့သြရသည်မှာ သူတို့အိပ်ခဲ့ကြခြင်းသည် ပွဲခင်း၌မဟုတ်ဘဲ ရွာနှင့် အလွန်ဝေးသော ရိတ်သိမ်းပြီးလယ်ကွင်းထဲက ရိုးပြတ်များကြားတွင်ဖြစ်ကြောင်း တွေ့ရခြင်းပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သည်။ သူတို့အောက်၌ မည်သည့်အခင်းကိုမျှလည်း မတွေ့ရ။ ညက ပွဲခင်း၏ အရိပ်လက္ခဏာများကိုလည်း တစ်ခုမျှမတွေ့ရ။ လယ်ကွင်းထဲရှိ ရိုးပြတ်များသည် ညက လူအများထိုင်၍ ပွဲကြည့်ခဲ့ကြသောကြောင့် လဲနေကြရမည်ဖြစ်ပါလျက် သူတို့ နိုး၍ ကြည့်လိုက်သောအခါ ရိုးပြတ်များသည် အထိအခိုက်၊ အလဲအယိုင်မရှိဘဲ ထိုးထိုးထောင်ထောင်ပင် ရှိနေကြသည်။ လူအများ ထိုင်ခဲ့ကြသည့် နိမိတ်လက္ခဏာ တစ်ခုမျှ မမြင်ရ... ထို့ပြင် ပွဲဈေးတန်းရှည် နေရာ၌လည်း ပြာကြွင်းပြာကျန်၊ ထင်းကြွင်းထင်းကျန်ဆို၍လည်း ဘာတစ်ခုမျှ မကျန်ရစ်ကြောင်း ဖော်ပြထားသည်ဟု ဆိုသည်။

အထက်ပါ အဖြစ်အပျက်၌ ထိုသူ ၂ ဦးသည် ကျတ်များ စုဝေးကျင်းပသည့် ပွဲခင်းထဲသို့ အမှတ်မထင် ရောက်ခဲ့ကြခြင်းဖြစ်လိမ့်မည်ဟု သူက ထင်မြင်ချက်ပေးနေပါသည်။

"ကျတ်"များ အကြောင်း ပြီးသောအခါ ဥစ္စာစောင့်များ အကြောင်းသို့ စကားဆက်နေကြပြန်သည်။ ထို့နောက်...

စကားဝိုင်း၌ ကျတ်များ၊ ဥစ္စာစောင့်များ၊ သရဲတစ္ဆေများ၊ ရုက္ခစိုးများ၊ နတ်ဗြဟ္မာများ စသည့် ပရလောကသားတို့၏ ခန္ဓာများသည် မည်ကဲ့သို့သော ရုပ်သဘောများဖြင့် တည်ဆောက်ဖွဲ့စည်းထားသော ခန္ဓာများဖြစ်နိုင်ကြောင်းကို ဆွေးနွေးနေကြပြန်သည်။

စကားဝိုင်းထဲမှ တစ်ဦးသောသူက ပရလောကသားတို့၏ ခန္ဓာကိုယ်များ၏ ရုပ်သဘာဝကို ပြောပြရန်အတွက် ကာလ အာကာသ Space-Time အကြောင်းကို ရှင်းလင်းလျက်ရှိပါသည်။





သူက အချိန် (သို့မဟုတ်) ကာလနှင့် နေရာ (သို့မဟုတ်) အာကာသတို့ကို ရုပ်၏တည်နေပုံများ Time and Space as forms of the existence of matter အဖြစ် ရှင်းပြနေသည်။ ရုပ်ဟု ဆိုလိုက်လျှင်ပင် ထိုရုပ်၏ ဖြစ်တည်နေမှုပုံသည် ပါပြီးဖြစ်သည်။ ထိုဖြစ်တည်နေမှုပုံသည် အာကာသပင်ဖြစ်သည်။ ရုပ်ဟု ဆိုလိုက်လျှင်ပင် ထိုရုပ်၌ ပြောင်းလဲခြင်းသဘောသည် ပါပြီးဖြစ်သည်။ ထိုပြောင်းလဲခြင်းသည်ပင် အချိန် သို့မဟုတ် ကာလကိုဆိုလိုသည်။ တစ်နည်းအားဖြင့် ပြောင်းလဲခြင်းတည်းဟူသော ကာလသည်ပင် ရုပ်၏ဖြစ်တည်နေပုံဖြစ်သည်။ သို့ဖြစ်၍ ကာလ-အာကာသသည် တစ်ခုနှင့်တစ်ခု ခွဲခြားမရသော ရုပ်၏ တည်နေပုံများဖြစ်သည်။

သူက ဆက်၍ လူသတ္တဝါများ၊ တိရစ္ဆာန်များ၏ ခန္ဓာကိုယ်တို့သည် ရုပ်ကြမ်း Gross matter များဖြင့် ဖွဲ့စည်းနေသော ခန္ဓာများဖြစ်ကြ၍ နတ်၊ ဗြဟ္မာ အစရှိသော ပရလောကသားတို့၏ ခန္ဓာတို့မှာ အလွန့်အလွန် သိမ်မွေ့သော ရုပ်များဖြင့် တည်ဆောက်ထားသော ခန္ဓာများဖြစ်နိုင်ကြသည်။ သို့ဖြစ်၍ ရုပ်ကြမ်းတို့၏ တည်နေပုံဖြစ်သော ကာလ-အာကာသတို့နှင့် ပရလောကသားတို့၏ အလွန်သိမ်မွေ့သော ရုပ်တို့၏ တည်နေပုံဖြစ်သည့် ကာလ-အာကာသတို့သည် ခြားနားကြမည်ဖြစ်သည်။ ကာလ-အာကာသတို့သည် အမျိုးမျိုးရှိနိုင်ကြသည်။ ရုပ်ကြမ်းတို့၏ တည်နေပုံ၊ ကာလ-အာကာသတို့ အတွင်း၌ အဆင့်ဆင့် သိမ်မွေ့သွားသော ရုပ်တို့၏ တည်နေပုံ ကာလ-အာကာသများသည်လည်း အဆင့်ဆင့် အထပ်ထပ်ရှိနေ

www.burmeseclassic.com



ဖြစ်နေနိုင်ကြသည်။ ရုပ်ကြမ်းတို့ဖြင့် ဖွဲ့စည်းနေသော ခန္ဓာပိုင်ရှင် သတ္တဝါတို့၏ လောကဒ္ဓပင် သိမ်မွေ့သော ရုပ်တို့ဖြင့် ဖွဲ့စည်းနေသော ခန္ဓာပိုင်ရှင် ပရလောကမျိုးစုံ၏ လောကသားတို့သည်လည်း ရှိနေဖြစ်နေကြပေလိမ့်မည်ဟု သူက တွေးဆပြနေသည်။ သူက ဆက်၍ ကြမ်းသောရုပ်ခန္ဓာ၊ သိမ်မွေ့သော ရုပ်ခန္ဓာတို့ဖြင့် လောကသားမျိုးစုံ ဖြစ်ကြရခြင်းသည် ထိုလောကသားတို့ပြုခဲ့သော ကံစွမ်းအင်ကြောင့်ပင်ဖြစ်သည်။ ပြုခဲ့သောကံတို့အလျောက် လောကသားတစ်ဦးဦး သေဆုံးခါနီး၌ သက်ဆိုင်ရာ နိမိတ်များထင်ပေါ်၍ ထိုနိမိတ်တို့ကို စွဲလမ်းမှုဖြစ်ခြင်းတို့အလျောက်ပင် ခန္ဓာအမျိုးမျိုးဖြင့် လောကသားအမျိုးမျိုး ဖြစ်ရသည်ဟု သူကဆိုသည်။ ကံစွမ်းအင်တို့၏ သဘာဝ၊ ကံကြောင့်ထင်ပေါ်သော နိမိတ်တို့၏ သဘောတို့ကိုမူ လက်ရှိ သိပ္ပံနည်းတို့ဖြင့် စမ်းသပ်၍ မရနိုင်ဟုလည်း သူက အခိုင်အမာ ပြောနေပြန်သည်။ သူပြောပြနေသော အယူအဆ အဆိုအမိန့်များသည် တက္ကိက Metaphysics သဘောများဖြစ်၍ လက်ခံရန် မဖြစ်နိုင်ကြောင်းကို စကားဝိုင်းထဲမှ တစ်ဦးက ပြင်းပြင်းထန်ထန် ဝေဖန်သည်။ ထိုသို့ဝေဖန်ပြီးနောက် သူ၏ ဝေဖန်ချက်ကို ထောက်ခံသူ ရှိလာလေမလားဟူသော သဘောဖြင့် စကားကို ခဏရပ်ထားသည်။ ဤတွင် အခြားသူတစ်ဦးက...

"ရှင်အရဟံထေရ်မြတ်နဲ့ အနော်ရထာမင်းကြီးတို့ရဲ့ ကျေးဇူးကြောင့် ထေရဝါဒ ဗုဒ္ဓသာသနာဟာ ကျွန်တော်တို့ပုဂံမှာ ထွန်းတောက်ခဲ့တယ်ဗျ၊ ထေရဝါဒ စာပေပိဋကတ်တွေထဲမှာ ပရလောက





ရှိတဲ့အကြောင်း၊ ပရလောကကို မြင်တွေ့နိုင်တဲ့ နည်းနိသယယတွေရှိတဲ့အကြောင်း ဖော်ပြထားတာတွေရှိတယ်။ ဒီတော့ အတွေးအဆတွေနဲ့ ငြင်းခုံနေမဲ့အစား အဲဒီနည်းနိသယယတွေအတိုင်း လက်တွေ့အားထုတ်ကြည့်ဖို့ သင့်တယ်။ ဂေါတမဗုဒ္ဓဟာ ဗောဓိပင်အောက်မှာ အာသဝက္ခယဉာဏ်ရဖို့ အားထုတ်နေဆဲမှာ ပရလောကသားတွေကို မြင်တဲ့အကြောင်း ဘုရားအဖြစ်ကို ရောက်တဲ့အခါမှာ ပြန်ပြောပြတာတွေရှိတယ်။ ဒိဗ္ဗစက္ခု အဘိညာဉ်ရတဲ့အခါမှာ မြင်တွေ့ခဲ့တာတွေဖြစ်မှာပဲ"ဟု ဝင်၍ပြောပါသည်။ ထိုအခါ စကားဝိုင်း၌ အနည်းဆုံးပြော၍ အဆိတ်ငြိမ်ဆုံး နားထောင်နေသူတစ်ဦးက လှုပ်ရှားလာပြီးနောက် "ကျွန်တော်တို့အားလုံးကို ဘဝသင်ခန်းစာပေးမည့် ပရလောကသား ပြိတ္တာတစ်ယောက်အကြောင်းကိုတော့ သိထိုက်တယ်"ဟုဆိုကာ အောက်ပါကဲ့သို့ ပြောပြပါသည်။

"ကဿပ မြတ်စွာဘုရားရှင် လက်ထက်တုန်းက အင်မတန်ကြီးပွားလို ချမ်းသာလိုတဲ့ လယ်သမားတစ်ဦးရှိတယ်။ ကြီးပွားတိုးတက်ရေးကို လိုလားသူဆိုတော့ အင်မတန် အလုပ်ကြိုးစားပြီး လုပ်ဆောင်တတ်တဲ့သူဖြစ်တယ်။ တစ်နေ့မှာ ဒီလယ်သမားရဲ့ မိတ်ဆွေတွေဟာ လှူဖွယ်ဝတ္ထုတွေ ပန်းနံ့သာတွေ သယ်ဆောင်ပြီးတော့ ကဿပမြတ်စွာဘုရားထံ တရားနာဖို့ ထွက်လာကြတယ်။ အဲဒီ မိတ်ဆွေတွေက ဒီလယ်သမားကို သူတို့နဲ့အတူ တရားနာလိုက်ခဲ့ဖို့ အတင်းခေါ်ကြတယ်။ စီးပွားရေးသမား၊ ကြီးပွားရေးသမားဆိုတော့ ဒီလိုခေါ်တာကိုပဲ စိတ်ဆိုးဒေါသဖြစ်တယ်။ သူ့ကို



www.burmeseclassic.com

www.burmeseclassic.com



တရားနာခေါ်ခြင်းဟာ သူ့ကို တမင်သက်သက် အလုပ်ချိန်ပျက်အောင် လုပ်တယ်လို့ထင်နေတယ်နဲ့ တူပါတယ်။ ဒါနဲ့... သူက ခေါ်တဲ့သူတွေကို 'တရားလိုက်နာပေမယ့် မင်းတို့ဘုရားက ငါ့ကို မကယ်ဘူး၊ ငါ့လယ်ကို သူကူပြီး ထွန်မှာမဟုတ်ဘူး။ ငါ့လယ်ကို ငါသာထွန်ရမှာ၊ စီးပွားပျက်မယ့်တရားကို ငါ လိုက်မနာနိုင်ဘူး' လို့ပြောလွှတ်တယ်။ အဲဒီလို ကဿပဘုရားကို ဝစီကံနဲ့ ပြစ်မှားပြောဆိုလိုက်လို့ သေတဲ့အခါ ကျောက်ကမ်းပါးယံမှာ သံထွန်သွား၊ သံထွန်တုံး၊ သံကြိမ်လုံးနဲ့... နွားနှစ်ကောင်ကလည်း တကယ့်နွား မဟုတ်တဲ့ သူ့စိတ်ထင် နွားတွေနဲ့ လယ်ထွန်နေရတဲ့ ပြိတ္တာ ဖြစ်သွားတယ်တဲ့ဗျ။ အဲဒီ ပြိတ္တာဟာ ကျောက်ကမ်းပါးယံကြီးကို လယ်ထွန်နေတာဆိုတော့ တွေးကြည့်ပေါ့ဗျာ၊ ဘာမှ မစိုက်ရ မပျိုးရ၊ ဘာစားစရာမှလည်း မရ၊ အငတ်ငတ်အပြတ်ပြတ်နဲ့ ပါးစပ်ကလည်း တဟီးဟီးနဲ့ ထွန်ပြီးရင်း ထွန်ရင်း၊ ထွန်နေလိုက်ရတာ ဘယ်လောက်ကြာလဲဆိုတော့ ကျွန်တော်တို့ ဂေါတမဗုဒ္ဓဘုရားတောင် ပွင့်တဲ့အချိန်အထိတဲ့။ ကဿပမြတ်စွာဘုရားနဲ့ ဂေါတမဗုဒ္ဓဘုရားရှင်ရဲ့ကြားမှာ ဘယ်လောက် နှစ်ကာလတွေ ကြာမယ်ဆိုတာ... မှန်းကြည့်တော့ပေါ့ဗျာ။ မရေမတွက်နိုင်တဲ့ နှစ်တွေဖြစ်မှာပါ။

"တစ်နေ့မှာ... ဂေါတမမြတ်စွာဘုရားရဲ့ ရဟန်းတော်သုံးကျိပ်ဟာ ဂေါတမမြတ်စွာဘုရား... ဘုရားအဖြစ် ရောက်တော်မူရာ မဟာဗောဓိကို ဖူးမျှော်ချင်လို့ ခရီးထွက်အလာမှာ...





မျက်စိလည် လမ်းပျောက်ဖြစ်ပြီး သုံးလေးရက်လောက် ဆွမ်းမစားရဘဲ တဝဲလည်လည် ဖြစ်နေကြတယ်။ မကြာခင် ခုနပြောတဲ့ လယ်ထွန်နေတဲ့ ပြိတ္တာကြီးရဲ့ အနီးအပါးကို ရောက်လာတယ်။ ရဟန်းတွေကလည်း ပြိတ္တာလယ်သမားကို သာမန်လူတစ်ဦးပဲလို့ ထင်ပြီး 'လယ်ထွန်နေတဲ့ ဒါယကာ... ငါတို့ရဟန်းတွေ လမ်းမှားလို့ မသွားတတ် မလာတတ်ဖြစ်ပြီး ဆွမ်းငတ်နေတာ သုံးလေးရက်ရှိနေပြီ၊ အဲဒါ မဟာဗောဓိကို ဘယ်ကသွားရတယ်ဆိုတာ သိရင် လမ်းပြပါ'လို့ ပြောတယ်။ ဒီအခါမှာ လယ်သမား ပြိတ္တာက 'အရှင်ဘုရားတို့ လမ်းမှားကြတာက ကြာမှ မကြာသေးပဲ၊ တပည့်တော် လမ်းလွဲခဲ့တာကတော့ ကဿပဘုရား လက်ထက်ကတည်းကပါပဲ၊ အရှင်ဘုရားတို့... အရှင်ဘုရားတို့က လမ်းမှန်ကိုသိရင်လည်း တပည့်တော်ကို ပြတော်မူခဲ့ကြပါ'လို့ ပြန်ပြောတယ်တဲ့ဗျ...

"တကယ်တော့... ကျွန်တော်တို့အားလုံးဟာလည်း လမ်းလွဲပြီး သံသရာဝဲပါကြီးထဲမှာ... ဘဝ ဝဲပါကြီးထဲမှာ တဝဲဝဲလည် ဖြစ်နေကြတာပါဗျာ၊ လမ်းမှန်ကိုလျှောက်ပြီး ထွက်ပေါက်အမှန်ကို မတွေ့လို့ ဒီနေရာ ဒီနေရာတွေဆီပဲ ထပ်ထပ်ရောက်နေတာ၊ လူထပ်ဖြစ်လိုက် တိရစ္ဆာန်ထပ်ဖြစ်လိုက်၊ ပရလောကသားထပ်ဖြစ်လိုက်နဲ့ တဝဲဝဲလည်ကြီးပါဗျာ။ ကျွန်တော်တို့ဟာ ထွက်လမ်းပျောက်ခဲ့တဲ့သူတွေဗျ။ လမ်းချော်ခဲ့ကြတဲ့သူတွေဗျ။ လမ်းမှားနေဆဲ ရှိတဲ့လူတွေဗျ... ထွက်ပေါက်ကို မရောက်နိုင်တဲ့လူတွေပါဗျာ"ဟု သူကဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့စကားသံ၌ ဝမ်းနည်းသံများပင် ပါနေသည်ဟု ထင်ရသည်။ သူက သူ့စကားကို ခေတ္တရပ်နေပြီးမှ ဆက်၍–

"ကျွန်တော် တစ်ခုတွေးမိတယ်၊ ဘာလဲဆိုတော့ ဟောဒီပုဂံတစ်ဝိုက်က တရားအားထုတ်ရာ လိုဏ်ဂူတွေ၊ ပြီးတော့... စေတီပုထိုးတွေ၊ ကျောက်စာတိုင်တွေဟာ ဘဝဝဂ်ပါထဲက ထွက်ရပ်လမ်းကို ပြညွှန်နေတဲ့ အမှတ်အသားတွေလို့ ထင်တယ်။ ဒါပေမဲ့ ကျွန်တော် ထင်ပါတယ် ခင်ဗျားတို့ဟာ လမ်းမှန်ကို ပြညွှန်ထားတာတွေ ရှိပေမဲ့ အဲဒီလမ်းကို မလျှောက်ချင်ကြတဲ့သူတွေပါ၊ မလျှောက်ချင်ကြသေးတဲ့ သူတွေပါဗျာ"ဟုဆိုကာ သူက ကျွန်တော်တို့၏ မျက်နှာများကို လိုက်၍ကြည့်နေပါသည်။ သူ့အကြည့်က မာကျောနေသည်ကို မြင်ယောင်လျက်ပင် ရှိပါသည်။

ကျွန်တော်တို့က အရိုက်ခံရသော ကျောင်းသားငယ်များပမာ ဆိတ်ငြိမ်နေခဲ့ကြသည်။ ညဉ့်နက်သည်ထက် နက်လာပြီဖြစ်၍ စကားဝိုင်းကို သိမ်းကြပါသည်။ ထို့နောက် ကျွန်တော်တို့ထံလာ၍ စကားဝိုင်းဖွဲ့သူ ဦးဝိုင်းအား သူနေထိုင်ရာ ပုဂံပြတိုက်ဝင်းအတွင်းရှိ နေအိမ်သို့ လိုက်၍ပို့ကြပါသည်။

အပြန်လမ်းတစ်လျှောက် ကျွန်တော်တို့က ဆိတ်ငြိမ်စွာဖြင့် လှမ်းလျှောက်နေကြသည်။ လျှောက်လှမ်းနေသော ကျွန်တော်၏ ခြေလှမ်းများသည် တဝဲဝဲလည် လမ်းကြောင်းကြီးကိုပင် လျှောက်ဦးမည့် ခြေလှမ်းများ ဖြစ်နေလေမည်လားဟု ကျွန်တော်က ကြောင့်ကြမှုတွေ ဖြစ်လာပါသည်။ ထွက်လမ်းကို ညွှန်ပြနေသော အမှတ်





အသားဆိုသည်များကို မြင်လေမည်လားဟု ဟိုသည် ကျွန်တော်က လှမ်း၍ကြည့်သည်။

ပါးလွှာလွန်းသည့် လရောင်အောက်၌ ထီးထီးမတ်မတ်ရှိနေသည့် "ကန်တော့ပလ္လင်"ကို မြင်တွေ့ရသည်ကိုတော့ အမှတ်ရနေပါသည်။

ဘဒ္ဒန္တပါမောက္ခ
မကွေးပရိယတ္တိစာသင်တိုက်
မေဓာရှင်စာကြည့်တိုက်
(၁)ရပ်ကွက်/ဒုံအရှေ့



www.burmeseclassic.com

www.burmeseclassic.com

# ဖိနပ်



## ဖိနပ်

မင်္ဂလာစေတီတော်၏ ပစ္စယာသုံးဆင့်နှင့် စေတီအခြေ ပတ်လည်တွင်ရှိသော ပုဂံခေတ် စဉ့်သုတ်ရုပ်ချပ်များကို ကျွန်တော်၏ မိတ်ဆွေများက စိတ်ဝင်စားစွာဖြင့် လေ့လာနေကြသည်။ ရုပ်ချပ်များမှာ ၅၅၀ ဇာတ်နိပါတ်မှ ဇာတ်ကွက်များကို သရုပ်ဖော်ထားသော ရုပ်ချပ်များဖြစ်သည်။ ဇာတ်ကွက်ကို ဖော်ပြရာ၌ ရသမြောက်အောင် မည်ကဲ့သို့ ဖွဲ့စည်းမှုပြုထားပုံ၊ ဇာတ်ကွက်ရွေးရာ၌ ကျွမ်းကျင်စွာ ရွေးတတ်ပုံတို့အကြောင်းကို သုတေသနအရာရှိ ဦးဝိုင်းက ရှင်းပြနေသည်။

စေတီကြီးသည် အုတ်ခုံပေါ်တွင် တည်ထားသကဲ့သို့ရှိ၍ ထိုအုတ်ခုံ၏ မျက်နှာစာတွင် အကွက်များ၊ အချိုင့်များ ပြုလုပ်လျက် စဉ့်သုတ်ရုပ်ချပ်များ ကပ်ထားခဲ့ဟန်ရှိသည်။ ယခုအခါ၌ ရုပ်ချပ်အနည်းငယ်သာ ကျန်တော့သည်။ ဦးဝိုင်းက... ထိုရုပ်ချပ်၌ပါသော အကြောင်းအရာများမှာ ဇာတ်ရုပ်ချပ်များမှာကဲ့သို့ မထုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



နဂါး၊ ဂဠုန်၊ ဘီလူး၊ နတ် စသည်တို့၏ ရုပ်ပုံများသာဖြစ်ကြောင်း၊ စေတီကြီးမှ ရုပ်ချပ်များစွာသည် ပျောက်ဆုံးခဲ့ရာ ယခုအခါ မည်သည့်အရပ်တွင် ရှိနေနိုင်ကြောင်းများကိုလည်း ပြောပြနေသည်။ ဦးဝိုင်း ပြောပြနေသည်ကို နားထောင်နေရာမှ… နွမ်းနယ်ပင်ပန်းစွာဖြင့် ကျွန်တော် လျှောက်ဝင်လာခဲ့သော လမ်းကို ပြန်၍ငေးကြည့်သည်။ ငေးကြည့်ရင်းက ဖိနပ်အကြောင်းကို တွေးမိနေသည်။

၁၂၇၁ ခုနှစ်လောက်က ဤမင်္ဂလာစေတီကြီးကို တည်ထားကိုးကွယ်သော နရသီဟပတေ့မင်းထံသို့ ကူဗလိုင်ခန်က (ယူနန်မှတစ်ဆင့် ပုဂံသို့) သံများစေလွှတ်၍ အနော်ရထာမင်းလက်ထက်ကကဲ့သို့ ရွှေပန်းခိုင် ငွေပန်းခိုင်စသည့် လက်ဆောင်ပစ္စည်းများ ဆက်သရန် ပြောလာသည်။ နရသီဟပတေ့မင်းက အတွေ့မခံသောကြောင့် သံအဖွဲ့ ပြန်သွားကြရသည်။

၁၂၇၃ ခုနှစ်တွင် တစ်ဖန် ကူဗလိုင်ခန်က သံအဖွဲ့တစ်ဖွဲ့ကို နရသီဟပတေ့ထံ စေလွှတ်ပြန်သည်။ သံတို့က ဖိနပ်မချွတ်ဘဲ နန်းတော်တွင်းသို့ ဝင်ကြသည်။ ဤသို့ ဖိနပ်မချွတ်ဘဲ ဝင်သည်ကို နရသီဟပတေ့က အမျက်ထွက်ပြီး သံအားလုံးကို ကွပ်မျက်ပစ်သည် ဟု ဆိုသည်။

နရသီဟပတေ့မင်း လက်ထက်က ဖိနပ်အကြောင်းမှ သာယာဝတီမင်း၏သား ပုဂံမင်းလက်ထက်က အင်္ဂလိပ်မြန်မာ ဆက်ဆံရေး၌ တစ်စွန်းတစ်စပါနေသော ဖိနပ်အကြောင်းသို့ စိတ်ကရောက်သွားသည်။ ထိုပုဂံမင်းလက်ထက်တွင် မြန်မာနှင့် အင်္ဂလိပ် ဆက်ဆံ





ရေးသည် တင်းမာလာခဲ့သည်။ ရန်ကုန်မြို့နေ ဟံသာဝတီဝန်ကြီး ဦးအုပ်က အင်္ဂလိပ်သင်္ဘောကက်ပတိန်များ ဖြစ်ကြသော လူးဝစ်စ် Lewis နှင့် ရှက်ပဒ် Shepherd တို့ကို ဒဏ်ငွေရိုက်ခြင်းနှင့် ပတ်သက်၍ အင်္ဂလိပ်ဘက်က မကျေမနပ်ဖြစ်နေသည်။ ရန်ကုန်ရှိ အင်္ဂလိပ်ကုန်သည်များကို မြန်မာတို့က ညှဉ်းပန်းနှိပ်စက်သည်ဟုလည်း စွပ်စွဲကြသည်။ ထို့ကြောင့် အင်္ဂလိပ်တို့ နစ်နာရသောအချက်များကို ကျေနပ်အောင် ဆောင်ရွက်၍ လျော်ကြေးငွေ(၉၀၀၀) ပေးရမည်ဖြစ်ကြောင်း အင်္ဂလိပ်ဘုရင်ခံချုပ်က ကိုမိုဒိုလမ်းဘတ် Commodore Lambert ကို စစ်သင်္ဘော ၆ စင်းနှင့် ရန်ကုန်သို့ စေလွှတ်တောင်းဆိုသည်။ မြန်မာအစိုးရက ဦးအုပ်ကိုပြန်ခေါ်၍ ၎င်း၏ နေရာ၌ ရွှေတောင်မြို့ဝန် ဦးမှုံကို ခန့်ထားပြီး အင်္ဂလိပ်တို့ တောင်းဆိုချက်ကို ကျေနပ်အောင် ဆောင်ရွက်ရန် ညွှန်ကြားထားသည်ဟုဆိုသည်။

ကိုမိုဒိုလမ်းဘတ်က ၎င်း၏ အောက်ခံဗိုလ်ငယ်တစ်ဦးနှင့် အမေရိကန်ဆရာ မစ္စတာကင်းကိတ် Mr.Kincaid တို့ကို မြို့ဝန်ထံ စေလွှတ်သည်။ စေလွှတ်လိုက်သူတို့သည် မြို့ဝန်မင်း၏ ဝင်းအတွင်းသို့ မြင်းပေါ်က မဆင်း၊ ဖိနပ်မချွတ်ဘဲ ဝင်သည်ကို မြန်မာတို့က တားမြစ်ကြသည်။ ထိုသို့တားမြစ်သည်ကို မကျေမနပ်ဖြစ်ပြီး ပြန်သွားသူများ… ထို့နောက် ဖြစ်လာသော အင်္ဂလိပ်မြန်မာဒုတိယစစ်ပွဲ အခြေအနေများကို မြင်ယောင်ကြည့်ရင်း…



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်က မင်္ဂလာစေတီကြီး၏ အရှေ့မြောက်ထောင့်ဘက်ရှိ အုတ်ကျောင်းကြီးရှိရာသို့ လျှောက်လာခဲ့သည်။

အုတ်ကျောင်းကြီးကို ကြည့်နေရင်းက... ကျောင်းမြေပေါ်တွင် ဖိနပ်စီးသောကြောင့် ခြေတို့ကို ဓားခွဲခံရသည်ဟုဆိုသော ဗိမ္ဗိသာရမင်း၏အဖြစ်ကို မြင်ယောင်လာသည်။ ပဲခူးရွှေမော်ဓော စေတီပေါ်သို့ ဖိနပ်မချွတ်ဘဲတက်သည်ဆိုသော နိုင်ငံခြားသား အကြောင်း... ၁၉၁၇ ခုနှစ်က နိုင်ငံခြားသားများ ဖိနပ်စီး၍ ဘုရားစေတီတော်တို့အပေါ်တက်ခြင်းကို ဝိုင်အမ်ဘီအေအသင်းကြီးက ကန့်ကွက်ခဲ့ခြင်းအကြောင်း... တို့ကိုလည်း သတိရလာသည်။

သတိရလာခြင်းတို့က ထိုမျှနှင့် မရပ်သေးဘဲ နတ်သမီးပုံပြင်ထဲက စင်ဒရဲလား ကျွတ်ကျကျန်ရစ်ခဲ့သည့် ဖိနပ်၊ Maria Edgeworth ၏ The Purple Jar ဝတ္ထုတိုထဲက ခုနစ်နှစ်သမီးအရွယ် ကလေးမလေးကို အတုနှင့်အစစ်၊ အကျိုးရှိနှင့် အကျိုးမဲ့ကို ခွဲခြား သိတတ်အောင် ပညာပေးလိုက်သော ဖိနပ်ဟောင်းကလေး၊ စုံထောက်ဦးစံရှား စုံစမ်းနေသော ဘောင်ဒရီလမ်းက လူသတ်မှုမှ လူသတ်သမားစီးသော ဖိနပ်... ထို့နောက် ဂါလီဗာခရီးစဉ်ထဲက ဖိနပ်ပြဿနာအကြောင်း စိတ်ကရောက်သွားပြန်သည်။ ဂါလီဗာ ရောက်သွားသော ပုလုကွေးလေး လက်မလောက်သေးသေး လူကလေးတွေ နေထိုင်ရာ တိုင်းပြည်၏ ပါလီမန်၌ ပြဿနာတစ်ရပ်ကို အကြီးအကျယ် ဆွေးနွေးနေကြသည်။ ပြဿနာမှာ အခြားမဟုတ်။ ခုံမြင့်ဖိနပ်ကိုစီးသော မင်းသားနှင့် ခုံနိမ့်ဖိနပ်ကို စီးသော





မင်းသားနှစ်ပါးအနက် ခုံမြင့်စီးကိုပင် နန်းမွေပေးမည်လား၊ ခုံနိမ့်စီးကိုပင် နန်းမွေပေးမည်လားဟူသော ပြဿနာပင်ဖြစ်လေသည်။ အရေးမကြီးသည်ကို အကြီးအကျယ်လုပ်၍ ဆွေးနွေးတတ်သော ဗြိတိသျှပါလီမန်ကို သရော်သည့်အနေဖြင့် ဂျိုနသန်ဆွစ်ဖ်က... သူဖန်ဆင်းသော ဂါလီဗာခရီးစဉ်တွင် ထည့်သွင်းဖော်ပြပုံကို တွေးကြည့်နေရင်းက "ဖိနပ်ကို ပြန့်လဲမလား၊ ဖနောင့်ကို လှီးမလား" ဟူသော စကားထဲက ဖိနပ်ကို မြင်ယောင်လာပြန်သည်။

ရောက်လာသော ဖိနပ်ကို စီးကြည့်သောအခါ စီးသူနှင့် ဖိနပ်က မတန်ဘဲဖြစ်နေသည်။ စီးသူ၏ ခြေဖနောင့်က ဖိနပ်အပြင်ဘက်ထွက်နေသည်။ သို့ဖြစ်နေလျှင်...ဖိနပ်ကိုလဲမလား၊ ပိုထွက်နေသည့် ဖနောင့်ကို လှီးပစ်မလား။ ဝါဒတစ်ရပ်၊ သဘောထားတစ်ရပ်၊ အယူအဆတစ်ရပ်သည် လူအများနှင့် မကိုက်ညီဖြစ်နေသည်ဆိုပါမျိုး ထိုအခါ ထိုဝါဒ၊ ထိုသဘောတရား၊ ထိုအယူအဆကို ပြောင်းလဲမည်လား၊ သို့မဟုတ် မကိုက်မညီဖြစ်နေသူများကို လှီးဖြတ်ဖယ်ရှားပစ်မည်လား၊ ဖိနပ်အတွင်းသို့ များများဝင်နေသောခြေကို ထောက်ထား၍ နည်းနည်းပိုထွက်နေသော ဖနောင့်သားကို လှီးသင့်သည်ဟု ဆိုမလား၊ ထိုသို့ဆိုပါက ထိုဝါဒ ထိုသဘောတရားအတွင်း၌ များများဝင်နေသူများကို ထောက်ထား၍ မဝင်သောအချို့သူများကို လှီးဖြတ်ဖယ်ရှားသင့်သည်ဟု ဆိုရတော့မှာလား... ဟူသော ပြဿနာတို့ကိုတွေးရင်း တစ်ချိန်က ကွန်မြူနစ်ဝါဒနှင့် [?]ခင် ခွင်မကျသူများကို လှီးဖြတ်ဖယ်ရှားပစ်သည့် သဘောဖြင့်



www.burmeseclassic.com

www.burmeseclassic.com



ဆိုက်ဘေးရီးယားသို့ အပို့ခံရသူများ အကြောင်းကိုလည်း သတိရလာသည်။ ဖယ်ရှားသင့် ဖယ်ရှားထိုက်၍ အချို့သောသူများကို ဖယ်ရှားရခြင်း၌ အကယ်၍ စေတနာဆိုး မပါဘဲ ဖယ်ရှားသင့်၍ ဖယ်ရှားရခြင်းသာဖြစ်သည်ဟုဆိုလျှင် ထိုအပြုအမူသည် အကုသိုလ်မှုကင်းသော အပြုအမူဟု ဆိုနိုင်သလား... တွေးရင်း တွေးရင်းနှင့် အမိုးအကာမရှိဘဲ ပူပြင်းသော သဲပြင်ပေါ်၌ ထိုင်နေသည့် ဘုရားဆင်းတုတော်နှင့် ဖိနပ်အကြောင်းကို သတိရပြန်ပါသည်။

ပူလောင်သော အရိပ်မဲ့သော ကန္တာရခရီးတစ်ခုကို သွားနေသော ခရီးသည်တစ်ဦးသည် နေပူအောက် သဲပြင်ပေါ်တွင် ဘုရားဆင်းတုတော်တစ်ဆူကို တွေ့ရသည်။ "ဩော်... ဆင်းတုတော် ပူလောင်ရှာရှာမည်"ဟု တွေးကာ သူစီးလာသော ဖိနပ်ကို ချွတ်၍ ဆင်းတုတော်၏ ဦးခေါင်းပေါ်တင်၍ မိုးပေးသည်။ သူကိုယ်တိုင်ကတော့ ဖိနပ်မပါဘဲ သဲပူနေပူတွင် အပူအလောင်ခံ၍ ခရီးဆက်ထွက်သွားသည်။

မကြာမီ... ခရီးသွားတစ်ဦး ရောက်လာ၍ ဆင်းတုတော်၏ ဦးခေါင်းပေါ်၌ ရှိနေသော ဖိနပ်ကိုမြင်သည်။ "ဩော်... ဘုရားခေါင်းပေါ်မှာ ဖိနပ်တင်လို့ပါလား၊ အမြင်မတော်လိုက်လေတယ်" ဟု တွေးပြီး ဖိနပ်ကို ဖယ်ရှားသွားသည်။ ထိုခရီးသည် ၂ ဦး ကွယ်လွန်သည့်အခါ ဖိနပ်တင်၊ ဖိနပ်ဖယ် လုပ်ခဲ့သော ကောင်းမှုကြောင့် ၂ ဦးလုံး ကောင်းရာသုဂတိသို့ ရောက်ကြသည်ဟုဆိုသည်။ ဤတွင် ခရီးသည် ၂ ဦးတို့၏ လုပ်ရပ်များ မတူကြသော်လည်း





စေတနာကောင်း ထားပုံချင်းကတော့ တူကြသည်။ သဒ္ဓါတရား ထားပုံချင်း တူကြသည်။ ထို့ကြောင့် အကျိုးပေး ကောင်းကြခြင်း ဖြစ်မည်။ သို့ရာတွင် ခရီးသွား ၂ ဦး ဆက်ဆံခဲ့ရခြင်းသည် သက်မဲ့ဖြစ်သော ဆင်းတုတော်နှင့် ဆက်ဆံရခြင်းဖြစ်၍ ပြဿနာ မရှိလှ။ စေတနာကောင်းထားဖို့လည်း လွယ်ကူသည်ဟု ဆိုချင်က ဆိုနိုင်သေးသည်။ သို့ရာတွင် စိတ်နေသဘောထား အမျိုးမျိုး၊ ဆန္ဒအမျိုးမျိုး၊ လိုအင်အမျိုးမျိုး၊ မကျေနပ်နိုင်မှု အမျိုးမျိုးရှိနေသော သက်ရှိလူအများနှင့် ဆက်ဆံရသည့်အခါမျိုး၌ တုံ့ပြန်ချက် အမျိုးမျိုးနှင့် ပြဿနာတွေ အမျိုးမျိုး ဖြစ်လာနိုင်သည်။ ထိုအခါ စေတနာ သဒ္ဓါတရားတွေ ထားနိုင်ဖို့မလွယ်၊ ဖိနပ်တင်ခြင်း ချခြင်းအလုပ်မျိုး နည်းမျိုးမျှလောက်ဖြင့်လည်း ကိစ္စပြီးမြောက်နိုင်မည်မဟုတ်။ ဩော်... လူမှုရေးရာတို့ကား ရှုပ်ထွေးပေစွ၊ လူမှုပြဿနာတို့ကို ဖြေရှင်းဖို့ရန် မလွယ်ကူလှချေတကား...။

တွေးရင်းတောရင်း ကျွန်တော်က မင်္ဂလာစေတီကြီးရှိရာသို့ ပြန်လျှောက်လာသည်။ တစ်နေ့လုံး သွားလာလှုပ်လာခဲ့သည့် ခရီးက များခဲ့ပြီဖြစ်၍ ခန္ဓာကိုယ်က ပင်ပန်းနွမ်းနယ်နေသည်။ လေးကန်စွာ လှမ်းနေရင်း... ဆရာတော်ကြီးတစ်ပါး ရွတ်ဆိုသည့် 'ပေါရာဏရစ [illegible]သာ'ကို ကြားယောင်လာသည်။

"ဟယ်... အတ္တဘောဆိုတဲ့ ခန္ဓာကိုယ်...

ငါသည် သင်၏ အနိုင်အစေခံ ကျေးကျွန်လည်းမဟုတ်။

ငါသည် သင်၏ အခယူစား သူရင်းငှားလည်းမဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



ပြုကျိုးမထင်၊ ပြင်ကျိုးမရှိ၊ ခံမချည့်သည့် သင်၏ (အနိစ္စ၊ ဒုက္ခ၊ အနတ္တ) သဘော၊ ပေါလောသီရာ ယခုအခါ၌... ငါသည် သင်ခန္ဓာကိုယ်ကို မပြုစု၊ မလုပ်ကျွေး၊ မမွေးမြူ တော့အံ့။

ငါသည် သင်ခန္ဓာကိုယ်နှပ်၊ အကောင်ပုပ်ကို လုပ်ကျွေးမှု ယုယပြုရသည်ဖြစ်၍ အစမထင် သံသရာပြင်၌ ကာလအချိန် အခါ ကြာမြင့်လှစွာ ကျင်လည်ခဲ့ရလေပြီ...”

ဟုတ်ပါလေသည်။ ဤခန္ဓာကိုယ်အလိုကျ လှုပ်ရှားလုပ်ကိုင်ခဲ့ရခြင်းတွေ၊ ခန္ဓာကိုယ်အလိုကျ လိုက်လျောခဲ့ရခြင်းတွေ၊ ဤခန္ဓာကိုယ်အလိုကျ ယုယခဲ့၊ စောင့်ရှောက်ခဲ့၊ ကျွေးမွေးခဲ့ရခြင်းတွေ... ဤခန္ဓာကိုယ်အတွက် ကြောင့်ကြ၊ တောင့်တ စိုးရိမ်ပူပန်ခဲ့ရခြင်းတွေ... များလွန်းလှပြီ။ ဤခန္ဓာကိုယ်က လူသတ္တဝါကို သူသွားလိုရာသွားဖို့ ဖိနပ်သဖွယ် စီးခဲ့ခြင်းတွေ များလွန်းလှပြီ၊ အကယ်၍ ‘သံသရာ’ဆိုသည် ရှိသည်ဆိုလျှင် ထိုသံသရာ၌ “ဤမွေ ဤမျှ၊ ဂဏန်းချ၍၊ မရပိုင်းခြား၊ အတိုင်းမသိများသော ဘဝမျိုးရ ဖြင့် မည်မျှ ကျွန်တော့်ကိုလည်း ဖိနပ်သဖွယ်စီး၍ သွားခဲ့လေ သနည်း။ ညစ်ညူးဖွယ် လူမှုပြဿနာ အရှုပ်အထွေးတို့အတွင်းသို့ ကျွန်တော့်အား အကြိမ်မည်မျှ တိုးဝင်စေခဲ့လေသနည်း။ သူတော် စင်တို့ကတော့ သူတို့ ခန္ဓာကိုယ်များကို ဖိနပ်သဖွယ် ပြန်၍အသုံး ချကာ သံသရာထဲမှ အပြီးတိုင် ထွက်မြောက်သွားခဲ့ကြပြီ။ ကျွန်တော် ကတော့ ယခုထိ ခန္ဓာကိုယ်ကို ဖိနပ်သဖွယ် မစီးနိုင်သေး





တကား...” ဤအတွေး ဤအတွေးများဖြင့် ကျွန်တော်က မင်္ဂလာ ဆောက်ကြီးကို ထားချန်၍ ထွက်လာခဲ့သည်။

ကျွန်တော် ချွတ်ထားသော ဖိနပ်ရှိရာသို့ ရောက်လာသည်။ အခြားအခြားသော ဖိနပ်များမရှိခြင်းကို ထောက်၍ မိတ်ဆွေတို့ ထွက်ခွာသွားနှင့်ပြီဟု သိနိုင်သည်။

နေ့အတန်စောင်းသွားပြီးဖြစ်သော်လည်း... ပြေးတွေ့လာသော လေကလည်း ပူနွေးဆဲ... မြေပြင်ကလည်း ပူလောင်ဆဲရှိ၍...ဖိနပ် တော့ စီးရဦးမည်။ စီးရပေဦးမည်။

ဝင်လာခဲ့သော လမ်းအတိုင်း ကျွန်တော်က ပြန်၍ထွက်လာ ခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



# မွတ်သိပ်ခြင်း

## မွတ်သိပ်ခြင်း

လောကနန္ဒာစေတီမှ ဆင်းလာရင်း တစ်ချိန်တုန်းဆီက လောကနန္ဒာဆိပ်ကမ်း၌ စည်ကားခဲ့ပုံများကို မြင်ယောင်ကြည့်သည်။ ယဉ်ကျေးမှုမျိုးစုံ၊ လူမျိုးပေါင်းစုံကို ဤဆိပ်ကမ်းသို့ အရောက်ပို့ပေးရာ၌ အရေးပါခဲ့သော အတိတ်ဆီက ဧရာဝတီကိုလည်း မြင်ယောင်ကြည့်သည်။

ယခုအခါ၌ ဆိတ်ငြိမ်ခြင်း ကြီးစိုးနေသော လောကနန္ဒာဆိပ်ကမ်းနှင့် ဝန်းကျင်မှ အပြောင်းအလဲများကို ဂရုစိုက်ပုံမပေါ်ဘဲ တသွင်သွင် စီးဆင်းနေဆဲရှိသည့် ဧရာဝတီအကြောင်းတွေးရင်း… [illegible]လိပ်ဘုရားနှစ်ဆူရှိရာသို့ ဦးတည်၍ လျှောက်လာခဲ့သည်။ အတွေးများက မရပ်၊ ပင်လယ်ကို ဖြတ်သန်းနေကြပြန်သည်။

“ပင်လယ်” ဆိုတော့ ရေတွေများလိမ့်မည်။ များပါလိမ့်မည်။ ပင်လယ်ရေသည်လည်း ရေပင်ဖြစ်သည်တော့ မှန်ပါ၏။ သို့ရာတွင် ပင်လယ်ရေသည် ရေငတ်သူ၊ ရေတောင့်တသူအား ငတ်မွတ်ခြင်း၊



www.burmeseclassic.com

www.burmeseclassic.com



တောင့်တခြင်း ပြေပျောက်အောင် ဖြေဖျောက်ပေးနိုင်သော ရေမျိုးတော့မဟုတ်။ မွတ်သိပ်မှုပြေ၍ နှစ်သိမ့်ခြင်း၊ မွေ့လျော်ခြင်းကို ပေးနိုင်သော ရေမျိုးတော့မဟုတ်။ ချောင်းဘေးက ဘာမှုမကြီးကျယ် မခမ်းနားသည့် လက်ယက်သဲတွင်းထဲက ရေကြည်ရေသန့်ကလေးက ရေတောင့်တသူကို တောင့်တမှုပြေစေသော၊ ရေမွတ်သိပ်မှုကို မွတ်သိပ်မှုပြေစေသော ရေမျိုးဖြစ်သည်။ နှစ်သိမ့်ရွှင်လန်းစေသော ရေမျိုးဖြစ်သည်။ ကျောက်တောင်ဘေး ချုံနွယ်တို့ကြား၌ တစ်ပေါက်ပြီးမှ တစ်ပေါက် ကျနေသော စမ်းရေစက်ငယ်က ရေငတ်ပြေစေခဲ့ဖူးသည်။ လူကို နှစ်သိမ့်ရွှင်လန်းစေခဲ့ဖူးသည်ကို သတိရပါ၏။

ဟုတ်ပါလိမ့်မည်။ ယနေ့ ကမ္ဘာကြီး၌ လူတွေများသည်ထက် များလာသည်။ ပင်လယ်ရေတွေ များသလို လူတွေလည်း များလွန်းလှသည်။ လူပင်လယ်ကြီး၌ ဆက်ဆံရသော လူတွေလည်း များလွန်းပါသည်။ အောင်မြင်သူ၊ ကျော်ကြားသူ၊ အလှအပ ချမ်းသာသူ၊ ဥစ္စာဓန ပြည့်စုံကြွယ်ဝလွန်းသူ၊ ရာထူးဌာနန္တရ ဩဇာတိက္ကမကြီးကျယ်သူတို့ ဝန်းကျင်၌ မိတ်ဆွေအပေါင်းအသင်း အခြွေအရံဆိုသူများ...၊ ချစ်သူခင်သူ မြတ်နိုးသူဟု ဆိုသူများ...၊ ကျေးဇူးသိတတ်သူများ မိမိကောင်းကျိုးကို လိုလားသူများ... ဟု ဆိုသူများ၊ ပင်လယ်ရေလို အများကြီး ရှိကြလိမ့်မည်။ ရှိနေကြပါလိမ့်မည်။ ထိုသူ ထိုသူများသည်လည်း "လူ"ဆိုသော သူများပင် ဖြစ်ကြသည်ဟု ဆိုနိုင်ပါ၏။





ပင်လယ်ရေသည် ရေပင်ဖြစ်သော်လည်း ရေငတ်သောသူကို ရေငတ်ပြေစေသောရေ၊ နှစ်သက်ရွှင်လန်းစေသောရေ မဟုတ်နိုင်သကဲ့သို့... ထိုလူ ထိုလူများသည် လူများပင်ဖြစ်သော်လည်း...

ဆွေး ရင်းတောရင်း အနောက်ဘက်လိပ်ဘုရားသို့ ရောက်လာသည်။ အနောက်ဘက်လိပ်တွင် ငါးရာငါးဆယ် ဇာတ်တော်များမှ ဇာတ်ကွက်များကို သရုပ်ဖော်ထားသော ရုပ်ချပ်များရှိသည်။ စဥ့်သုတ်ထားခြင်းမရှိသော မြေသားမီးဖုတ် ရုပ်ချပ်များဖြစ်သောကြောင့် ဇာတ်သရုပ်ဖော်ချက်များက ပို၍ ပြတ်သားကောင်းမွန်နေသည် ထင်ပါသည်။ ဇာတ်သရုပ်ဖော်ပုံများက အနုပညာလက်ရာ မြောက်လှသည်။

ကိုယ့်အတွေး ကိုယ့်ခံစားချက်နှင့် ကေသဝဇာတ်ကို လှည့်လည်ပြီး ရှာသည်။ ရှာလို့က မတွေ့နိုင်...။

မှတ်မိသလောက် ကေသဝဇာတ်က ဤသို့ဖြစ်သည်။ ဟိမဝန္တာတော၌ ကေသဝဟု အမည်ရသော ရသေ့က တပည့်ငါးရာနှင့်နေသည်။ ကပ္ပမည်သော လုလင်သည် တက္ကသိုလ်ပြည်၌ တတ်အပ်သော အတတ်တို့ကို သင်ယူပြီးနောက် ရသေ့ပြု၍ ကေသဝရသေ့ထံသို့ သွားသည်။ ကေသဝရသေ့နှင့် ကပ္ပရသေ့တို့သည် တစ်ဦးကိုတစ်ဦး နားလည်လေးစားသည်။ တစ်ဦးက တစ်ဦးကို မြတ်နိုးသည်။ တစ်ဦးအကျိုးကို တစ်ဦးက လိုလားသည်။

တစ်ခုသောကာလ၌ ချဉ်ဆား မှီဝဲအံ့သောငှာ ကေသဝနှင့် ကပ္ပတို့သည် တပည့်များနှင့်အတူ ဗာရာဏသီသို့ သွားကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ေရာက်၍... ေနာက်ေန့၌ ဆွမ်းအတွက် မြို့တွင်းသို့ဝင်သည်။ ဘုရင်မင်းမြတ်က ရေသ့တို့ကို မြင်ေတွ့ေသာအခါ ကြည်ညိုေသာေကြာင့် ဥယျာဉ်၌ေနေစေကာ မိုးကာလ ကုန်သည်အထိ ပြုစုလုပ်ေကျွးသည်။

မိုးကာလလွန်ေသာအခါ ရေသ့တို့က ဟိမဝန္တာသို့ ပြန်မည့်အေကြာင်း မင်းကို အသိေပးကြသည်။ မင်းက ေကသဝရေသ့အား အသက်အရွယ် ကြီးရင့်ပြီဖြစ်၍ မင်းဥယျာဉ်၌ေနခဲ့ရန် ပန်ကြားသည်။ သို့နှင့် ေကသဝရေသ့က မင်းဥယျာဉ်တွင် ေနခဲ့ရ၍ ကပ္ပနှင့်တပည့်တို့က ဟိမဝန္တာသို့ ပြန်သွားကြသည်။

ေကသဝရေသ့သည် မိမိနှင့် ရင်းနှီးကျွမ်းဝင်ေသာ ကပ္ပရေသ့နှင့် ကင်းကွာ၍ ေနရေသာေကြာင့် ေကာင်းစွာမအိပ်နိုင်ဖြစ်သည်။ ထိုအခါ စားေသာ အစားအစာတို့က ေကာင်းစွာမေကျညက်ဖြစ်သည်၊ ကြာေသာ် ေသွးဝမ်းသွန်ေသာ ေရာဂါဖြစ်လာသည်။ မင်းက သမားေတာ်ငါးဦးဖြင့် ကုသေပးသည်။ သို့ေသာ် ေရာဂါက မေပျာက်။ ထိုအခါ ေကသဝရေသ့က မိမိအား ကပ္ပရေသ့ထံသို့ ပို့ေပးပါက မိမိေရာဂါ ေပျာက်မည်ဖြစ်ေကြာင်း မင်းကိုေပြာသည်။ သို့နှင့် ေကသဝရေသ့ကို ဟိမဝန္တာရှိ ကပ္ပရေသ့ထံပို့ရန် မင်းက အမတ်တစ်ဦးအား ေစခိုင်းသည်။ အမတ်က ေကသဝရေသ့အား အေစာင့်အေရှာက်များဖြင့် ဟိမဝန္တာသို့ ပြန်ပို့သည်။

ေကသဝရေသ့သည် ဟိမဝန္တာသို့ ပြန်ေရာက်၍ ကပ္ပရေသ့ကို မြင်ေတွ့ရလျှင်ပင် စိတ်၌ဖြစ်ေသာ ေရာဂါတို့သည် ေပျာက်ကင်း





သွားကြသည်။ ငြိုးငွေ့ညစ်ညူးခြင်းတို့ လွင့်ေပျာက်သွားကြသည်။ ကပ္ပရေသ့က ဆားမပါေသာေရေဖြင့်သာ ပြုတ်ထားေသာ သစ်ရွက်နှင့် မြက်သီးဆန်ယာဂုကို ေကသဝရေသ့အား ေကျွးသည်။ မကြာမီပင် ေကသဝရေသ့၏ ဝမ်းေသွးသွန်ေသာေရာဂါသည် ေပျာက်ကင်းသွားေလသည်။

ဟိမဝန္တာသို့ ေရာက်ေသာအခါ၌ ေကသဝရေသ့၏ ေရာဂါတို့မကြာချက်ချင်း ေပျာက်ကင်းသွားေကြာင်းကို လိုက်ပို့ခဲ့ေသာ အမတ်မှတစ်ဆင့် ဘုရင်မင်းမြတ်က ကြားသိရေသာအခါ အံ့သြခြင်းဖြစ်သည်။ ေကသဝရေသ့ ေရာဂါေပျာက်ခြင်း၏ အေကြာင်းကို သိရန်အတွက် မင်းက အမတ်အား ေကသဝရေသ့ရှိရာသို့ တဖန်ပြန်လွှတ်၍ စုံစမ်းခိုင်းသည်။

အမတ်သည် ပြန်သွား၍ ေရာဂါေပျာက်ကင်း ချမ်းသာလျက်ရှိေသာ ေကသဝရေသ့ကို ေတွ့ရေသာအခါ ဗာရာဏသီမင်းက ငါးဦးေသာ သမားေတာ်ကြီးများဖြင့် ကုသပါလျက် မေပျာက်ေသာ ေရာဂါသည် အဘယ်ကဲ့သို့ ေပျာက်ကင်းသွားေကြာင်း စုံစမ်းသည်။ အမတ်က ေကသဝရေသ့အား...

"ဘုန်းကြီးေသာ အရှင် ေကသဝရေသ့သည် အလုံးစုံေသာ လိုလားသမျှေသာ အရာတို့ကို ေပးနိုင်စွမ်းေသာ ဘုရင်မင်းမြတ်ကို ထားချန်ခဲ့၍ ဤကပ္ပရေသ့၏ ေကျာင်းသခ်မ်း၌ အဘယ်ေကြာင့် ေမွ့ေလျော်ပါသနည်း" ဟု ေမးသည်။



www.burmeseclassic.com

www.burmeseclassic.com



ကောသဝရသေ့က "အမတ်... ကပ္ပရသေ့၏ ကျောင်းသင်ခန်းသည် ငါ့စိတ်နှလုံးကို မွေ့လျော်စေပါသည်။ နှစ်လိုဖွယ်ရှိသော သစ်ပင်တန်းတို့ကလည်း ငါ့စိတ်နှလုံးကို မွေ့လျော်စေပါသည်။ ကပ္ပရသေ့၏ ကောင်းစွာဆိုအပ်သော စကားတို့သည် ငါ့ကို မွေ့လျော်စေပါသည်။ ဤသို့ ငါ့ကိုမွေ့လျော်စေသော ကပ္ပသည် ဆားမခတ်သော ရေဖြင့်ပြုတ်ထားသော သစ်ရွက်ကို စားစေပါသည်။ မြက်သီးဆန်ယာဂုကို သောက်စေပါသည်။ ထိုယာဂုကို သောက်သောကြောင့် ငါ၏ ခန္ဓာကိုယ်၌ ရောဂါသည် ငြိမ်း၏"ဟု ဖြေသည်။ ရင်းနှီးကျွမ်းဝင်သူရှိရာ အရပ်၌ စားသောက်ရသော အစာသည် အထက်တန်းကျသော အစာမဟုတ်ငြားသော်လည်း ချိုမြိန်သောအစာ ဖြစ်သွားပါကြောင်းနှင့် စပ်လျဉ်း၍လည်း ပြောပြသည်။

အထက်ပါအကြောင်းတို့ကို အမတ်က ဘုရင်မင်းမြတ်အား ပြန်၍ လျှောက်ထားသည်။

ဟုတ်ပါလိမ့်မည်။ မိမိ ရင်းနှီးကျွမ်းဝင်သူရှိရာ နေရာ၊ အရပ်သည် မွေ့လျော်ဖွယ်ဖြစ်ပါလိမ့်မည်။ မိမိ ရင်းနှီးကျွမ်းဝင်သူ လျှောက်လှမ်းတက်ရာ တောလမ်းနှင့် သစ်ပင်တန်းကလေးသည်ပင် နှစ်လိုဖွယ်၊ မွေ့လျော်ဖွယ် ဖြစ်ပါလိမ့်မည်။ ကောင်းမြတ်သော စကားကို ဆိုတတ်သော၊ အပြစ်မဲ့စွာ ပြုမူဆက်ဆံတတ်သော၊ မိမိကို နားလည်တတ်သော၊ မိမိကို အလေးအနက်ထားတတ်သော သူနှင့် အတူနေရခြင်းသည်လည်း မွေ့လျော်ဖွယ်ရှိပါလိမ့်မည်။





မိမိနှင့် ကျွမ်းဝင်သောသူနှင့် စားရခြင်းသည်လည်း နှစ်လိုဖွယ်ရှိပါလိမ့်မည်။ သို့ပေမဲ့ ဤသည်လို ရင်းနှီးကျွမ်းဝင်သူမျိုးကိုရဖို့ မလွယ်၊ တွေ့ဖို့ရာ မလွယ်... မလွယ်လှချေတကား။

ယနေ့ လူ့လောကကြီး၌ သိပ္ပံနှင့် စက်မှုအတတ်ပညာ၊ နည်းပညာ (Technology) တို့ အံ့ဖွယ်ကောင်းလောက်အောင် ထွန်းကားနေသည်။ မကြုံဖူးသော စီးပွားရေးအင်အားစုကြီးများလည်း ပေါ်ထွန်းလာသည်။ ယင်းတို့သည် လူတို့ကြောင့်ပင် ပေါ်ထွန်းလာသည်ဟု ဆိုနိုင်ပါ၏။ ထိုသို့ လူတွေကြောင့် ပေါ်ထွန်းလာသော သိပ္ပံပညာ၊ စက်မှုအတတ်ပညာနှင့် နည်းပညာတို့ကြောင့် ပေါ်ထွက်လာသော စက်ပစ္စည်းများ၊ ရုပ်ဝတ္ထုပစ္စည်းများကြားတွင် လူသည် လူနှင့်မတူတော့ဘဲ ရုပ်ဝတ္ထုပစ္စည်းများသဖွယ် ဖြစ်သွားသည်။ စီးပွားရေးအင်အားစုကြီးများအတွင်း၌လည်း လူသည် အရင်းအနှီးပစ္စည်းသဖွယ် ဖြစ်သွားသည်။ အသုံးချ ကိရိယာတစ်ခုသဖွယ်လည်း ဖြစ်သွားသည်။ တိုးတက်ပြောင်းလဲလာသည်ဆိုသော စီးပွားရေးလောက၌ လူတို့သည် မိမိတို့ကိုယ် မိမိတို့ တန်ကြေးအမျိုးမျိုး သတ်မှတ်၍ ရောင်းနေကြရသည့် ရောင်းကုန်များသဖွယ်လည်းဖြစ်သွားကြသည်။ ထိုစီးပွားရေးလောကကြီး၌ လူတို့သည် ကိုယ်ကျိုးစီးပွားကို ကိုယ်စီကိုယ်ငှကြည့်၍ ဆက်ဆံပေါင်းသင်းကြသည်။ မိမိတို့အတွက် အသုံးဝင်မှုကို ကြည့်ပြီး ဆက်ဆံကြသည်။ ထိုသို့ အသုံးဝင်မှုကိုကြည့်၍ ဆက်ဆံရာမှ တစ်ဦးကတစ်ဦးကို ရုပ်ဝတ္ထုပစ္စည်းကဲ့သို့ အသုံးချကြသည်။ မိမိအကျိုးရှိရေးအတွက် တစ်ဖက်



www.burmeseclassic.com

www.burmeseclassic.com



လူကို ကျေနပ်အောင် ပေးသင့်သည်ကို ပေးတတ်သည့် အတတ်ကိုလည်း အသုံးချသည်။ မိမိလည်း အကျိုးရှိ၊ တစ်ဖက်လူလည်း ကျေနပ်အောင် အပြော လည်ပတ်မှု၊ အဆက်ဆံ ကျွမ်းကျင်မှု အတတ်တို့ကို အသုံးချလာသည်။ လူ၏ ဤသို့သော လည်ပတ်ကျွမ်းကျင်မှုသည် ကောက်ကျစ်မှုဟု မဆိုနိုင်ပြီလော၊ “လူသည် မျောက်မျိုးရိုးစုထဲတွင် အပါအဝင်ဖြစ်သော တိရစ္ဆာန်မျှသာ ဖြစ်သည်။ လူသည် အခြားတိရစ္ဆာန်များထက် ကောက်ကျစ်စဉ်းလဲတတ်ခြင်း အချို့မှအပ ဘာမျှထူးခြားသော တိရစ္ဆာန်မဟုတ်”ဟု ဆိုသော မနုဿဗေဒ ပညာရှင်ကြီး G.G Simpson* ၏စကားကို အမှတ်ရပါသည်။ လူသည် လူအဖြစ်မှ အရာဝတ္ထုအဖြစ်သို့… ထိုမှ တိရစ္ဆာန်အဖြစ်သို့ လျှောကျသွားပြီလော…။

လူသည် အကယ်၍ အိပ်ဖို့ရန်၊ စားဖို့ရန်၊ ကာမဂုဏ်ခံစားဖို့ရန်အတွက် လှုပ်ရှားနေသောသူ ဖြစ်သည်ဆိုလျှင် ထိုသူကို ‘လူ’ဟု ခေါ်ဆိုနိုင်ပါသလား။ အသက်ရှင်ဖို့အတွက် စားစရာ၊ နေစရာ၊ ဝတ်စရာရှာရင်း… ဖြင့် လူ့ဘဝ၌ နေနေခြင်းသည် လူအဖြစ်ဖြင့် နေနေခြင်း ဟုတ်ပါလေ၏လော။ ကောင်းသည်ထက်ကောင်းသည်တို့ကို စားနိုင်ရန်၊ ကောင်းသည်ထက် ကောင်းအောင်နေနိုင်ရန်၊ သာယာပျော်ရွှင်မှုဝေဒနာတို့အတွက် ခံစားနိုင်သည်ထက် ခံစားရန်၊ ဂုဏ်သိက္ခာ ရှိသည်ထက်ရှိရန် စီးပွားရေးလောကကြီးထဲ၌ ကျွမ်းကျင်လည်ဝယ်စွာ အခြားသူများကို ဆက်ဆံရင်း… မိမိတို့ကိုယ်ကို

* George Gaylord Simpson (Agassiz Professor of Vertebrate Paleontology at the Museum of Comparative Zoology at Harvard University).



မိမိတို့ ရောင်းစားနေသူများကိုကော… “လူ”တွေဟု ခေါ်နိုင်ပါ၏လော။ ထိုလူများရှိရာ နေရာအရပ်ကိုကော မည်သို့သောနေရာ၊ မည်သို့သောအရပ်ဟု ဆိုရမည်နည်း။

နေရာဒေသတစ်ခုသည် “ရွာ” သော်လည်းကောင်း ဖြစ်ချင်ဖြစ်မည်။ “တော”သော်လည်းကောင်း ဖြစ်ချင်ဖြစ်မည်။ “ချိုင့်ဝှမ်း”သော်လည်းကောင်း ဖြစ်ချင်ဖြစ်မည်။ “ကုန်းမြင့်”သော်လည်းကောင်း ဖြစ်ချင်ဖြစ်မည်။

သို့ရာတွင် ထိုရွာ၌ သူတော်သူမြတ်တို့ နေထိုင်သည်ဆိုလျှင် ထိုရွာသည် မွေ့လျော်ဖွယ်ဖြစ်သည်။ ထိုတော၌ သူတော်သူမြတ်တို့ နေထိုင်သည်ဆိုလျှင် ထိုတောသည် မွေ့လျော်ဖွယ်ဖြစ်သည်။ ထိုချိုင့်ဝှမ်း၌ သူတော်သူမြတ်တို့နေလျှင် ထိုချိုင့်ဝှမ်းသည် မွေ့လျော်ဖွယ်ဖြစ်သည်။ ထိုကုန်းမြင့်၌ သူတော်သူမြတ်တို့နေလျှင် ထိုကုန်းမြင့်သည် မွေ့လျော်ဖွယ်ဖြစ်သည်… ဟူသောစကားကို ကြားယောင်ပါသည်။

လူအဖြစ်မှ အရာဝတ္ထုပစ္စည်းအဖြစ်သို့ လျှောမကျသော၊ လူကလူကို လူလိုဆက်ဆံကြသည့် ကေသဝတို့၊ ကပ္ပတို့လို လူများလည်း ရှိနိုင်ကောင်းပါသည်။ သူတော်သူမြတ်တို့ နေထိုင်ကြသောကြောင့် မွေ့လျော်ဖွယ်ဖြစ်နေသော အရပ်တို့လည်း ရှိနိုင်တန်ရာပါသည်။ ဤအတွေးများဖြင့်…

ကေသဝနှင့် ကပ္ပတို့ကို တွေ့ချင်၊ မြင်ချင်စိတ်တွေ ပိုရှိပါ၍ ပြင်လာသည်။ ကေသဝနှင့် ကပ္ပတို့နေရာ ကျောင်းသင်ခန်းလေး၊



www.burmeseclassic.com

www.burmeseclassic.com



တောတန်းကလေးကို မည်ကဲ့သို့များ သရုပ်ဖော်ထားလေမည်နည်းဟု သိချင်ဇောတွေကလည်း ပို၍ပို၍ ဖြစ်လာသည်။ လူအဖြစ်မှ မလျော့ကျဘဲ လူကို လူလိုဆက်ဆံတတ်သည့် ကပ္ပကိုမြင်ချင်၊ တွေ့ချင်စိတ်တွေက ပို၍ပို၍ ဖြစ်လာသည်။ မကြီးကျယ်သော လက်ယက်သဲတွင်းမှ ရေကြည်ရေအေး၊ ကျောက်တောင်ဘေး ချုံနွယ်တို့ကြားမှ ကျလာသော စမ်းရေစက်ငယ်က ရေငတ်မွတ်သိပ်သူကို ရေငတ်ပြေစေနိုင်သကဲ့သို့ စက်မှုအတတ်ပညာများ၊ နည်းပညာများ၊ ရုပ်ဝတ္ထုပစ္စည်းများနှင့် စီးပွားရေးအင်အားစုကြီးများ အကြား ငြိုငွေ့စိတ်ပျက်ရင်း ဘဝ၏ မွေ့လျော်ဖွယ် အမှန်ကို တောင့်တမွတ်သိပ်နေသူအား "လူကို လူလို ဆက်ဆံတတ်သူကသာ ဖြည့်ဆည်းပေးနိုင်သည်"ဟူသော သဘောကို ကိုယ်စားပြု သရုပ်ဆောင်ပြနေမည့် ကပ္ပကို တွေ့ချင်ဇောတွေ ပို၍ပို၍ ဖြစ်လာသည်။ ဤတွေ့ချင်ဇောတွေနှင့်…

ကေသဝနှင့် ကပ္ပတို့ကို လှည့်ပတ်၍ရှာသည်။ အနောက်ဖက်လိပ်ဘုရားတွင်တော့ မတွေ့၊ သို့နှင့် အရှေ့ဖက်လိပ်ဘုရားတွင် ရှာပြန်သည်။ မတွေ့…

ဩော်… ကေသဝနှင့် ကပ္ပတို့ မရှိကြတော့ဘူးတဲ့လား၊ လူကို လူလို ဆက်ဆံကြသည့် ကေသဝနှင့် ကပ္ပတို့ မရှိကြတော့ဘူးတဲ့လား။ မျက်စိမှောက်နေခြင်းပဲလား၊ လူအဖြစ်မှ မလျှော့ကျဘဲ လူက လူကို လူလိုဆက်ဆံကြသည့် ကေသဝနှင့် ကပ္ပတို့ကို အာနန္ဒာလိုဏ်ဂူရှိ ဓာတ်ရုပ်ချပ်များတွင် ရှာကြည့်နိုင်သေးသည်။





…်လာစေတီ၌လည်း ရှာကြည့်နိုင်သေးသည်ဟု အားတင်းရသည်။ ဤသို့ အားတင်းရင်း အရှေ့ဖက်လိပ်မှ ပုဂံဘက်သို့ ဦးတည်၍ ထွက်လာခဲ့သည်။


မြင်နေရသော ဘုရားပုထိုး စေတီဂူကျောင်းတို့က လူပီသစွာဖြင့် မည်သို့အသက်ရှင်ရမည်ကို ဖော်ပြနေကြသည်ဟု ထင်မြင်ခံစားနေမိပါသည်။ ဝိမုတ္တိရသဖြင့် မွေ့လျော်ခြင်းအကြောင်းကို ပြောပြနေကြသည်ဟုလည်း ထင်မြင် ခံစားနေမိပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ပြောင်းလဲခြင်းကို တန်ဆာဆင်ခြင်း



## ပြောင်းလဲခြင်းကို တန်ဆာဆင်ခြင်း

(၁)

သူနှင့် ကျွန်တော် အပယ်ရတနာလိုဏ်ဂူဘုရားတွင် ဒုတိယအကြိမ် ဆုံကြသည်။ မြန်မာတို့၏ တွေးခေါ်ပုံ တွေးခေါ်နည်းနှင့် ...လည့်သော အကြောင်းအရာများကိုပင် သူနှင့်ကျွန်တော် ပြောဖြစ်...ခဲ့နိုင်သည်။

(၂)

သူက ဆိုပါသည်။

အနောက်တိုင်း အတွေးအမြင်သမိုင်းကိုကြည့်လျှင် အစစ်အမှန် ...: Reality နှင့် ပတ်သက်၍ အမြင်နှစ်မျိုးကို အကြမ်းဖျဉ်း ...နိုင်သည်။ ပထမအမြင်က အစစ်အမှန်တရားဟူသည်မှာ



www.burmeseclassic.com

www.burmeseclassic.com



မပြောင်းလဲခြင်း၊ ခိုင်မြဲခြင်း၊ ထာဝရတည်နေခြင်းသဘောကို ဆောင်သည်ဟု မြင်သောအမြင်ဖြစ်သည်။ ဒုတိယအမြင်ကမူ အစစ်အမှန်တရားဟူသည် ပြောင်းလဲခြင်းသဘောကို ဆောင်သည်ဟု မြင်သောအမြင်ဖြစ်သည်။

အထက်ပါ အမြင်နှစ်မျိုးအနက် မြန်မာတို့သည် မည်သည့်အမြင်မျိုးကို ခံယူခဲ့သနည်းဟု မေးပါက "အစစ်အမှန်တရားဟူသည် ပြောင်းလဲခြင်းသဘောကိုဆောင်သည်"ဟူသော အမြင်ကို ခံယူကြမည်ဟု ဖြေဆိုနိုင်သည်။ ဤသို့ဖြေဆိုနိုင်ရန် အထောက်အထားများ ရှိသည်ဟုဆိုကာ ကျောက်စာအချို့မှ စာကြောင်းများကို သူက ရွတ်ဆိုပြပါသည်။

သူကဆက်၍... မြစေတီကျောက်စာ (ပါဠိလိုရေးထိုးထားသော မျက်နှာ၌) "ဘဝသင်္ကြတေ"ဆိုသော စကားကို တွေ့နိုင်သည်။ ထိုစကား၏ အနက်အဓိပ္ပာယ်မှာ "သက်ဆိုင်ရာအကြောင်းတရားတို့ကြောင့် ဖြစ်ပျက်ပြောင်းလဲနေသော ဘဝဖြစ်စဉ်"ဟုဆိုလိုသည်။ စင်စစ် လူ၌ ခိုင်မြဲသောအတ္တ၊ ဇီဝ၊ ဝိညာဉ်ဆိုသော စိတ်အခြေခံဝတ္ထု Mental Substance ဆိုသောအရာလည်းမရှိ၊ ခွဲစိတ်၍ မရနိုင်လောက်အောင် အခြေခံကျသော၊ ခိုင်မြဲသော ရုပ်အခြေခံဝတ္ထု Material Substance ဆိုသောအရာလည်းမရှိ၊ ကြောင်းကျိုးတရားများအလျောက် အစဉ်ဖြစ်ပျက် ပြောင်းလဲနေသော ရုပ်နာမ်ဖြစ်စဉ်၊ ဘဝဖြစ်စဉ်သာ ရှိသည်။





မြန်မာပညာရှင်တို့အလိုအရ စိတ်သည် မျက်တောင်တစ်ခတ်၊ လျှပ်တစ်ပြက်အတွင်းမှာပင် ခဏပေါင်း ကုဋေတစ်သိန်းမက ပြောင်းလဲဖြစ်ပျက်နေသည်။ ရုပ်သည်လည်း မျက်တောင်တစ်ခတ် လျှပ်တစ်ပြက်အတွင်း၌ ခဏပေါင်း ကုဋေငါးထောင်မက ပြောင်းလဲဖြစ်ပျက်နေသည်ဟု ယူဆကြသည်။ ဤယူဆချက်တို့ကို ခံယူကြသော မြန်မာတို့သည် အစစ်အမှန်တရားဟူသည် ပြောင်းလဲခြင်းဖြစ်သည်ဟူသော အမြင်ကို နှစ်ခြိုက်စွာဖြင့် ခံယူသော လူမျိုးဖြစ်လာကြသည်ဟု သူက ရှင်းပြပြီးနောက် အနန္တသူရိယ၏ မျက်ဖြေသာကိုကို ရွတ်ပြန်ပါသည်။

သူတည်းတစ်ယောက်၊ ကောင်းဖို့ရောက်မူ၊ သူတစ်ယောက်မှာ ပျက်လင့်ကာသာ ဓမ္မတာတည်း။

ရွှေအိမ်နန်းနှင့်၊ ကြငှန်းလည်းခံ၊ မတ်ပေါင်းရံလျက်၊ ပျော်စံရိပ်ငြိမ်၊ စည်းစိမ်မကွာ၊ မင်းချမ်းသာကား၊ သမုဒ္ဒရာ၊ ရေမျက်နှာထက်၊ ခဏတက်သည့်၊ ရေပွက်ပမာ၊ တစ်သက်လျာတည်း။

ကြင်နာသနား၊ ငါ့အားမသတ်၊ ယခုလွှတ်လည်း၊ မလွှတ်ကြမှာ၊ လူတကာတို့၊ ခန္ဓာခိုင်ကျည်၊ အတည်မမြဲ၊ ဖောက်လွဲဘတ်သည်၊ မချွတ်စသာ၊ သဘ္ဘာဝါတည်း။

ရှိခိုးကော်ရော်၊ ပူဇော်အကျွန်၊ ပန်ခဲ့တုံ၏၊ ခိုက်ကြုံဝိပါက်၊ သံသာစက်၌၊ ကြိုက်လတ်တွန်မူ၊ တုံ့မယူလို၊ ကြည်ညိုစိတ်

www.burmeseclassic.com



သန်၊ သခင်မွန်ကိုး ချန်ဘိစင်စစ်၊ အပြစ်မဲ့ရေး၊ ခွင့်လျှင်ပေး၏၊ သွေးသည်အနိစ္စာ၊ ငါ့ခန္ဓာတည်း။

အထက်ပါ လင်္ကာ ပထမပိုဒ်တွင် တွေ့ရသော "ပျက်လင့်ကာသာ မမွတာ"ဟူသော စကား၊ ဒုတိယပိုဒ်တွင် တွေ့ရသော "ခဏ"ဟူသောစကား၊ "ရေပွက်ပမာ" ဟူသောစကား၊ "တစ်သက်လျှာ"ဟူသောစကား၊ (ဤနေရာ၌ "တစ်သက်လျှာ"ဟူသော စကားမှာ ပေါရာဏဖြစ်၍ အဓိပ္ပာယ်မှာ "တစ်ခဏ"ဟု ဆိုလိုသည်။) ထို့ပြင်... တတိယပိုဒ်တွင် တွေ့ရသော "အတည်မမြဲ" ဟူသောစကား၊ "ဖောက်လဲ" ဟူသောစကား၊ စတုတ္ထပိုဒ်တွင် တွေ့ရသော "ခိုက်ကြုံ"ဟူသောစကား၊ "သံသာစက်"ဟူသော စကား၊ "အနိစ္စာ" ဟူသောစကားတို့သည် "ပြောင်းလဲခြင်း" ဟူသော အစစ်အမှန်တရားကို ရည်ညွှန်းထားသော စကားများပင် ဖြစ်သည်။

မြန်မာတို့သည် ပြောင်းလဲခြင်းတရားကို အမှန်တရားအဖြစ် ခံယူ၍ လောကကြီးကို ရဲရဲရင်ဆိုင်သော လူမျိုးများဖြစ်ကြသည်ဟု သူကဆိုပါသည်။

"ပြောင်းလဲခြင်း"ဟု ဆိုရာ၌လည်း ပရမ်းပတာနှင့် အကြောင်းမဲ့ ပြောင်းလဲခြင်းမျိုးအနေဖြင့် ရှုမြင်ခြင်းကို မဆိုလို။ သက်ဆိုင်ရာ ကြောင်းကျိုးတရားများအရ ပြောင်းလဲနေသော ဖြစ်စဉ် သို့မဟုတ် သင်္ခါရဓမ္မအဖြစ် ခံယူထားခြင်းကို ဆိုလိုကြောင်း သူက ရှင်းပြပါသည်။ ဤသို့သော ခံယူချက်ဖြင့် မြန်မာတို့က အရာရာ၏



ပြောင်းလဲမှုကို ကြောင်းကျိုးဖြစ်စဉ်အဖြစ် ရှုမြင်ကြသည်။ လူကိုသည်း ကံ၊ စိတ်၊ ဥတု၊ အာဟာရဟူသော အကြောင်းတရားတို့အရ ဖြစ်ပေါ်နေသော ဘဝတစ်ခု၊ ဖြစ်စဉ်တစ်ရပ်အနေဖြင့် ရှုမြင်ကြသည်။ ဤအမြင်တို့ ရှိမှုကြောင့်...

မဟာဗြဟ္မာ၊ သို့မဟုတ် ဖန်ဆင်းရှင်တစ်ဦးဦး၏ ဖန်ဆင်းပြဋ္ဌာန်းမှုကြောင့် လူ့ဘဝ လူ့အဖြစ်ကို ရလာခြင်းဖြစ်သည်ဟူသော အယူအဆကို မြန်မာတို့က လက်မခံကြချေ။ တစ်ဆက်တည်းမှာပင် လူသည် တစ်ချိန်ချိန်၌ တန်ခိုးရှင်တစ်ဦးဦး၏ ကယ်တင်ခြင်းကို ခံရမည်ဟူသော အယူအဆကိုလည်း လက်မခံကြချေ။

လူသည် သက်ဆိုင်ရာ အကြောင်းတရားတို့အရ ဖြစ်လာသူဖြစ်သည့်အတွက် လူသည် မိမိ၏ကံ၊ ဉာဏ်၊ ဝီရိယတို့ကိုသာ အားကိုးရသည်ဆိုသော အယူဝါဒကိုသာ မြန်မာတို့ လက်ခံကြသည်။ လူသည် မိမိဘဝကို ကောင်းအောင် ဆိုးအောင် ပဓာနအားဖြင့် ဖန်တီးသူ၊ ပြုလုပ်သူ၊ ကြိုးကိုင်သူ၊ ပုံဖော်သူ၊ စွမ်းဆောင်ရသူသာ ဖြစ်သည်။

"အတ္တသမာပဏိဓိ" ဆိုသော စကားအတိုင်း လူသည် မိမိအ[illegible]ကို မိမိဘာသာကောင်းအောင် ပျိုးထောင်ရှင်သန်စေနိုင်သူဖြစ်[illegible]ဟူသော မြန်မာတို့က ခံယူကြသည်ဟု သူကဆိုပါသည်။

ပြောင်းလဲခြင်းကို အစစ်အမှန်တရားအဖြစ် ရှုမြင်သည့်အတွက် [illegible]ဝါဒ (Dogmatism)၊ အစဉ်အလာကို ဖက်တွယ်သော



www.burmeseclassic.com

www.burmeseclassic.com



ဝါဒ (Conventionalism) တို့မှ မြန်မာတို့ လွန်မြောက်ခဲ့ကြသည်။ ဤကဲ့သို့သော အတွေးအမြင် အစဉ်အလာကို မြန်မာတို့အနေနှင့် ထိန်းသိမ်းထိုက်သည်ဟု သူကဆိုပါသည်။ ဘဝနှင့်လောကကို ပြောင်းလဲနေသော ဖြစ်စဉ်အဖြစ် ရှုမြင်သုံးသပ်နိုင်ပါက စီးပွားရေးဆိုင်ရာ လူမှုရေးဆိုင်ရာ နယ်ပယ်တို့၌ အချိန်မီလုပ်သင့်လုပ်ထိုက်သည်များကို လုပ်ဖို့၊ ပြောင်းလဲသင့် ပြောင်းလဲထိုက်သည်များကို ပြောင်းလဲဖို့ အသိအမြင်များ ရလာနိုင်မည်ဖြစ်သည်ဟုလည်း သူက ပြောပြနေပါသည်။

(၃)

သူနှင့် ကျွန်တော် အပယ်ရတနာမှ ထွက်လာခဲ့ကြပါသည်။ နေမမှောင်ခင် ကျွန်တော်တည်းခိုရာ နေရာသို့ ရောက်ပါသည်။





www.burmeseclassic.com

www.burmeseclassic.com

# ကြမ္မာအကြောင်း မယိုးကောင်း

ထိုနေ့ နေ့လယ်က ကျွန်တော်တို့ ပုဂံလေ့လာရေးအဖွဲ့သည် သဗ္ဗညုဘုရား၌ နေခိုကြပါသည်။

ကျွန်တော်တို့အထဲမှ တစ်ဦးသောသူက "ထု-ဓမ္မရံ၊ ဉာဏ် သဗ္ဗညု၊ အနု-အာနန္ဒ"ဟူသော အဆိုကို ရှင်းပြနေသည်။ သူ ရှင်းပြသည်များကို နားထောင်ရင်း ပုဂံဒေသတစ်ဝိုက်က များလွန်းလှသည့် ဂူဘုရား၊ စေတီ၊ ပုထိုးကျောင်းတို့နှင့် အနုပညာလက်ရာမျိုးစုံကို ပုဂံသူ ပုဂံသားတို့ ကြိုးစားလုပ်ဆောင် ဖန်တီးနေကြပုံများကို ကျွန်တော်က ပုံဖော်၍ မြင်ယောင်ကြည့်သည်။ ထိုသို့မြင်ယောင်ကြည့်ရင်း ပုဂံသားတို့၏ အတတ်ပညာအား၊ စေတနာအား၊ သဒ္ဓါအား၊ အနုပညာဆိုင်ရာ တီထွင်မှုစွမ်းအား... အားမျိုးစုံတို့အကြောင်း တွေးနေခိုက် သူက...

"ကျွန်တော်တို့မှာ ဖြေဆည်စရာတစ်ခု ရှိနေလို့ ပုဂံသားတွေနဲ့ မတူဘဲ ကျွန်တော်တို့ ညံ့ဖျင်းနေတယ်လို့ထင်တယ်"ဟု ဆိုပါသည်။





ထိုစကားကိုဆိုမှ သူ့ကို ကျွန်တော် စိတ်ဝင်စားသလိုဖြစ်သွားပါသည်။ သူက ဆက်၍...

"ကျွန်တော်တို့က... ကျွန်တော်တို့ မအောင်မြင်တာ၊ မတိုးတက်တာတွေကို ကံမကောင်းလို့... ကံမကောင်းခဲ့လို့... ဆိုဆိုပြီး ကံကို ရိုးမယ်ဖွဲ့ရင်း ဖြေဆည်ရာရှာနေတာ၊ ကံကို ရိုးမယ်ဖွဲ့တော့ မအောင်မြင်ဖြစ်ရတာတွေ၊ တိုးတက်မှု မဖြစ်တာတွေဟာ ကိုယ်နဲ့ဆိုင်သလိုလို၊ ကိုယ့်ကြောင့် မဟုတ်သလိုလို စိတ်ထဲက ခံစားနေမိတတ်သေးတယ်။ ကံက ကိုယ့်ကို မကောင်းအောင်လုပ်လို့ ငါတို့မှာ မတိုးတက်ဘဲ မအောင်မြင်ဘဲ ဖြစ်နေရတာလို့ ထင်မိသလို ဖြစ်ပြန်သေးတယ်။ ဒီအခါမှာ ကံကိုပဲ အပြစ်မြင်ပြီး ကိုယ့်ကိုယ်ကိုယ်တော့ အပြစ်လွတ်နေသူတွေလို ထင်မိလာတတ်သေးတယ်။ ကျွန်တော်တို့ဟာ ဝီရိယစိုက်ထုတ်ရမှာကို မစိုက်ထုတ်ဘူး၊ ပျင်းတယ်၊ ဉာဏ်ပညာမရှာဘူး၊ အသိပညာကို အသုံးမပြုတတ်ဘူး၊ ဖျင်းတယ်၊ ကျွန်တော်တို့ ပျင်းလို့ ဖျင်းလို့ မအောင်မြင်တာ၊ မတိုးတက်တာကိုတော့ အပြစ်ရယ်လို့ မမြင်တတ်ကြဘူးဗျ၊ တကယ်တော့ ပုဂံသူ ပုဂံသားတွေရဲ့ ကြိုးပမ်းလုပ်ဆောင်မှုတွေဟာ သူတို့ အိန်းသိမ်းမြှင့်တင်ထားခဲ့တဲ့ ထေရဝါဒက 'ကံ-ဥပဒေသ'အတိုင်း လုပ်ခဲ့မိတာတွေ ဖြစ်တယ်လို့ ဆိုနိုင်တယ်"ဟု ဆိုပါသည်။

ထို့နောက် ထေရဝါဒရှိ ကံနှင့်ပတ်သက်သော အမြင်များအကြောင်းကို သူတို့က ဆွေးနွေးကြသည်။ သူတို့ပြောသည်များကို နားထောင်ရင်း ကျွန်တော့်အတွေးများက ပုဂံခေတ်မှနေ၍ အေဒီ၊ ၀



www.burmeseclassic.com

www.burmeseclassic.com



ခေတ်… ထိုမှ ကုန်းဘောင်ခေတ်များဆီသို့ လွင့်မျောနေပါသည်။ ကံနှင့်ပတ်သက်သော သူတို့၏ ဆွေးနွေးမှုများကလည်း လယ်တီဆရာတော်ဆီသို့ ရောက်လာကြသည်။

လောကဌ ကံနှင့်ပတ်သက်၍ မှားယွင်းချွတ်ချော်နေသော အမြင်သုံးမျိုးရှိသည်။ ယင်းတို့မှာ…

(၁) ပုဗ္ဗေကတ ဟေတုဒိဋ္ဌိ

(၂) ဣဿရနိမ္မာန ဟေတုဒိဋ္ဌိ

(၃) အဟေတုက အပစ္စယဒိဋ္ဌိတို့ ဖြစ်ကြသည်။

လောကဌ အားလုံးသော သတ္တဝါဟူသမျှသည် ချမ်းသာမှု၊ ဆင်းရဲမှု၊ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်သောဥပေက္ခာဝေဒနာတို့ကို တွေ့ကြုံခံစားကြရသည်။ ထိုသို့ တွေ့ကြုံခံစားရမှုဟူသမျှသည် အတိတ်ဘဝက ပြုခဲ့သော ကံကြောင့်သာဖြစ်ရသည်ဟု ယူဆကြသည်။ ဤသို့ ယူဆသော အယူဝါဒကို ပုဗ္ဗေကတဟေတုဒိဋ္ဌိဟု ခေါ်သည်။

လောကဌ အားလုံးသော သတ္တဝါဟူသမျှသည် ချမ်းသာမှု၊ ဆင်းရဲမှု၊ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်သော ဥပေက္ခာဝေဒနာတို့ကို တွေ့ကြုံခံစားကြရသည်။ ထိုသို့ တွေ့ကြုံခံစားရမှုဟူသမျှသည် လောကကို အစိုးရသည့် မဟာဗြဟ္မာ၊ ဖန်ဆင်းရှင် အစရှိသော ပုဂ္ဂိုလ်တစ်ဦးကြောင့် ဖြစ်ရသည်ဟု ယူဆကြသည်။ ဤသို့ ယူဆသော အယူဝါဒကို ဣဿရနိမ္မာနဟေတုဒိဋ္ဌိဟု ခေါ်သည်။





လောကဌ အားလုံးသော သတ္တဝါဟူသမျှသည် ချမ်းသာမှု၊ ဆင်းရဲမှု၊ ချမ်းသာလည်းမဟုတ်၊ ဆင်းရဲလည်းမဟုတ်သော ဥပေက္ခာဝေဒနာတို့ကို တွေ့ကြုံ ခံစားကြသည်။ ထိုသို့ တွေ့ကြုံခံစားရမှုမှန်သမျှသည် မည်သည့်အတိတ်ကံ၏ ပြဋ္ဌာန်းမှုကြောင့်မှ မဟုတ်ဘဲ တွေ့ကြုံခံစားရခြင်းများသာ ဖြစ်သည်ဟု ယူဆကြသည်။ ဤသို့ ယူဆသော အယူဝါဒကို အဟေတုက အပစ္စယဒိဋ္ဌိဟုခေါ်သည်။

အိန္ဒိယ အတွေးအခေါ်သမိုင်းတွင် ဂျိန်းဝါဒီများသည် အထက်ပါ အယူဝါဒသုံးမျိုးအနက်မှ ပထမဝါဒကို လက်ခံကြသူများဖြစ်သည်။ ဒုတိယဝါဒမှာမူ လောကကို ဗြဟ္မာက ဖန်ဆင်းသည်၊ ဘုရားသခင်က ဖန်ဆင်းသည်ဟု ယုံကြည်သောသူများက လက်ခံကြသည်။ တတိယအယူဝါဒကို ချာဝက Carvaka ဂိုဏ်းသားများနှင့် အခြား အခြားသော ရုပ်ဝါဒီများက လက်ခံကြသည်။ လယ်တီဆရာတော် အစရှိသည့် စာပေသုတေသီများသည် အထက်ပါ ဝါဒများကို လက်မခံကြ။

အထက်ဖော်ပြပါ အယူဝါဒ သုံးမျိုးကို လက်ခံသူများနှင့် စပ်လျဉ်း၍ လယ်တီဆရာတော်က…

(၁) ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူကို ယူလေ့ရှိသော သူတို့သည် ရှေးကပြုခဲ့ဖူးသော အတိတ်ကံသည်သာ အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှု၏ အကြောင်းကံဖြစ်သည်ဟု ယုံကြည်ကြသည်။ အလုံးစုံသော ပစ္စုပ္ပန်အကြောင်းဖြစ်သော ဝီရိယအစွမ်း၊



www.burmeseclassic.com

www.burmeseclassic.com



ပညာအစွမ်းတို့ကို ပယ်ရှားတားမြစ်ကြသည်။ ဤပုဗ္ဗေကတဟေတုဒိဋ္ဌိဝါဒသည် (ပစ္စုပ္ပန် အကြောင်းတစ်ဖက်ကို ပယ်သောကြောင့်) မှားသောဝါဒ ဖြစ်သည်ဟု ဝေဖန်သုံးသပ်သည်။

(၂) လောကကို အစိုးရသော ဖန်ဆင်းရှင်၏ ဖန်ဆင်းမှုကို ယုံကြည်သော ဣဿရနိမ္မာနဟေတုဝါဒီတို့သည် အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှုမှန်သမျှတို့သည် လောကကို အစိုးရသော ဖန်ဆင်းရှင်ကြောင့် ဖြစ်ရသည်ဟု ယုံကြည်ကြသည်။ ထိုသို့ ယုံကြည်ကြသော ပုဂ္ဂိုလ်တို့သည် အလုံးစုံသော အတိတ်ကံအကြောင်းကိုလည်းကောင်း၊ ပစ္စုပ္ပန်ကံအကြောင်းကိုလည်းကောင်း ပစ်ပယ်ကြသည်။ သို့ဖြစ်၍ ဤဣဿရနိမ္မာန ဝါဒသည်လည်း (အတိတ် ပစ္စုပ္ပန် ကံနှစ်ခုစလုံးကို ပစ်ပယ်သောကြောင့်) မှားသော အယူဝါဒဖြစ်သည်ဟု ဝေဖန်သုံးသပ်သည်။

(၃) အဟေတုကဝါဒီတို့သည်လည်း အလုံးစုံသော သတ္တဝါတို့၏ ချမ်းသာမှု၊ ဆင်းရဲမှုများသည် အကြောင်းမရှိ၊ ပကတိအလိုလိုဖြစ်၏။ အတိတ်ကံ၏ ပြဋ္ဌာန်းမှုမရှိဘဲ ဖြစ်ပေါ်ကြသည်ဟု အလုံးစုံသော အကြောင်းဟူသမျှကို ပယ်ရှားတားမြစ်သည်။ သို့ဖြစ်၍ ဤအဟေတုကဝါဒသည်လည်း (အလုံးစုံအကြောင်းချို့သောကြောင့်) မှားသောအယူဝါဒဖြစ်သည်ဟု ဝေဖန်သုံးသပ်သည်။

လယ်တီဆရာတော် အစရှိသည့် မြန်မာစာပေ သုတေသီတို့ အလိုအရ အတိတ်ကံ၊ ပစ္စုပ္ပန်ကံနှစ်ခုကြောင့် လူသတ္တဝါတို့





ချမ်းသာခြင်း၊ ဆင်းရဲခြင်း၊ ကျရှုံးခြင်း၊ အောင်မြင်ခြင်းများ ဖြစ်ရသည်ဟု ယူဆကြသည်။

အတိတ်ကံတို့သည် သုံးမျိုးရှိ၏။ ယင်းတို့မှာ–

(၁) ကြီးသောအတိတ်ကံ

(၂) အလတ်စားဖြစ်သော အတိတ်ကံ

(၃) ငယ်သောအတိတ်ကံတို့ ဖြစ်ကြသည်။

ပစ္စုပ္ပန်ကံသည်လည်း သုံးမျိုးရှိ၍ ယင်းတို့မှာ...

(၁) ကြီးပွားတိုးတက်ရန်ဖြစ်သောကံ

(၂) အလယ်အလတ်တည်တံ့ရုံသာ ဖြစ်သောကံ

(၃) ယုတ်လျော့ရန်ဖြစ်သောကံတို့ ဖြစ်ကြသည်။

အတိတ်ကံ (၃) မျိုးနှင့် ပစ္စုပ္ပန်ကံ (၃) မျိုးတို့ ဆက်စပ်ဖြစ်ပေါ်ပုံကို လယ်တီဆရာတော်က...

(၁) လူတစ်ဦးသည် ကြီးမားသော အတိတ်ကံရှိခဲ့မှုကြောင့် စည်းစိမ်ဥစ္စာ ကြွယ်ဝချမ်းသာသော အမျိုးအနွယ်၌ လူ့ဘဝကို ရောက်လာခဲ့သည်။ ထိုသူသည် ထိုသို့သာ ရရှိနေသည့် ပစ္စုပ္ပန်ကာလ၌ ကြီးမားရန်ဖြစ်သောကံကို အကယ်၍ ပြုလုပ်အားထုတ်သည်ဆိုလျှင် ရရှိဆဲ စည်းစိမ်ဥစ္စာတို့သည် တိုးပွားသည်ထက် တိုးပွားမည်ဖြစ်သည်။

(၂) အတိတ်ကံကြီးသော်လည်း အကယ်၍ ထိုသူသည် တည်တံ့ရုံဖြစ်သော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်သည်ဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



ထိုသူ၏ စီးပွားချမ်းသာ ဂုဏ်ကျက်သရေတို့သည် မတိုးတက် မကြီးပွားဘဲ တည်တံ့ရုံအဆင့်တွင်သာ တည်တံ့နေမည်ဖြစ်သည်။

(၃) အတိတ်ကံကြီးသော်လည်း ထိုသူသည် အကယ်၍ ယုတ်လျော့ရန်ဖြစ်သော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်သည်ဆိုလျှင် ထိုသူ၏ စည်းစိမ်ချမ်းသာ ဂုဏ်ကျက်သရေတို့သည် ဆုတ်ယုတ်မှု ဖြစ်လေတော့သည်။ ထိုနည်းအတူပင်...

(၁) တစ်ဦးသောသူသည် အလတ်စားဖြစ်သော အတိတ်ကံကြောင့် အလယ်အလတ်ဖြစ်သော စည်းစိမ်ဥစ္စာရှိသော အမျိုးအနွယ်၌ လူအဖြစ်သို့ ရရှိသည်။ ထိုသူသည် ပစ္စုပ္ပန်ကာလ၌ ကြီးပွားရန်ဖြစ်သော ကံကို အကယ်၍ ပြုလုပ်အားထုတ်သည်ဆိုလျှင် ထိုသူ၏ ရရှိဆဲ စည်းစိမ်ဥစ္စာတို့သည် တိုးတက်ကြီးပွားမည်ဖြစ်သည်။ အရှိန်အဝါ ဂုဏ်ကျက်သရေတို့ တိုးပွားမည်ဖြစ်သည်။

(၂) သို့ရာတွင် သူသည် တည်တံ့ရုံသာဖြစ်စေနိုင်သော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်သည်ဆိုလျှင် ထိုသူ၏ စီးပွားချမ်းသာ ဂုဏ်ကျက်သရေတို့သည် တည်တံ့ရုံအဆင့်တွင်သာ တည်တံ့နေမည်ဖြစ်သည်။

(၃) ထိုသူသည် အကယ်၍ ယုတ်လျော့ရန်ဖြစ်သော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်သည်ဆိုပါက ထိုသူ၏ စည်းစိမ်ချမ်းသာ ဂုဏ်ကျက်သရေတို့ ဆုတ်ယုတ်သွားမည်ဖြစ်လေသည်။ ထိုနည်းတူ—

(၁) တစ်ဦးသောသူသည် ငယ်သော အတိတ်ကံကြောင့် ဆင်းရဲသော အမျိုးအနွယ်၌ လူအဖြစ်သို့ ရောက်လာခဲ့သည်။





သို့ရာတွင် ထိုသူသည် ပစ္စုပ္ပန်ကာလ၌ တိုးတက်ကြီးပွားစေနိုင်သည့်ကံကို အကယ်၍ ပြုလုပ်အားထုတ်သည်ဆိုလျှင် ထိုသူ၏ စည်းစိမ်ဥစ္စာတို့သည် တိုးပွားမည်။ ဂုဏ်ကျက်သရေတို့လည်း တိုးပွားမည်ဖြစ်သည်။ (ကံမကောင်းခဲ့သော်လည်း ထိုသူ၏ ဉာဏ်၊ ဝီရိယတို့ စိုက်ထုတ်ကြိုးပမ်းလျှင် တိုးတက်ကြီးပွားခြင်း ဖြစ်နိုင်သည်ဟုဆိုသည်။)

(၂) သို့ရာတွင် ထိုသူသည် တည်တံ့ရုံသာ ဖြစ်စေနိုင်သော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်သည်ဆိုလျှင် ထိုသူ၏ စီးပွားချမ်းသာ ဂုဏ်ကျက်သရေတို့သည် တည်တံ့ရုံအဆင့်တွင်သာ တည်တံ့နေမည်ဖြစ်သည်။

(၃) ထိုသူသည် အကယ်၍ ယုတ်လျော့ရန်ဖြစ်သော ပစ္စုပ္ပန်ကံကို ပြုလုပ်အားထုတ်သည်ဆိုလျှင် ထိုသူသည် ဆင်းရဲသည်ထက် ဆင်းရဲသွားမည်ဖြစ်သည်။

ကံတို့၏ ဖြစ်ပုံကိုကြည့်လျှင် အတိတ်ကံကြီးသူ ကံကောင်းသူဖြစ်သော်လည်း ပစ္စုပ္ပန်၌ တိုးတက်သည်ထက် တိုးတက်အောင် ကြိုးစားလုပ်ဆောင်ပါမှ လက်ရှိအခြေအနေထက် ပို၍တိုးတက်အောင်မြင်မည်ဖြစ်သည်။ ဆုတ်ယုတ်အောင် ပြုမူလုပ်ဆောင်ပစ်ပါက ဆုတ်ယုတ်သွားမည်သာဖြစ်သည်။ ထို့ပြင် အတိတ်ကံ ငယ်သူ၊ ကံအကျိုးပေး နံ့ချာသူပင်ဖြစ်သော်လည်း ပစ္စုပ္ပန်ကာလ၌ ကောင်းမှု အားထုတ်ကြိုးပမ်း ဆောင်ရွက်လျှင် တိုးတက်အောင်မြင်မည်။ ဆုတ်ယုတ်ဖို့ရန်ဖြစ်သော လုပ်ဆောင်မှုတို့ကို ပြုလုပ်လျှင် ဆင်းရဲ



www.burmeseclassic.com

www.burmeseclassic.com



သည်ထက် ဆင်းရဲသွားမည်မှာ သိသာထင်ရှားသည်။ ထို့ကြောင့် တိုးတက်ခြင်း၊ ဆုတ်ယုတ်ခြင်း၊ ကြီးပွားခြင်း၊ ကျရှုံးခြင်းတို့သည် ပဓာနအားဖြင့် ပစ္စုပ္ပန် ဉာဏ်ဝီရိယတို့အပေါ် မူတည်လျက်ရှိသည်။

အထက်ပါကဲ့သို့ ဆိုလိုသော လယ်တီဆရာတော်၏ ကံနှင့် ပတ်သက်သော အမြင်ကို သူတို့က ဆွေးနွေးကြပြီးနောက် "ပုဂံသားများသည် အတိတ်ကို မျှော်နေသူများ၊ အတိတ်ကံ၏ အကျိုးပေးကို စောင့်နေခဲ့သူများ မဟုတ်ကြောင်း၊ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ စိုက်ထုတ်၍ လုပ်ဆောင်သူများသာဖြစ်ကြောင်း" ပြောကြပြန်သည်။

ထို့နောက် တစ်ဦးသောသူက မန်လည်ဆရာတော်၏ မဃဒေဝလင်္ကာသစ်မှ စာပိုဒ်ကို အောက်ပါကဲ့သို့ တခမ်းတနား ရွတ်ဆိုသည်ကိုလည်း အမှတ်ရပါသည်။

"... ဥစ္စာဘောဂ၊ ဇီဝိတနှင့် သုခပွားရန်၊ ဤလူ့ဌာန်၌၊ ဉာဏ်ဝီရိယ၊ ပယောဂတည့်၊ ကာလဒေသ၊ ပုဂ္ဂလကို၊ နှိုင်းဆအပ်တုံ၊ ကံကိုယုံ၍၊ မီးပုံအတွင်း၊ မဆင်းထိုက်စွာ၊ ကျားရဲရာလည်း၊ ကြမ္မာအကြောင်း၊ မရိုးကောင်းရှင့်၊ သူကောင်းရှေးက၊ ဆိုကုန်ကြ၏။ လုံ့လမထူ၊ ဉာဏ်မကူဘဲ၊ အယူတစ်ချောင်း၊ ကံတစ်ကြောင်းမျှ၊ မကောင်းလည်းကံ၊ ကောင်းလည်းကံဟု၊ ကံကိုချည်းသာ၊ မကိုးရာဘူး၊ ပညာဉာဏ်ဖြင့်၊ သင့်မသင့်ကို၊ အစွင့်ရှု၍ အပြုလုံ့လ ရှိအပ်စွတည့်..."။ ။





ခံ့ခိုင်မြဲမြဲ
လူတို့ကြုံသော

www.burmeseclassic.com

www.burmeseclassic.com

## ခံ့ခိုင်မြဲမြံ လှတို့ကြံသော်

ရွှေစည်းခုံစေတီကြီး၏ ခံ့ညားတင့်တယ်ခြင်းကို ထပ်မံအားဖြည့်နေသကဲ့သို့ ရှိနေသည့် စေတီကြီး၏ အရပ်လေးမျက်နှာ၌ ရှိကြသော ခြင်္သေ့ကြီးများကို မြင်တွေ့ခံစားကြဖို့အတွက် ထိုနေ့က မုခ်လေးဘက်လုံးသို့ သွားခဲ့ကြသည်။ လှေကားလေးဘက်လုံးမှ တက်ဖြစ်အောင် တက်ခဲ့ကြသည်။

ရွှေစည်းခုံစေတီကြီးကို ရှင်အရဟံနှင့် အနော်ရထာမင်းတို့ ဦးဆောင်၍ ပုဂံပြည်သူ ပြည်သားတို့ ဝိုင်းဝန်းတည်ထောင်ခဲ့ကြသည်။ မပြီးပြတ်သေးသည်တို့ကို ကျန်စစ်သားမင်းက ဆက်၍ တည်သည်။ အနော်ရထာ ကျန်စစ်သားမင်းတို့ အချိန်က နိုင်ငံတော် နယ်နိမိတ်သည် ပုဂံဒေသတစ်ဝိုက်မှ ပြည်ထောင်စု နယ်နိမိတ်ဒေသ နီးပါးအထိ ကျယ်ဝန်းလာသည်။ ဗုဒ္ဓသာသနာတော်သည် ပထမ အကြိမ် တစ်နိုင်ငံလုံး၏ မြတ်နိုးယုံကြည်ခြင်းကို အညီအညွတ် ခံယူရရှိလာသည်။





ရွှေစည်းခုံသည် ထိုခေတ်က မင်းနှင့် ပြည်သူတို့၏ အားမာန် သတ္တိကို ဖော်ညွှန်းလျက်ရှိသည်။ ရွှေစည်းခုံသည် ဗုဒ္ဓသာသနာ မြန်မာတို့ မြေပေါ်၌ ခိုင်ခံ့စွာ တည်ရှိပြီဖြစ်သည်ဟူသော သဘောကို ဖော်ညွှန်းလျက်လည်းရှိသည်။ ရွှေစည်းခုံသည် ပုဂံခေတ်အတတ်ပညာရှင် အနုပညာရှင်တို့၏ ထိုးထွင်းသိမြင် တီထွင်နိုင်မှုစွမ်းပကားကို ဖော်ညွှန်းနေခြင်းလည်းဖြစ်သည်... စသည်ဖြင့် ရွှေစည်းခုံနှင့် ပတ်သက်သော ပညာရှင်တို့၏ တင်စားချက်များ၊ ထင်မြင်ချက်များ၊ ခံစားချက်များအကြောင်း သတိရနေသည်။ ထိုမှဆက်၍ မင်းကွန်းကောင်းမှုတော် ထိုမှဆက်၍ ဘိုးတော်ဘုရားနှင့် အမတ်ကြီး ဦးပေါ်ဦးတို့အကြောင်း သတိရနေသည်။

ဘိုးတော်ဘုရားက အမတ်ကြီး ဦးပေါ်ဦးအား 'ပေါ်ဦး... ငါ ကိုယ်တော်မြတ်သည် ယခု အကြဲတော်ဖြစ်ပွား၍ မိမိကိုယ်မိမိ ခြိုးစားမိတိုင်း ရှက်အားပိုတော်မူသည်'ဟု စကားစ၍ အဘယ့်ကြောင့် ရှက်အားပိုရကြောင်းကို ဘိုးတော်မင်းတရားက ပြောပြသည်။

ရေးခေတ် သုဝဏ္ဏဘုမ္မိ သထုံပြည့်ရှင် ဘုရင်သီဟရာဇာက ကျိုက်ထီးရိုးဘုရားကို တည်စဉ်က သိကြားမင်း ကူညီခဲ့ပုံများအကြောင်း၊ အနော်ရထာမင်းကြီး ရွှေစည်းခုံစေတီ တည်စဉ်ကလည်း သိကြားမင်း ကူညီခဲ့၍ မပြီးပြတ်သေးသည်ကို ဆက်၍ ကျန်စစ်သားမင်းက တည်သောအခါတွင်လည်း သိကြားမင်းက ...န်းရုံအကြီးအမှူးအဖြစ် အယောင်ဆောင် ကူညီခဲ့ခြင်းကြောင့်



www.burmeseclassic.com

www.burmeseclassic.com



နေ့အခါ လူတို့က ဖောင်းရစ် တစ်ခုပြီးလျှင် ညဉ့်အခါ၌ နတ်တို့က ဖောင်းရစ် နှစ်ခုပြီးအောင် တည်ဆောက်ကူညီခဲ့ကြကြောင်း၊ ထို့ပြင်လည်း နတ်သိကြားမ,သည်ဟူသော စကားများ ရှိခဲ့ကြောင်းတို့ကို ပြောပြပြီးနောက် ဘိုးတော်မင်းတရားက 'ရှေးရှေးသော မင်းကောင်းမင်းမြတ်တို့ ဘုရားစေတီတွေ တည်ကြရာ၌ သိကြားနတ်များ ကူညီသည့်အတွက် လူတစ်ရစ် နတ်တစ်ရစ် တည်ရသည်ဟု ဆိုသည်။ ငါကိုယ်တော်မြတ် ယခုတည်ထားတော်မူသော အောင်မြေလောကစေတီ၊ မင်းကွန်းပုထိုးတော်ကြီးတို့ကို တည်ဆောက်ရာ၌ ဘယ်နတ် ဘယ်သိကြားမှ ကူညီစောင်မ,ခြင်းအမှုကို မပြုသည့်အတွက် ငါ၏ ဘုန်းတော်သည် မထက်မြက်ရာကျချေသောကြောင့် အလွန်ပင် ရှက်တော်မူသည်'ဟု မိန့်တော်မူသည်။ ဤတွင် ဦးပေါ်ဦးက...

"မင်းတရားကြီး၏ ဘုန်းတော် လုံလောက်စွာရှိနေသောကြောင့် နတ်သိကြားတို့ မကူညီသော်လည်း ပြီးစီးနိုင်ပါကြောင်း၊ မင်းတရားကြီး၌ ဘုန်းတော်ပြည့်ဝစွာ ရှိနေသောကြောင့် ကူညီညာဝိုင်း မှိုင်းမခြင်းအမှု ပြုစရာ မရှိပါသောကြောင့် နတ်သိကြားတို့ ကူညီရအောင် မလာခြင်းဖြစ်သည်ဟု မှတ်ယူသင့်ပါကြောင်း၊ 'လူမစွမ်း နတ်မ'ဆိုသော စကားကိုထောက်၍ လူက မစွမ်း၍ နတ်တို့က ဖေးမကူညီရခြင်း ဖြစ်ပါကြောင်း၊ မင်းတရားကြီးမှာမူ စွမ်းသောသူဖြစ်၍ အရပ်ကူပါ နတ်ဝိုင်းပါဆိုသည်မျိုး မရှိနိုင်ပါကြောင်း၊ သို့ပါ၍ ဘယ်နတ် ဘယ်သိကြားမှ အကူအညီမလာခြင်း





အတွက် ရှက်တော်မမူသင့်ပါကြောင်း" လျှောက်ထားသောအခါ ဘိုးတော်မင်းတရား လွန်စွာ ဝမ်းမြောက်တော်မူ၏။

ဝမ်းမြောက်ထိုက်သည် ထင်ပါ၏။ လူသည် လူ၏ အစွမ်းအစကိုသာ သိသိသာသာ အားကိုး၍ရသည်။ ထင်ထင်ရှားရှား အားကိုး၍ရသည်။ အခြားအရာတို့ကို အားကိုးဖို့က သိသိသာသာ မရှိ၊ ထင်ထင်ရှားရှားမရှိ၊ မရှိပုံတို့ကို တွေးရင်းတွေးရင်း ပျို့တစ်ဆောင်မှ စာကြောင်းအချို့ကို သတိရပါသည်။

'... ကြောင်းကျိုးသိမြင်၊ လူတို့သည်ကား၊ ကြံစည်ခဲခက်၊ ပညာနက်၏။ ခံ့ခိုင်မြဲမြံ၊ လူတို့ကြံသော်၊ မခံနိုင်ရာ၊ ပြီးသည်သာတည့်'

စိတ်ထဲမှ ထိုစာကြောင်းများကို အထပ်ထပ် ရွတ်ဆိုမိသည်။ ရွှတ်ဆိုရင်း ရွှေစည်းခုံစေတီကြီး၏ ဖောင်းရစ်များသို့ လှမ်းမျှော်ကြည့်မိပါသည်။ ရွှေစည်းခုံကို မင်းနှင့်အတူ အသိပညာ အတတ်ပညာရှင်များ၊ ပြည်သူပြည်သားများ၊ လူစင်စစ်များက အမှန်တကယ် တည်ဆောက်ခဲ့ခြင်းဖြစ်သည်ဟု ထင်မြင်နေပါသည်။


ထိုနေ့က ရွှေစည်းခုံ၌ပင် တစ်နေကုန်ခဲ့ပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# လူတို့ကိုယ်တိုင်သာလျှင်



## လူတို့ကိုယ်တိုင်သာလျှင်

ထီးလိုမင်းလို ဂူဘုရားအပေါ်မှနေ၍ အနောက်ယွန်းယွန်းသို့ လှမ်းမြော်ကြည့်နေမိသည်။ မြင်တွေ့နေရသည့် ပုဂံ၏ စေတီပုထိုး ဂူဘုရား၊ သာသနိကအဆောက်အအုံတို့က အခြားနေရာတို့မှ မြင်ရသည်ထက် ပို၍နှစ်လိုဖွယ်၊ မြတ်နိုးဖွယ် တမ်းတဖွယ်ကောင်းနေသည်ဟု ထင်ပါသည်။

အနောက်ယွန်းယွန်းသို့ လှမ်းမျှော်ကြည့်နေရာမှ အီဂျစ်ရှိ ပိရမစ်ကြီးများ ဘုရားကျောင်းကြီးများဆီသို့ အတွေးဆန့်၍ စိတ်မှန်းဖြင့် မြင်ယောင်ကြည့်သည်။ ပုဂံရှိ စေတီပုထိုး ဂူဘုရား... အစရှိသည်တို့နှင့် ထိုပိရမစ်ကြီးများ၊ ဘုရားကျောင်းကြီးများ၏ နောက်ကွယ်၌ လဲလျောင်းနေသော လူ့ဘဝဖြစ်စဉ်ဆိုရာ အမြင်များ ယုံကြည်ချက် ခံယူချက်များ ခြားနားကြပုံကိုလည်း တွေးမိနေသည်။

'စေတီ'ဟူသော စကားသည် 'သင်္ချိုင်း'ဟူသော အနက်သဘောမျိုးကိုလည်း ဆောင်သည်ဟု ဆိုပါသည်။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံရှိ စေတီပုထိုး… အစရှိသည်တို့သည် ဂေါတမမြတ်စွာဘုရား၏ သွားတော်၊ ဆံတော်၊ ဓာတ်တော်… အစရှိသည်တို့ကို အမြတ်တနိုးထားသိုရာ သင်္ချိုင်းများဟု ဆိုနိုင်သည်။ အီဂျစ်ရှိ ပိရမစ်များသည်လည်း သင်္ချိုင်းများပင် ဖြစ်ကြသည်။ ထိုပိရမစ် သင်္ချိုင်းကြီးများသည် အီဂျစ်ဘုရင် ဖာရိုးများ Pharaohs နှင့် ၎င်းတို့၏ အဆောင်အယောင် ပစ္စည်းများကို မြှုပ်နှံထားသိုရာ အဆောက်အအုံကြီးများ ဖြစ်ကြသည်။ သို့ရာတွင် စေတီ၌ ထားသို မြှုပ်နှံခြင်းနှင့် ပိရမစ်၌ ထားသိုမြှုပ်နှံခြင်းတို့က မတူ၊ ထားသိုခြင်း၏ ရည်ရွယ်ချက်ချင်းကလည်း မတူ၊ ထားသိုရန်၊ အဆောက်အအုံ တို့ကို တည်ဆောက်ရာ၌ ထားရှိသော သဘောထား ရည်ရွယ်ချက် ချင်းကလည်း မတူ။ သို့ဖြစ်၍ ပုဂံစေတီပုထိုးတို့ နောက်ကွယ်၌ ရှိသော လူ့ဘဝအမြင် လောကအမြင်တို့နှင့် ပိရမစ်တို့နောက်ကွယ် ရှိ လူ့ဘဝအမြင် လောကအမြင်တို့ကလည်း မတူကြ။

အီဂျစ်ဘုရင် ဖာရိုးများသည် မသေမီကပင် ၎င်းတို့ သေလွန် ပါက မြှုပ်နှံရန် ပိရမစ်များကို ကိုယ်တိုင်ကွပ်ကဲ၍ ဆောက်လုပ် ကြသည်ဟု ဆိုသည်။ ဘီစီ ၃၀ ရာစုမှ ဘီစီ ၂၅ ရာစုအထိ သက်ဆိုင်ရာ ဘုရင်များသည် သက်ဆိုင်ရာ ပိရမစ်များကို တည် ဆောက်ခဲ့ကြသည်။ အစပထမတွင် မြေအုတ်တို့ဖြင့် တည်ဆောက် ကြရာမှ နောင်တွင် ကျောက်သားကျောက်အုတ်တို့ဖြင့် ကြီးကျယ်ခန့် ညားစွာ တည်ဆောက်နိုင်လာကြသည်။ ရှေးအကျဆုံး ပိရမစ်များ ကို ဂီဇေး Gizeg အရပ်တွင် တွေ့နိုင်သည်။





ပိရမစ် တည်ဆောက်မှု အတတ်ပညာ တိုးတက်သည်ထက် တိုးတက်လာခဲ့ရာ ဘီစီ ၂၈၈၅ တွင် ဘုရင်ဇိုဆာ Zoser အတွက် ဗိသုကာပညာရှင်ကြီး အင်ဟိုတက် Imhotep တည်ဆောက်ခဲ့သော ပိရမစ်ကြီးသည် ခန့်ညားထည်ဝါလှသည်။ ထိုပိရမစ်ကြီးသည် ၁၃ ဧကကျယ်သည်။ ကျောက်အုတ်ပေါင်း ၂,၃၀၀,၀၀၀ (နှစ်သန်း သုံးသိန်း) ပါဝင်သည်။ ကျောက်အုတ်တစ်တုံးသည် ပျမ်းမျှခြင်းအား ဖြင့် နှစ်တန်ခွဲလေးသည်။ ပိရမစ်၏ အောက်ခြေအနားတို့သည် ၇၅၆ ပေမျှရှည်၍ ပိရမစ်၏ အမြင့်သည် ပေ ၄၈၀ (ယခင်က ဆ ၅၀၀) ရှိသည်။ ထိုပိရမစ်ကြီးကို တည်ဆောက်ရာ၌ လုပ်သား တစ်သိန်းဖြင့် နှစ်ပေါင်း ၂၀ ကြာမျှ တည်ဆောက်ခဲ့ရသည်ဟုဆို သည်။ ထိုမျှ များပြားသော လုပ်သားများနှင့် ပိရမစ်ကြီး ပြီးမြောက် သည်အထိ အုပ်ချုပ်ကွပ်ကဲနိုင်သော ဘုရင်၏ စွမ်းရည်သတ္တိ ည်မှုကြီးမားသည်ကို ခန့်မှန်းကြည့်နိုင်သည်။

ဘီစီ ၃၀ ရာစုခန့်လောက်မှစ၍ အီဂျစ်ဘုရင်တိုင်း ပိရမစ် တည်ဆောက်ခဲ့သောကြောင့် ဘီစီ ၂၅ ရာစုအလယ်လောက် ရောက် ချိန်တွင် ပိရမစ်တွေ နိုင်းမြစ်တစ်လျှောက်၌ အမြောက်အမြား ရှိနေကြမည်ဖြစ်သည်။ ဂီဇေးအရပ်ရှိ ရှေးအကျဆုံး ပိရမစ်တစ်ခုမှ နေ၍ တောင်ဘက်သို့ မျှော်ကြည့်လိုက်လျှင် မိုင် ၆၀ လောက်အထိ ဗိမာန်များ တန်းစီ၍ တစ်မျှော်တစ်ခေါ်ရှိနေကြမည်။



www.burmeseclassic.com

www.burmeseclassic.com



နိုင်းမြစ် ယဉ်ကျေးမှုခေတ်ကြီး ၃ ခေတ်* အတွင်း တည်နေခဲ့သော အဆောက်အအုံများသည် ခန့်ညားကြီးကျယ်ကြသည်။ ပိရမစ်တို့ ဝန်းကျင်မှ သက်ဆိုင်ရာ ဘုရင်တို့၏ သက်ဆိုင်ရာ မှူးကြီးမတ်ရာ၊ ဆွေတော်မျိုးတော်များ၏ သင်္ချိုင်းများနှင့် ဘုရားဆောင်များကို တည်ဆောက်ပုံ ဗိသုကာလက်ရာများ၊ ဘုရားဆောင်များအတွင်းရှိ ဆေးရေးပန်းချီများသည်လည်း အံ့သြဖွယ်ကောင်းသည်။ ပိရမစ်ဘုရားကျောင်းထဲရှိ ဘုရင့်ရုပ်တုများသည်လည်း အံ့ဖွယ်ကောင်းလောက်အောင် အနုပညာလက်ရာမြောက်သည်။

ဂီဇေးတွင်ရှိသော ပိရမစ်ကြီးတစ်ခုရှေ့၌ တည်နေသော စဖင့် Sphinx ရုပ်တုကြီးသည် ကြီးကျယ်လှသည်။ ခန္ဓာကိုယ်က ၁၈၇ ပေရှည်၍ ဦးခေါင်းအမြင့်မှာ ပေ ၆၀ ရှိသည်။ ပိရမစ်ရှေ့၌ဝပ်လျက် ထိုပိရမစ်ကြီးကို စောင့်ရှောက်နေဟန် ပေါ်လွင်အောင် ထုလုပ်ထားခြင်းကလည်း အံ့သြဖွယ်ကောင်းသည်။

အီဂျစ်ပြည်၏ တတိယခေတ်အတွင်းက သိဘ် Thebes မြို့တော်မှ ဘုရားကျောင်းများသည်လည်း အံ့သြဖွယ်ကောင်းသည်။ ကာနက် Karnak ဘုရားကျောင်းခန်းမဆောင်တွင် အကြီးဆုံးသော တိုင်လုံးများရှိသည်။ တိုင်လုံးကြီး တစ်လုံးတစ်လုံး၏ ထိပ်သည် လူတစ်ရာ စု၍ မတ်တပ်ရပ်နိုင်လောက်အောင်ပင် ကျယ်သည်။

၁။ ပိရမစ်ခေတ် (ဘီစီ ၃၀ ရာစုမှ ဘီစီ ၂၅ ရာစုခန့်)
၂။ ကံကျွေးချခေတ် (ဘီစီ–၂၀၀ ခန့်)
၃။ လက်နက်နိုင်ငံခေတ် (ဘီစီ–၁၅၈၀ မှ ၁၁၅၀ ခန့်ထိ)





ထိုတိုင်လုံးကြီးများ၌ တန်ဆာဆင်ထားသော ပန်းချီ ပန်းပုတို့ကလည်း အံ့သြဖွယ်ကောင်းသည်။

အီဂျစ်တို့ ကိုးကွယ်သော နတ်ဘုရားတွေ အများအပြားရှိခဲ့သည်။ မြို့တိုင်း ရွာတိုင်း၌ မိမိတို့ နှစ်သက်ရာရာ ကိုးကွယ်သော နတ်များလည်း ရှိပေသေးသည်။ ထိုနတ်ဘုရားများစွာအနက်မှ နတ်ဘုရား ၂ ဆူကို အီဂျစ်တို့ အထူးတလည် ကိုးကွယ်ကြသည်ကို အထောက်အထားများအရ သိရှိရသည်ဟု ဆိုသည်။ နတ်ဘုရားတစ်ဆူမှာ ရေ Re ဟုခေါ်သော နေဘုရားဖြစ်၍ ထိုနတ်ဘုရားကို ပူဇော်ရန်အတွက် ဘုရားကျောင်းကြီးများကို ခမ်းနားစွာ ဆောက်ခဲ့ကြခြင်းဖြစ်သည်။ စင်စစ် ပိရမစ်သည် နေဘုရား၏ အထိမ်းအမှတ်ပင်ဖြစ်သည်။ ကျန်နတ်ဘုရားမှာ အိုစီရစ် Osiris ဖြစ်သည်။ ထိုနတ်ဘုရားကို ပူဇော်ရန်အတွက်လည်း ဘုရားကျောင်းကြီးများကို ခမ်းနားစွာ တည်ဆောက်ခဲ့ကြသည်။

ပိရမစ်များ တည်ဆောက်သည့်ခေတ်က အီဂျစ်တို့သည် ဘမလွန်ဘဝ ရှိသည်ကို ယုံကြည်ကြသည်။ တမလွန်ဘဝကို ယုံကြည်ခြင်းသည် တမလွန်သို့သွားသော တမလွန်သို့ ရောက်သော ဝိညာဉ် သို့မဟုတ် အတ္တတည်းဟူသော စိတ်အခြေခံ ဝတ္ထု Mental Substance ရှိခြင်းကို ယုံခြင်းပင်ဖြစ်သည်။ ထိုခေတ် အီဂျစ်တို့သည် "လူသေလျှင် လူပြန်၍ဖြစ်သည်"ဟု ယုံကြည်ကြသည်။ သို့ရာတွင် သေသောအလောင်းသည် ပျက်စီးပုပ်ဆွေးသွားခြင်းမရှိမှသာ ကောင်းစွာ လူပြန်ဖြစ်နိုင်သည်ဟု ယုံကြည်ကြသည်။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ထို့ကြောင့် လူသေသောအခါ အလောင်းကို မပုပ်မဆွေး မပျက်မစီးသော မံမီ Mummy ပြုလုပ်ရန် ဆေးစီရင်ကြသည်။ မံမီပြုလုပ်ထားခြင်းဖြင့် သေဆုံးသူ၏ ဝိညာဉ်သည် တစ်နေ့တွင် ပြန်လာလိမ့်မည်ဟု ထင်မှတ်ခြင်းများလည်းရှိသည်။ ဆေးစီရင်ပြီးသောအလောင်းကို သချိုင်း အဆောက်အအုံ၏ အောက်ဆုံးရှိ အခန်းငယ်ထဲတွင်ထည့်၍ ကျောက် အုတ် အင်္ဂတေတို့ဖြင့် အလုံပိတ်ပြီး မြှုပ်နှံသည်။ လူပြန်၍ ဖြစ်သောအခါ၌ ယခင်ဘဝဟောင်းက စည်းစိမ်ဥစ္စာတို့ကို ပြန်လည်ရရှိစေရန်အတွက် ဘုရင်တို့၏ အလောင်းများကို မြှုပ်နှံရာ၌ အလွန်အဖိုးထိုက်တန်သော အသုံးအဆောင် ရတနာတို့ကို ထည့်သွင်းလိုက်ကြသည်။ ပိရမစ်ကြီးများ ဆောက်ကြခြင်းသည် နောင်တမလွန်တွင် ဘဝကောင်းရရန်ဟူသော ရည်ရွယ်ချက်ဖြင့် တည်ဆောက်ခဲ့ကြခြင်း ဖြစ်ပါလိမ့်မည်။

ပိရမစ် တည်ဆောက်ကြသော ခေတ်နောက်တွင် လူနှင့် လူ့ဘဝ ဖြစ်စဉ်အပေါ် တွေးမြင်ယူဆပုံများ ပြောင်းလဲမှုများရှိသည်ဟု ဆိုသည်။ အီဂျစ်တို့သည် ဝိညာဉ်တည်းဟူသော စိတ်အခြေခံဝတ္ထု လူ၌တည်ရှိသည်ဟု တိတိကျကျ ခံယူလာကြသည်။ သူတို့က သေသောသူသည် နောင်တမလွန်တွင် လူအဖြစ်ဖြင့် အိုစီရစ်ဘုရားရှေ့တော်မှောက်သို့ ရောက်ရမည်။ ထိုသို့ ရောက်ပြီးနောက် လူ၏ ဝိညာဉ်ကို ချိန်ခွင်တွင်တင်၍ (မှန်ကန်ခြင်းနှင့် တရားမျှတခြင်းကို ဖော်ပြသော) ငှက်တောင်ဖြင့် ချိန်စက်ကြည့်ခြင်းကို ခံရမည်။





ောင်းမှု များများပြုလုပ်ခဲ့သူ၏ ဝိညာဉ်မှာ မစောင်းမငဲ့ ချိန်စက်နိုင်စွမ်းရှိမည်။ ထိုသူကို အိုစီရစ်ဘုရားက ခေါ်ဆောင်ထားမည်။ ကောင်းမှုများ ပြုခဲ့သူ၏ ဝိညာဉ်မှာမူ ငှက်တောင်ထက် လေးနေသည်ကို တွေ့ရမည်။ ထိုအခါ ထိုဝိညာဉ်ပိုင်ရှင်ကို အပြစ်ရှိသူဟု ဆုံးဖြတ်ကာ ထိုသူအား ငရဲပြည်၌ရှိသော ငရဲခွေးကြီးများ ကိုက်ခဲညှဉ်းဆဲခြင်းကို ခံစေရန် ပို့ဆောင်ခံရမည်ဟု ယုံကြည်ကြသည်။

ပုဂံ၏ စေတီပုထိုး ဂူဘုရား၊ ကျောင်း၊ တန်ဆောင်း…အစရှိသည့် သာသနိက အဆောက်အအုံများနောက်၌ ရှိနေသော လူ့ဘဝဆိုင်ရာ လူ့ဖြစ်စဉ်ဆိုင်ရာ အမြင်တို့က အီဂျစ်ရှိ ပိရမစ်ကြီးများ၊ ဘုရားကျောင်းကြီးများ… အစရှိသည့် အဆောက်အအုံတို့နောက်၌ရှိသော အမြင်များနှင့် ခြားနားနေခြင်းများရှိသည်။ ပုဂံ၏ စေတီပုထိုး ဂူဘုရား အစရှိသည့် အဆောက်အအုံတို့နောက်၌ ရှိနေသော လူ့ဘဝဆိုင်ရာ လူ့ဖြစ်စဉ်ဆိုင်ရာ အမြင်က… ဝိညာဉ်၏ တည်ရှိခြင်း သို့မဟုတ် စိတ်အခြေခံဝတ္ထု၏ တည်ရှိခြင်းကို လက်မခံ။ လူသေသောအခါ၌ လူ့ခန္ဓာမှ ဘာမျှထွက်ခွာပြောင်းရွှေ့သွားခြင်းမရှိဟု ရှုမြင်သည်။ လူ့ခန္ဓာမှ ဘာမျှထွက်ခွာပြောင်းရွှေ့သွားခြင်း မရှိသကဲ့သို့ လူ့ခန္ဓာဟောင်းအတွင်းသို့လည်း ဘာမျှ ပြန်ဝင်လာခြင်းမရှိ။ ထိုသို့ ဘာမျှဝင်ခြင်းထွက်ခြင်း မရှိသောကြောင့် လူတစ်ဦးသေလျှင် ထိုလူ၏ ဘဝကိစ္စမှန်သမျှ ပြီးဆုံးပြတ်စဲ ချုပ်ငြိမ်းသွားပြီဟူသော အမြင်မျိုးတော့ မရှိ။ အစွဲတကျာ အလုံးစုံ



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



မကုန်သေးသူဖြစ်လျှင်တော့... မိမိပြုသော စေတနာကံတို့အလျောက် ယနဘဝ သေခါနီးတွင် နိမိတ်တစ်မျိုးမျိုး ထင်ပေါ်လျက် ထိုနိမိတ်တစ်မျိုးမျိုးကို စွဲယူမှုဖြင့် သေလွန်ပါက ပြုခဲ့သော စေတနာကံတို့ ကြောင်းကျိုးဆက်စပ်ကာ ဘဝတစ်ခု စဉ်ဆက်ဖြစ်ပေါ်သည်ဟု ရှုမြင်သည်။

လူ၏ ဘဝဖြစ်စဉ်နှင့်တကွ ထိုလူ၏ အောင်မြင်မှု၊ ဆုတ်ယုတ်မှု၊ မြင့်မြတ်မှု၊ နိမ့်ကျမှု... အစရှိသည်တို့သည် မည်သည့်နတ်ဘုရားတို့၏ ဖန်တီးပြဋ္ဌာန်း စီရင်ခြင်းကြောင့်မျှ ဖြစ်ရသည်မဟုတ်၊ ထိုသူပြုသော စေတနာကံနှင့် အစွဲတဏှာတို့ကြောင့်သာ ပဓာနအားဖြင့် ဖြစ်ရခြင်းဖြစ်သည်။ လူမျိုးစု၊ လူ့အဖွဲ့အစည်း၊ တိုင်းနိုင်ငံတို့ တိုးတက်ခြင်း၊ နိမ့်ကျခြင်းတို့သည်လည်း ထိုလူမျိုးစု၊ ထိုလူ့အဖွဲ့အစည်း၊ ထိုတိုင်းနိုင်ငံရှိ လူများ၏ စေတနာကံ (ဝါ) လုပ်ဆောင်မှုတို့ကြောင့်ပင် ဖြစ်ရသည်။ မည်သည့် နတ်ဘုရားတို့ကြောင့်မျှ မဟုတ်ဟု ရှုမြင့်သည်။ ပုဂံ၏ စေတီ ပုထိုး ဂူဘုရားတို့၏နောက်၌ "အတ္တာဟိ အတ္တနော နာထော" ဟူသော "ကိုယ့်ကိုယ်ကိုယ် ကိုးကွယ်သောဝါဒ" ရှိသည်။ ကိုယ့်ကိုယ်ကိုယ် ကိုးကွယ်သော ဝါဒဆိုရာ၌ မိမိ၏ ကောင်းမြတ်သော စေတနာ၊ ဉာဏ်၊ ဝီရိယတို့ကို အားကိုးခြင်းကို ဆိုလိုသည်။

ထီးလိုမင်းလို ဂူဘုရားပေါ်မှ အနောက်ယွန်းယွန်းသို့ မျှော်ကြည့်ရင်းမှ ခန့်ညားသော ကြီးကျယ်သော ရင်သပ်ရှုမော အံ့သြဖွယ်ကောင်းသော ပိရမစ်ကြီးများ၊ ရုပ်တုကြီးများ၊ ဘုရားကျောင်း





ကြီးများကို မည်သည့်နတ်ဘုရားမျှ မပါဘဲ လူသားစစ်စစ်များကသာ တည်ဆောက်နေပုံကို မြင်ယောင်နေမိပါသည်။ ဓမ္မရံကြီး၊ သဗ္ဗညု၊ အာနန္ဒာ၊ စူဠာမဏိ... အစရှိသည့် ဘုရားများကိုလည်း လူသားစစ်စစ် ပုဂံပြည်သူ ပြည်သားတွေပင် တည်ဆောက်နေကြပုံကို မြင်ယောင်နေပါသည်။ ရွှေစည်းခုံစေတီကြီးကိုလည်း "လူတစ်ရစ် နတ်တစ်ရစ်" တည်ခြင်းမဟုတ်ဘဲ ပုဂံပြည်သူပြည်သား လူသားများကသာ တစ်ရစ်ပြီးတစ်ရစ် တည်ဆောက်နေသည်ကိုလည်း မြင်ယောင်နေပါတော့သည်။ ။



www.burmeseclassic.com

www.burmeseclassic.com

# ရွှေ့ခရီး တွင်စေဖို့



BURMESE CLASSIC .com

## ရွှေခရီး တွင်စေဖို့

ပုဂံမြို့ ငါဖုန်သင်ယောင်ဘုရား၏ အနောက်မုခ်ပေါင်းမိုး၌ ရေးဆွဲထားသော အနောတတ္တာရေအိုင်မှ မြစ်ကြီးလေးသွယ် စီးဆင်းပုံ ပန်းချီကို လေ့လာကြရင်းမှ မြန်မာတို့၏ နက္ခတ်ဆိုင်ရာ ယူဆချက်များအကြောင်းကို သူနှင့် စကားပြောဖြစ်နေကြပါသည်။ ပြောဆိုရင်းမှ နက္ခတ်ပညာနှင့် ပတ်သက်သော အထောက်အထားများကို တွေ့လိုတွေ့ငြား ပုဂံ၌ ရှာဖွေနေသူတစ်ဦးအဖြစ် သူ့ကို အားလည်လိုက်ပါသည်။

သူက 'ရောက်ရာနယ်တွင် သောကြာကြယ်လို ထွန်းတောက်ပါစေ'ဟူသော ဆုတောင်း၌ ပါနေသော 'သောကြာကြယ်' ဆိုသော စကားအသုံးအနှုန်းသည် မှားနေကြောင်း၊ သောကြာကြယ်သည် စင်စစ် ကြယ်မဟုတ်ဘဲ ဂြိုဟ် (Venus ဂြိုဟ်)သာဖြစ်ကြောင်း ပြောပြနေသည်။ ရှေးခေတ် မြန်မာတို့ ခံယူထားသော နက္ခတ်ဆိုင်ရာ အမြင်များနှင့် အိန္ဒိယ၏ နက္ခတ်ဆိုင်ရာ အမြင်တို့ ဆက်နွှယ်နေပုံကိုလည်း သူက ရှင်းပြနေသည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာတို့သည် ကြယ်၊ တာရာ၊ နက္ခတ်၊ ဂြိုဟ် စသည့် စကားများကို ရောထွေး၍ သုံးနှုန်းနေကြသည်။ ကြယ်ကို အင်္ဂလိပ် ဘာသာဖြင့် စတား (STAR) ဟုခေါ်သည်။ လက်တင်ဘာသာ၌ စတယ်လာ (STELA) ဟုခေါ်သည်။ လက်တင်ဘာသာသည် အင်ဒိုဥရောပ ဘာသာစကားအုပ်စုဝင်ပင် ဖြစ်သည်။ သို့ဖြစ်၍ STELA သည် သက္ကတ၊ ပါဠိတို့၌ တွေ့ရသော စတာရာ (STARA) သို့မဟုတ် တာရာ (TARA) ဟူသော စကားများမှ ဆင်းသက် လာဟန်ရှိသည်။ ထို 'စတာရာ' သို့မဟုတ် 'တာရာ'ကို မြန်မာတို့ က 'ကြယ်' သို့မဟုတ် 'ကြယ်စု'ဟု ခေါ်ဟန်ရှိကြောင်း၊ စင်စစ် တာရာကို 'ကြယ်စု'ဟု ခေါ်မှ မြန်မာနက္ခတ်ပညာအတွက် ပို၍ ဆီလျော်နိုင်ကြောင်းကို သူက ပြောပြသည်။

ကြယ်သည် စင်စစ် နေပင်ဖြစ်၍ သာမန်ကြယ် (ဝါ) နေ တစ်လုံး၌ အပူချိန်သည် စင်တီဂရိတ် သန်းနှင့်ချီ၍ ရှိနိုင်သည်။ သို့ဖြစ်၍ ကြယ်တည်းဟူသော နေသည် အလင်းလွှတ်ဝတ္ထု (သို့ မဟုတ်) ကိုယ်ပိုင်အလင်းရောင်ရှိသော ဝတ္ထုဖြစ်သည်။ အစဦး အလာက 'တနင်္ဂနွေဂြိုဟ်မင်း'ဟု ခေါ်ခဲ့သော ကျွန်ုပ်တို့၏ နေသည် သာမန်ကြယ်ငယ်တစ်လုံးသာဖြစ်သည်။ ထိုနေကို အခြားဂြိုဟ်များ က ဝိုင်းပတ်လှည့်လည်နေကြသည်။

ဂြိုဟ်သည် နေကဲ့သို့ အလင်းလွှတ်ဝတ္ထု (သို့မဟုတ်) ကိုယ် ပိုင်အလင်းရှိသော ဝတ္ထုမဟုတ်ချေ။ သို့ဖြစ်၍ ကျွန်ုပ်တို့နေကို ဝိုင်းပတ်လှည့်လည်နေသော ဂြိုဟ်များသည် နေကို မှီနေရသော





နေ၏အလင်းရောင်ကြောင့်သာ တောက်ပနေသော ပင်ကိုယ်အလင်း လွှတ်နိုင်ခြင်းမရှိသော အရာများဖြစ်သည်။ သို့ဖြစ်၍ 'ရောက်ရာ နေရာတွင် သောကြာကြယ်လို ထွန်းတောက်ပါစေ'ဟူသော ဆုတောင်းသည် မှားနေခြင်းဖြစ်ကြောင်း သူက ရှင်းပြနေသည်။

ထို့နောက် တာရာဆိုသောစကားနှင့် နက္ခတ်ဆိုသော စကား တို့ကို သူက ရှင်းပါသည်။ တာရာသည်လည်း ကြယ်စုဖြစ်၍ နက္ခတ်သည်လည်း ကြယ်စုပင်ဖြစ်သည်။ နေသွားလမ်းကြောင်း အနီးတစ်ဝိုက်တွင် မြန်မာတို့က နက္ခတ် (၂၇) လုံးကို မှတ်သားထား ကြသည်။ နက္ခတ်တစ်ခု တစ်ခု၌ ကြယ်တစ်လုံး (သို့မဟုတ်) တစ်လုံးထက်ပိုသော ကြယ်များပါဝင်နေသည်။ ရှေးခေတ်က နက္ခတ် ပညာရှင်များသည် ကောင်းကင်ကို လှမ်းကြည့်၍ ကြယ်အစုများကို ရုပ်ပုံများဖြင့် မှန်းဆပြီး မှတ်သားခဲ့ကြသည်။ ဥပမာ–အဿဝဏီ နက္ခတ်၌ ကြယ်လုံးရေ (၆) လုံးပါပြီး ပုံသဏ္ဌာန်က မြင်းခေါင်း သွယ်ဖြစ်သည်။ ဘရဏီနက္ခတ်၌ ကြယ်လုံးရေ (၃) လုံးပါပြီး ဒိုးလောက်နှင့်တူသည်... စသည်ဖြင့် ပုံများဖြင့် မှတ်သားခဲ့ကြ သည်။ ထို့အတူ တာရာဆိုသည်မှာလည်း ကြယ်စုများဖြစ်၍ ထို ကြယ်စုများ၏ တည်နေဟန်ကို မည်သည့်ပုံသဏ္ဌာန်နှင့်တူသည်။ ဥပမာ–လိပ်နှင့်တူသည်၊ ချိန်ခွင်နှင့်တူသည် စသည်ဖြင့် မှတ်သား ခဲ့ကြသည်။

မြန်မာတို့က နက္ခတ် (၂၇) လုံးကို သုံးလုံးလျှင် ယှဉ်တွဲကာ ခွဲခုထား၍ မှတ်သားကြသောကြောင့် တာရာ (၉) မျိုးဖြစ်လာ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ထို့ပြင် ရာသီ (၁၂) လကို နက္ခတ် (၂၇) လုံးနှင့် တွဲပုံများလည်း ရှိသေးသည်။ ဥပမာအားဖြင့် သီတင်းကျွတ်၊ တန်ဆောင်မုန်းလများတွင် အသဝဏီ၊ ဘရဏီ၊ ကြတ္တိကာဟူသော နက္ခတ်သုံးမျိုးကို မြင်နိုင်သည်။ ထိုနက္ခတ်တို့ကို ယှဉ်သော တာရာကြယ်စုမှာ ကျီးနှင့်တူသော ကြယ်စုဖြစ်သည်။ ယင်းကဲ့သို့ နက္ခတ်နှင့်တာရာတို့ ယှဉ်ပုံကို သူက အီကလစ်တစ်စက်ဝန်း (Ecliptic) ဇိုဒီယက် (zodiac) (တစ်ဆယ့်နှစ်ရာသီ ရာသီရုပ်စက်ဝန်း)များဖြင့် ရှင်းပြသည်။

ထို့နောက် သူက တိပိဋက ပါဠိမြန်မာအဘိဓာန်မှ ကူးယူထားသော နက္ခတ် (၂၇) လုံး သို့မဟုတ် (၂၈) လုံးနှင့် ပတ်သက်သည့် ရှင်းလင်းချက်ကို ပြပါသည်။ ရှင်းလင်းချက်မှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

နက္ခတ် ၂၇ လုံး (၂၈) လုံး-(၁) အဿယုဇ၊ အသဝဏီမြင်းနှင့်တူသော နက္ခတ်၊ ယင်းနက္ခတ်၌ အဿနတ်တည်နေသည်။ (၂) ဘရဏီ၊ ယမမင်းနှင့်တူသော နက္ခတ်၊ ယင်းနက္ခတ်၌ ယမနတ်တည်နေသည်။ (၃) ကတ္တိကာ (ကြတ္တိကာ)၊ မီးနှင့်တူသော နက္ခတ်၊ ဒဟနနတ် နေသည်။ (၄) ရောဟိဏီ၊ ကြာ၌ ပေါက်၊ ကြီးပွားသော နက္ခတ်၊ ကမလဇနတ် နေသည်။ (၅) မိဂသီသ (မဂသီ, မိဂသီ)၊ သားသမင် ဦးခေါင်းနှင့်တူသော နက္ခတ်အစု၊ သလိသဘူနတ် နေသည်။ (၆) အဒ္ဒါ (အဒြ)၊ ရုဒ္ဒရသနှင့် တူ၏၊ ကိုက်ခဲ တတ်သော နက္ခတ်ဖြစ်သည်။ အရိတိနတ် နေသည်။



(၇) ပုနဗ္ဗသု (ပုနဖုသျှု)၊ သတ္တဝါတို့၌ အစီးအပွားကို သွန်းလောင်းတတ်သော နက္ခတ်၊ ဇီဝနတ်နေသည်။ (၈) ပုဿ (ဖုဿ,ဖုသျှ)၊ အမှုလုပ်ငန်းတို့ တိုးပွားစေတတ်, တိုးတက်ကြီးပွားရာဖြစ်သော နက္ခတ်၊ ပဟိနိနတ် နေသည်။ (၉) အသိလေသ (အသလိသ)၊ မြွေနှင့်တူသဖြင့် မနမ်း မရှုပ်အပ်သော နက္ခတ်၊ ပိတရနတ်နေသည်။ (၁၀) မဃ (မာဃံ)၊ အမှုပြုလုပ်သူတို့ ပူဇော်အပ်သော နက္ခတ်၊ ယောနိနတ်နေသည်။ ဖဂ္ဂုနီအကျိုးပေးအပ်သော နက္ခတ်၊ (၁၁) ပုဗ္ဗဖဂ္ဂုနီ၊ အယျမနတ်နေသည်။ (၁၂) ဥတ္တရဖဂ္ဂုနီ၊ ဒိနကရနတ်နေသည်။ (၁၃) ဟတ္ထ (ဟသတ)၊ လက်နှင့်တူသော နက္ခတ်၊ အမ္ဗနတ်နေသည်။ (၁၄) စိတ္တ (စိတြ)၊ သစ်ရွေသမားနှင့်တူသဖြင့် ဆန်းကြယ်သော အကျိုးပေးတတ်သော နက္ခတ်၊ အမ္ဗနတ်နေသည်။ (၁၅) သာတိ (သွာတိ)၊ ကောင်းသောနေရာဖြစ်သော နက္ခတ်, ကောင်းမကောင်းကို နည်းပါးအောင် ပြုတတ်သော နက္ခတ်၊ ကောင်း-မကောင်းအကျိုးကို ပေးတတ်သော နက္ခတ်၊ ပဝနနတ်နေသည်။ (၁၆) ဝိသာခါ၊ မတူသောအကျိုးကို တူးဖြိုတတ်သော အထူးထူးသော အဆွေခင်ပွန်းရှိသော နက္ခတ်၊ သတ္တာနိနတ်နေသည်။ (၁၇) အနုရာဓ၊ ကောင်းကျိုး မကောင်းကျိုး ယင်း ၂ မျိုးကို ပြီးစေတတ်သော နက္ခတ်၊ မိတ္တနတ်နေသည်။ (၁၈) ဇေဋ္ဌ နက္ခတ်၊ အားလုံးထက်ကြီးမြတ်သော နက္ခတ်၊ သက္ကနတ်နေသည်။ (၁၉) မူလ၊ ကောင်းကျိုးမကောင်းကျိုး အမျိုးမျိုး၏ တည်ရာဖြစ်



www.burmeseclassic.com

www.burmeseclassic.com



သော နက္ခတ်၊ နိဒိတိနတ်နေသည်။ အာသာဠ္ဍ သူခစားတို့၏ တောင်ရေးသဏ္ဍာန်ရှိသော နက္ခတ်။ (၂၀) ပုဗ္ဗာသာဠ္ဍ၊ တောယနတ်နေသည်။ (၂၁) ဥတ္တရာသာဠ္ဍ၊ အဿုဒေဝနတ်နေသည်။ (၂၂) သဝဏ (သရဝဏ်)၊ ကောင်းကျိုး မကောင်းကျိုး အမျိုးမျိုးကို ပွားစေတတ်သော နက္ခတ်၊ ဟရိနတ်နေသည်။ (၂၃) ဓနိဋ္ဌ၊ ဥစ္စာပစ္စည်း ရှာမှီးကြောင်းဖြစ်ကြောင်း နက္ခတ်, သိုမှီးမြှုပ်နှံထားသော ပစ္စည်းဥစ္စာကို ထင်ရှားပြတတ်သော နက္ခတ်၊ ဝသုနတ်နေသည်။ (၂၄) သတဘိသဇ (သတဘိသျှ)၊ များစွာသော နတ်ဆေးသမား (များစွာသော ဆန်ကွဲ) ရှိရာဖြစ်သော နက္ခတ်၊ များသော ဆေးသမားတို့၏ အရှင်သခင်ဖြစ်သော နက္ခတ်၊ ဝရဏနတ်နေသည်။ ဘဒ္ဒပဒ (ဘဒြပိုဒ်)၊ နွားခြေထောက်နှင့်တူသော ခြေရှိသော နက္ခတ်။ (၂၅) ပုဗ္ဗ ဘဒ္ဒပဒ၊ အဇဒေဝနတ်နေသည်။ (၂၆) ဥတ္တရာဘဒ္ဒပဒ၊ အဟိဗြဏနတ် နေသည်။ (၂၇) ရေဝတီ၊ ဥစ္စာပစ္စည်းရှိသော နက္ခတ်၊ ရေဝတရသေ့၏ သမီးဖြစ်သော နက္ခတ်၊ ပုမာနတ်နေသည်။ အာသာဠ္ဍနက္ခတ်နှင့် သဝဏတို့အကြား၌ "အဘိဇိတ" (အဘိဇိတ်) နက္ခတ်ကို ထည့်သွင်းလျှင် ၂၈ လုံးဖြစ်သည်။

ရာသီ ၁၂ လကို နက္ခတ် ၂၇ လုံးနှင့် တွဲပုံမှာ (၁) တန်ခူးလ–စိတ္တ, သွာတိနက္ခတ်ယှဉ်သည်။ (၂) ကဆုန်လ–ဝိသာခါ, အနုရာဓ။ (၃) နယုန်–ဇေဋ္ဌ, မူလ။ (၄) ဝါဆို–ပုဗ္ဗာသာဠ္ဍ၊ ဥတ္တရာသာဠ္ဍ။ (၅) ဝါခေါင်–သာဝဏ, ဓနိဋ္ဌ။ (၆) တော်သလင်း–





သတဘိသဇ, ပုဗ္ဗဘဒ္ဒပဒ, ဥတ္တရာဘဒ္ဒပဒ။ (၇) သီတင်းကျွတ်–ရေဝတီ, အဿယုဇ, ဘရဏီ။ (၈) တန်ဆောင်မုန်း–ကတ္တိကာ ရောဟိနီ။ (၉) နတ်တော်–မိဂသီ, အဒ္ဒ။ (၁၀) ပြာသို–ပုနဗ္ဗသု, ပုဿ။ (၁၁) တပို့တွဲ–အသိလေသ, မာဃ။ (၁၂) တပေါင်း–ပုဗ္ဗဖဂ္ဂုနီ, ဥတ္တရ ဖဂ္ဂုနီ, ဟတ္ထ။

သူကဆက်၍ 'နက္ခတ်တို့အကြောင်းကို လေ့လာသင်ယူအပ်၏'ဟုဆိုသော စကားကို ဗုဒ္ဓစာပေတစ်နေရာ၌ တွေ့ရကြောင်း၊ ဤသို့ တွေ့ရသော်လည်း နက္ခတ်ပညာကို အပ်တိတကုတ် သင်ယူရမည်ဟု ဆိုလိုဟန်မရှိကြောင်း၊ တောနေရဟန်းများအဖို့ နက္ခတ်ကြည့်တတ်ပါက လမ်းမှန်ခရီးသွားနိုင်ရန် အချိန်ကာလ၊ ရာသီတို့ကို နားလည်သိမြင်ရန်အတွက်လောက်သာ ရည်ရွယ်ဟန်ရှိကြောင်း၊ ထိုသို့မဟုတ်ပါကလည်း စကြဝဠာကြီးနှင့်တကွသော အရာရာတိုင်းသည် ပြောင်းလဲခြင်း အနိစ္စသဘောကို ဆောင်နေသည်ဟု ဆင်ခြင်မိစေရန် ရည်ရွယ်ဟန်ရှိကြောင်း တွေးဆပြပါသည်။

စင်စစ် မြန်မာတို့ လက်ခံခဲ့သော ထေရဝါဒသည် နတ်မျိုးစောင့်နေသော နက္ခတ်များက လူတို့၏ ကံကြမ္မာကို ပြဋ္ဌာန်းခြယ်လှယ်ပေးနိုင်သည်ဆိုသော အချက်ကို လက်ခံလိမ့်မည်ဟု မိမိဆောင်မြင်ကြောင်း၊ ဂြိုဟ်စာကျေးခြင်းများ၊ တစ်စုံတစ်ယောက်သောသူ၏ သက်တမ်းသည် ဂြိုဟ်တစ်လုံး၏ သက်တမ်းနှင့် ယှဉ်



www.burmeseclassic.com

www.burmeseclassic.com



တွဲနေသည်ဟူသော အယူအဆများ၊ ဂြိုဟ်စီးဂြိုဟ်နင်း အယူအဆများ 'နက္ခတ်ယုဥ်မင်္ဂလာ' အယူအဆများကိုလည်း လက်ခံမည် မဟုတ်ဟု ထင်မြင်မိကြောင်း သူက ပြောပြပြီးနောက် ဇာတ်တော် တစ်ခု၌ နက္ခတ်ကောင်း အချိန်ကောင်းကို စောင့်ဆိုင်းနေမိသော ကြောင့် အခွင့်ကောင်းကို ဆုံးရှုံးလက်လွှတ်သွားရသူတစ်ဦး အကြောင်းကို ပြောပြပါသည်။ (သူပြောပြသော ဇာတ်မှာ ဧကက နိပါတ် ၄၉ ခုမြောက်ဖြစ်သော နက္ခတ္တဇာတကဖြစ်သည်ဟု သိရ ပါသည်) ထိုသို့ပြောပြီးနောက်...

နက္ခတ်ကောင်း အချိန်ကောင်းကို စောင့်ဆိုင်းနေသော အသိ ဉာဏ်မဲ့သူကို လိုအပ်သော အကျိုးသည် ကပ်လာပြီးမှ ထွက် ခွာသွားတတ်၏။ လိုအပ်သောအကျိုးကို ရခြင်းသည် လိုအပ် သောအကျိုး၏ နက္ခတ်ကောင်း၊ အချိန်အခါကောင်းပင်ဖြစ် တော့သည်။ ကောင်းကင်က ကြယ်တာရာတို့သည် အဘယ် အကျိုးကို ပြုနိုင်ကုန်အံ့နည်း...

...ဟူသော ဇာတ်တော်လာ စကားကို ရွတ်ပြပါသည်။ သူက နက္ခတ်တို့နှင့် ပတ်သက်၍ သူ လေ့လာနေခြင်းသည် ရှေးခေတ် အယူအဆများကို သိချင်သောကြောင့် လေ့လာနေခြင်းသာဖြစ် ကြောင်း၊ လက်ခံကျင့်သုံးဖို့ရန် လေ့လာနေခြင်း မဟုတ်ကြောင်း ဗုဒ္ဓဝါဒီပီပီ အစွဲအလမ်းများကို အဖြစ်နိုင်ဆုံး ပယ်နေသူဖြစ်ပါ ကြောင်း၊ ပစ်ပယ်ရမည့် နက္ခတ်စွဲအချို့ကိုလည်း ပယ်ပြီးဖြစ်ပါ ကြောင်း ရှည်လျားစွာ ပြောပြပြီးနောက် နိဂုံးချုပ်သည့်အနေဖြင့်...






'မကောင်းတဲ့ အစွဲတွေ ကုန်လာလေလေ၊ နေရထိုင်ရ ရဲဝံ့ သွက်လက်လာလေလေအဖြစ်ကို ရောက်လာမှာပေါ့ဗျာ၊ မလိုလား အပ်တဲ့ အတိတ်ကအရာတွေကို ဖယ်ချ၊ ဖဲ့ချလိုက်ရင် အနာဂတ်ကို သွားတဲ့ ခရီးမှာ ပိုပြီးသွက်လက်မှာပေါ့'ဟူသော စကားကို သူက ဆိုပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com



အနီးအပါးမှ မခွာသော
အတွေးအမြင်များ

## အနီးအပါးမှမခွာသော အတွေးအမြင်များ

(၁)

ပုဂံရွှေဆံတော်စေတီကြီး၏ တောင်ဘက် ‘ငါဖုန်သင်ယောင် ဂူဘုရား’အတွင်းရှိ စက်ဝိုင်းပန်းချီများကို ကြည့်ရင်း ပုဂံသူ ပုဂံသားတို့ ထိန်းသိမ်းစောင့်ရှောက်ခဲ့သော ထေရဝါဒရှိ စကြဝဠာနှင့် ပေါ်လျှင်းသော အကြောင်းအရာများကို သူနှင့် ကျွန်တော် ပြောဖြစ်နေကြသည်။ ဤအကြောင်းအရာများကို ပြောရင်းမှ သူက... ကျွန်ုပ်တို့ ကမ္ဘာကြီးနှင့် လူသတ္တဝါတို့ မကြာမီ ရင်ဆိုင်ရဟောမည့် သားအန္တရာယ်များအကြောင်းကို အလေးအနက် ပြောပါသည်။ သူ့စကားသံ၌ စိုးရိမ်ထိတ်လန့်သံတွေပင် ပါနေသည်ကို အမှတ်ရနေပါသည်။ သူပြောပြသည်များကို အကျဉ်းချုံးလိုက်လျှင် အောက်ပါကဲ့သို့ ဖြစ်ပါလိမ့်မည်။



www.burmeseclassic.com

www.burmeseclassic.com



(၂)

ကျွန်ုပ်တို့ကမ္ဘာ၏ သက်တမ်းအတွင်း၌ ရာပေါင်းများစွာသော အရွယ်အစားမျိုးစုံသော ကြယ်တံခွန်များသည် ကမ္ဘာကြီးကိုဝင်၍ တိုက်ခဲ့ကြသည်။ ကမ္ဘာ့လေထုအတွင်းသို့ ကြယ်တံခွန်တို့၏ အစိတ်အပိုင်းများသည် တန်ပေါင်းရာထောင်ချီ၍ ဝင်လာခဲ့ကြဖူးသည်။ လွန်ခဲ့သော နှစ်ပေါင်း ၆၅ သန်းခန့်က ကြယ်တံခွန်၏ အစိတ်အပိုင်းများသည် ကျွန်ုပ်တို့ကမ္ဘာကို ဝင်၍တိုက်ခဲ့ဖူးသည်။ ထိုသို့ ဝင်ရောက်၍ တိုက်လာသော ကြယ်တံခွန်အစိတ်အပိုင်းများ၏ ထိမှန်မှုကြောင့် ဒိုင်နိုဆောသတ္တဝါကြီးများ မျိုးပြုန်းလုမတတ် ဖြစ်သွားသည်။ ထို့နောက် များမကြာမီ ဤကမ္ဘာမှ ဒိုင်နိုဆောသတ္တဝါများ အစတုံး ပျောက်ကွယ်သွားကြသည်ဟု သိပ္ပံပညာရှင်အချို့က ဆိုကြသည်။ အချို့က ဆိုသောအဆိုဖြစ်သောကြောင့် အားလုံးက လက်ခံချင်မှတော့ လက်ခံကြလိမ့်မည်။ သို့ရာတွင် ဒိုင်နိုဆောတို့ ဤကမ္ဘာမှ မျိုးပြုန်းပျောက်ကွယ်သွားကြခြင်းကတော့ အမှန်ပင် ဖြစ်သည်။

ဒိုင်နိုဆောတို့ ဤကမ္ဘာမှ မျိုးပြုန်းပျောက်ကွယ်သွားခြင်း အကြောင်းကြားရသောအခါ ကြားရသူတို့သည် မိမိတို့နှင့် မဆိုင်သလိုလို ထိတ်လန့်ရကောင်းမှန်း မသိသလိုလို ဖြစ်ကြပါလိမ့်မည်။

စင်စစ် ဒိုင်နိုဆောများသည် ဤကမ္ဘာပေါ်၌ နှစ်ပေါင်းသန်း ၁၅၀ ခန့်မျှ အသက်ရှင်နေခဲ့နိုင်စွမ်းသူများဖြစ်သည်။ ဤကမ္ဘာပေါ်၌ လူတို့သည် လူအဖြစ်ဖြင့် နေထိုင်ခဲ့ခြင်းမှာ နှစ် ၄ သန်းမျှ





င် မရှိသေး၊ လူတို့ ဤကမ္ဘာပေါ်မှ မကြာခင် ပျက်စီးမျိုးပြုန်းရ တော့မည့် အခြေအနေများ ဖြစ်ပေါ်လာနေပြီဟု သိပ္ပံပညာရှင်တို့က သတိပေးနေကြသည်။

လူတို့ မျိုးပြုန်းတော့မည့် အခြေအနေများ ဖြစ်ပေါ်နေပြီဟု သတိပေးနေသော်လည်း ယနေ့ ကမ္ဘာကြီး၌ တစ်စက္ကန့်တွင် လူ (၃) ဦးခန့် မွေးဖွားလျက်ရှိသည်။ သို့ဆိုလျှင် တစ်ရက်အတွင်း၌ပင် ဦးရေ နှစ်သိန်းငါးသောင်းကျော်ခန့် တိုးလျက်ရှိသည်။ လူတွေ တိုးတက်များပြားလာမှုကြောင့် မြို့ကြီးများသည် မွန်းကျပ်မှုအမျိုး မျိုး၊ ရောဂါအမျိုးမျိုး၊ ဝန်းကျင်ညစ်ညမ်းမှု အမျိုးမျိုးဖြစ်လျက်ရှိ သည်။ ကမ္ဘာ့အကြီးဆုံး မြို့ကြီးများ၌ ရက်သတ္တတစ်ပတ်အတွင်း ဦးရေ... ၁,၀၀၀,၀၀၀ ခန့် တိုးတက်လျက်ရှိသည်။ ထိုသို့ လူတွေတိုးတက်များပြားလာမှုကြောင့် မြို့ကြီးများသည် မွန်းကျပ်မှု အမျိုးမျိုး၊ ဝန်းကျင်ညစ်ညမ်းမှုအမျိုးမျိုး ဖြစ်ပေါ်လျက်ရှိသည်။ ဝန်းကျင်ညစ်ညမ်းမှုကြောင့် ဖြစ်ပေါ်လာသော ရောဂါများကို ကုသ သည့် စားရိတ်များ အဆမတန် တက်၍လာပုံကို ကမ္ဘာ့ဘဏ်မှ ထုတ်ပြန်ချက်များတွင် ဖော်ပြထားသည်။ ဆေးပညာ၏ အစွမ်း ထက်မြက်မှုတို့ကြောင့် လူတို့ အသေအပျောက်နည်းသည် ဆိုသော်လည်း ပျက်စီးနေသော အိုဇုန်းလွှာသည် ယခုအတိုင်းသာ ဆက်လက်ပျက်စီးနေသည်ဆိုလျှင် လူတို့ မကြာမီ ဤကမ္ဘာမှ မျိုးပြုန်းသွားအောင် ဖန်တီးမည့် အခြေအနေများ ဖြစ်ပေါ်လာတော့ မည်ဟု သိပ္ပံပညာရှင်များက သတိပေးနေကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ဤကမ္ဘာကြီး၌ လူဦးရေ အဆမတန် များပြားလာမှုကြောင့် လူတွေ နေထိုင်ဖို့ နေရာတွေ ချဲ့နေကြရသည်။ နေရာချဲ့ရင်း သစ်တောများ စိုက်ပျိုးနိုင်သော နေရာများ ပြုန်းတီးကုန်ကြသည်။ လူတို့ စားဝတ်နေရေးအတွက် သစ်ပင်များကို ခုတ်လှဲကြသည်။ လောင်စာအဖြစ် အသုံးပြုမီးရှို့ပစ်ကြသည်။ အခြား လူ့အသုံး အဆောင် အမျိုးမျိုးအတွက်လည်း သစ်ပင်များကို အတောမသတ် ခုတ်လှဲကြသည်။ သို့နှင့် သဘာဝသစ်တောတွေ ပြုန်းတီးလာရာမှ ထိုပြုန်းတီးသွားသော နေရာများက လွင်တီးခေါင်များ ဖြစ်လာကြသည်။ ထိုလွင်တီးခေါင်များ ဖြစ်လာသောကြောင့် မိုးရွာသောအခါ ရေကို မြေကထိန်းမထားနိုင်၊ ထိုသို့ထိန်းမထားနိုင်မှုမှ အကြောင်းဆက်၍ ရေကြီးခြင်း၊ မိုးခေါင်ခြင်းတွေ တစ်လှည့်စီဖြစ်ကြသည်။ မြေဆီလွှာတွင် ရေကို ထိန်းမထားနိုင်သောအခါ မြေဩဇာညှံ့ဖျင်း၍ ကောက်ပဲသီးနှံတို့၌လည်း လူတို့ကို အာဟာရဖြစ်စေသော အစွမ်းသတ္တိတို့ ကုန်ခန်းသွားကြမည်။ အာဟာရပြည့်ဝစွာမရသော လူတို့၌ ရောဂါပေါင်းစုံ ဝင်ရောက်လာနိုင်သည်။ အသက်တန်းတို့လည်း ဆုတ်ယုတ်သွားနိုင်သည်။

လူတို့သည် အစာရေစာအတွက်၊ နေရေး ဝတ်ရေးတို့အတွက် တိုးတက်ပါသည်ဆိုသော စက်မှုအတတ်ပညာ၊ နည်းပညာတို့ဖြင့် မြေပေါ်မြေအောက် ပင်လယ်ပြင်တို့ပါမကျန် သဘာဝအရင်းအမြစ်များကို ထုတ်ယူသုံးစွဲနေကြသည်။ စင်စစ် လူတို့သည် လူတို့၏ တတ်သိစွမ်းရည်တို့ဖြင့် သဘာဝတရားကို အနိုင်ကျင့်နှိပ်စက်ရင်း





သဘာဝတရားကြီးကို ဖျက်ဆီးဖြိုခွဲနေခြင်းဖြစ်သည်။ စက်မှုအတတ်ပညာတို့ဖြင့် သဘာဝကို အနိုင်ယူဖို့ တည်ဆောက်ခဲ့ကြသော စက်ရုံ အလုပ်ရုံမျိုးစုံတို့မှ စွန့်ပစ်ပစ္စည်းတို့သည် များသည်ထက် များလာကာ ဝန်းကျင်ညစ်ညမ်းမှုများ ဖြစ်လာခဲ့သည်။ ကျယ်ပြန့်လှပါသည်ဆိုသော ပင်လယ်သမုဒ္ဒရာကြီးများသည်ပင် စွန့်ပစ်ပစ္စည်းများကြောင့် ညစ်ညမ်းလာကြသည်။ လူတို့က လောင်စာဆီ အမျိုးမျိုး အသုံးပြုမှုကြောင့် ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြား အခြားသော လူတို့ဖန်တီးတီထွင်ထားမှုများမှ ထွက်ပေါ်လာသော ဓာတ်ငွေ့မျိုးစုံသည် လေထုကို ညစ်ညမ်းစေလျက်ရှိသည်။ ထိုညစ်ညမ်းမှုက လူတို့၏ ရုပ်ပိုင်းဆိုင်ရာတို့ကိုသာမက စိတ်ပိုင်းဆိုင်ရာတို့ကိုလည်း အန္တရာယ်ပြုလျက်ရှိကြသည်။ ထိုမျှမဟုတ်သေး။ သုံးကုန် အမျိုးအစားများစွာကို ထုတ်လုပ်မှုပြုရာမှ ပေါ်ထွက်လာသော ကလိုရိုဖလူရိုကာဗွန် (စီအက်ဖ်စီ CFC) ဓာတ်ငွေ့များက အိုဇုန်းလွှာကို အကြီးအကျယ် ဖျက်ဆီးလျက်ရှိသည်။

စီအက်ဖ်စီ CFC သည် လူတို့ သက်သာလွယ်ကူ အဆင်ပြေရေးအတွက် များစွာမှ အထောက်အကူပြုခဲ့သကဲ့သို့ရှိသည်မှာ မှန်ပါ၏။ အမေရိကန်ပြည်ထောင်စု၌ နေ့စဉ်စားသုံးနေသော အစားအစာ ၇၅ ရာခိုင်နှုန်းကို စီအက်ဖ်စီများ အသုံးပြုထားသော အအေးခန်းများထဲတွင် သိုမှီးကြသည်။ စီအက်ဖ်စီက ဆေးမှုတ်ခြင်း၊ ဖျန်းလဲခြင်း အလုပ်များကိုလည်း လုပ်ပေးသည်။ လူတို့ သက်သာလွယ်ကူ အဆင်ပြေစွာ သုံးနိုင်သော ပလပ်စတစ်ပစ္စည်းများ၊ အခု



www.burmeseclassic.com

www.burmeseclassic.com



အခံ ပစ္စည်းများကိုလည်း စီအက်ဖ်စီကို အသုံးပြု၍ ပြုလုပ်ကြသည်။ ကွန်ပျူတာစက်ရုံများ၌ ဖုန်သန့်ရှင်းပေးသော ဆေးရည်အဖြစ် ထုတ်လုပ်ရာ၌လည်း စီအက်ဖ်စီကို အသုံးပြုသည်။ စားသောက်ကုန် ဂိုဒေါင်များ၊ ကုန်ရုံများတွင် ပိုးသတ်ဆေးဖျန်းသည့်အခါ၌လည်း စီအက်ဖ်စီကို အသုံးပြုကြသည်။ ကော်ဖီထည့်သည့် ရေမြှုပ်ခွက်များ၊ ကြက်ဥထည့်သည့် ဘူးများ၊ အစားအသောက် ပါဆယ်ထုပ် ထည့်ပေးသည့် ဘူးများပြုလုပ်ရာတွင်လည်း စီအက်ဖ်စီသည် ပါဝင်လုပ်ဆောင်လျက်ရှိသည်။ လုပ်ငန်းသုံးပစ္စည်း အများအပြားကို စီးပွားဖြစ် ထုတ်လုပ်ရာ၌ စီအက်ဖ်စီသည် လွန်စွာမှ အရေးပါလာသည်။ သို့ဖြစ်၍ စီးပွားရေးသမားများ၏ မက်လုံးပေးမှုကြောင့် အလိုလောဘ မကင်းနိုင်ကြသော ပညာရှင်တို့က စီအက်ဖ်စီများကို ထုတ်ပေးခဲ့ကြရာ ယခုအခါ၌ (စီအက်ဖ်စီ၌ ပါသော ဖလူအိုရင်းနှင့် ကလိုရင်းအက်တမ်များ၏ အရေအတွက်ကိုလိုက်၍) $CFC_{11}$ နှင့် $CFC_{12}$ ဟု အမည်ပေး၍ပင် ထုတ်ပေးခဲ့ကြသည်။ စီးပွားရေးသမားများသည် မိမိတို့ အလိုလောဘ အကျိုးရလဒ်အထိလောက်သာရောက်သော၊ မိမိတို့ အလိုလောဘ ဂုဏ်သိက္ခာ၏ အနီးအပါးလောက်သာရောက်သော အတွေးအမြင်တို့ဖြင့် စီအက်ဖ်စီကို အသုံးပြုကာ လုပ်ငန်းသုံး ပစ္စည်းများကို အများအပြား ထုတ်ကြသည်။ စီးပွားရေးသမားများ၊ စီအက်ဖ်စီကို ထုတ်လုပ်သူများသည် မိမိတို့ အလိုလောဘမှ ကျော်လွန်၍ ကမ္ဘာ့လူသတ္တဝါ အများအပြားကို



စီအက်ဖ်စီက မည်ကဲ့သို့ အကျိုးဆုတ်ယုတ်စေနိုင်သည်ဟူသော အတွေးအမြင်မျိုးကို မတွေးလိုကြ။

စီအက်ဖ်စီများသည် ဒြပ်သေများဖြစ်ကြသည်။ ဒြပ်သေများဖြစ်သောကြောင့် စီအက်ဖ်စီများသည် အခြားဓာတ်များကဲ့သို့ ရက်ပိုင်းလပိုင်းလောက်ဖြင့် ပျက်စီးသွားခြင်းမရှိဘဲ နှစ်ပေါင်းရာနှင့်ချီ၍ ပျက်မစီး ရှိနေနိုင်သည်။

သိပ္ပံပညာရှင်တို့က ထိုစီအက်ဖ်စီ CFCတို့သည် လေထုထဲတွင် တဖြည်းဖြည်း မြင့်တက်သွား၍ ၅ နှစ်အတွင်း စထရက်တိုဖီးယား လေထုအလွှာအထိ ရောက်သွားကြသည်ဟု ဆိုသည်။ ထိုလေထုအလွှာသို့ ရောက်သောအခါ စီအက်ဖ်စီ CFC တို့သည် ဓာတုဖွဲ့စည်းမှုအရ အိုဇုန်းဒြပ်များနှင့် ပူးပေါင်းကာ ထိုအိုဇုန်းများကို ဖျက်ဆီးလေတော့သည်။ ဆိုလိုသည်မှာ စီအက်ဖ်စီ CFC တွင် ပါသော ကလိုရင်းအက်တမ်တစ်လုံးသည် အိုဇုန်း $O_3$ နှင့် ပေါင်းလိုက်၍ ဓာတ်ပြောင်းရာ၌ $O_2$ ကို ဖြစ်စေသည်။ ထိုသို့ဖြစ်စေ၍ ကလိုရင်းမိုနောက်ဆိုက်ဒြပ်ကို ထုတ်ပေးသည်။ ဆက်၍ ဒုတိယအကြိမ် ဓာတ်ပြောင်းလဲမှုဖြစ်ရာ၌ ကလိုရင်းမိုနောက်ဆိုက်သည် အောက်စီဂျင် O တစ်လုံးတည်းနှင့် ဓာတ်ပေါင်းလိုက်၍ $O_2$ ဖြစ်လာသောအခါ ကလိုရင်းအက်တမ်တစ်လုံး ထွက်လာပြီး အိုဇုန်းများကို ဖျက်ဆီးမှုပြုသည်။ ကလိုရင်းအက်တမ်တစ်လုံးသည်ပင် အိုဇုန်းဒြပ် ထောင်ပေါင်းများစွာကို ဖျက်ဆီးနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



ယခုအခါ၌ စထရက်တိုစဖီးယား လေထုအလွှာသို့ ကမ္ဘာမှ လွင့်တက်သွားသော စီအက်ဖ်စီ CFC ဓာတ်ငွေ့၏ ပမာဏသည် တန်ချိန်အားဖြင့် သန်း ၂၀ ကျော်ပင်ရှိနေကြောင်း စမ်းသပ်တွေ့ရှိရသည်ဟု ဆိုသည်။ ထိုစီအက်ဖ်စီ CFC တို့သည် အိုဇုန်းလွှာကို နှစ်ပေါင်းများစွာ ဖျက်ဆီးနေနိုင်စွမ်းကြမည်ဖြစ်သည်။

လူသတ္တဝါတို့ကို အန္တရာယ်ပြုနိုင်သော နေမှလာသည့် ခရမ်းလွန်ရောင်ခြည် Ultra Violet Ray ကို အိုဇုန်းလွှာက ကာကွယ်ပေးထားသည်။ အိုဇုန်းလွှာသာ မရှိပါက ကျွန်ုပ်တို့ ကမ္ဘာကြီးသည် အဖက်ဖက်၌ ဖောက်ဖောက်ပြန်ပြန်တွေ ဖြစ်ကုန်နိုင်သည်။ နေရောင်၌ အရောင်ခုနစ်မျိုး (ခရမ်းရောင်၊ အညိုရောင်၊ အစိမ်းရောင်၊ အပြာရောင်၊ အဝါရောင်၊ လိမ္မော်ရောင်၊ အနီရောင်) ပါဝင်လျက်ရှိသည်။ ရောင်ခြည်လှိုင်း အတိုင်းအတာအရ ထိုအရောင်ခုနစ်မျိုးသည် (400 nm) နှင့် (760 nm) ကြားတွင်ရှိသည်။ ခရမ်းရောင် Violet သည် ရောင်ခြည်လှိုင်း (400 nm) တွင် လည်းကောင်း၊ အနီရောင်သည် ရောင်ခြည်လှိုင်း (760 nm) တွင်လည်းကောင်း ရှိကြသောကြောင့် ရောင်ခြည်လှိုင်း (400 nm) ရောင်ခြည်ကို 'ခရမ်းလွန်ရောင်ခြည်' Ultra-Violet Rays ဟုခေါ်သည်။ ရောင်ခြည်လှိုင်း 760 nm ထက်ပိုသော ရောင်ခြည်ကို အနီအောက်ရောင်ခြည် Infra- Red Rays ဟုခေါ်သည်။ ထိုခရမ်းလွန်ရောင်ခြည်ကြောင့် လူတို့၌ အရေပြားကင်ဆာများကိုရရှိ၍ လူတွေ မျိုးတုံးသွားလေမည်လော၊ ထိုခရမ်းလွန်ရောင်ခြည်ကြောင့် လူတို့၏ မျက်စိ





အတွင်းပိုင်း အလွှာများကို ပျက်စီးနိုင်၍ လူတို့ကမ္ဘာသည်မျက်ကန်းတို့ကမ္ဘာ အဖြစ်သို့ ရောက်သွားလေမည်လောဟု သိပ္ပံပညာရှင်တို့က စိုးရိမ်ကြသည်။

အိုဇုန်းပျက်စီးမှုကြောင့် မကြာတော့သည့်ကာလတွင် ကမ္ဘာ၌ အပူချိန်များ မြင့်တက်လာမည်။ ထိုသို့ အပူချိန် မြင့်တက်လာမှုကြောင့် မြောက်ဝင်ရိုးစွန်း၊ တောင်ဝင်ရိုးစွန်းတို့မှ ရေခဲတောင်များ၊ ကမ္ဘာ့တောင်တန်းကြီးများပေါ်မှ ရေခဲပြင်ကြီးများ အရည်ပျော်နိုင်သည်။ ထိုအခါ ပင်လယ်သမုဒ္ဒရာရေပြင်တို့ မြင့်တက်လာနိုင်သည်။ အပူချိန် မြင့်တက်လာမှုကြောင့်ပင် ပင်လယ်သမုဒ္ဒရာတို့၏ ပင်ကိုရေပြင် မြင့်တက်လာပါက မုန်တိုင်းများ၊ ရေကြီးခြင်းဘေးများ ဖြစ်ပေါ်လာ၍ ကမ္ဘာ့ရာသီဥတုများသည် အကြီးအကျယ် ပြောင်းလဲဖောက်ပြန်သွားနိုင်သည်။ ရာသီဥတုတို့ ဖောက်ပြန်မှုကြောင့် စိုက်ပျိုးထွန်ယက်မှုတို့ ပျက်စီးခြင်းဖြင့် လူတို့ကမ္ဘာ၌ ဒုဗ္ဘိက္ခန္တရကပ်... ထိုမှထပ်ဆင့်၍ ရောဂန္တရကပ်၊ ထိုမှ သတ္တန္တရကပ်တို့ ဆိုက်ရောက်ကာ လူသတ္တဝါတို့ ဤကမ္ဘာမှ ပျောက်ကွယ်သွားကြတော့မည်လော။

ဒိုင်နိုဆော သတ္တဝါတို့သည် ဤကမ္ဘာပေါ်တွင် နှစ်ပေါင်းသန်း ၁၄၀ ကျော်၊ ၁၅၀ ခန့် နေနိုင်ခဲ့ကြသည်။ လူတို့၏ ဤကမ္ဘာပေါ်၌ လူအဖြစ် ရပ်တည်နိုင်ခဲ့သည်မှာ ကျောက်ဖြစ်ရုပ်ကြွင်းအထောက်အထားများအရ နှစ် ၄ သန်းမျှပင် တင်းတင်းမပြည့်



www.burmeseclassic.com

www.burmeseclassic.com



သေး။ ထိုသို့ နှစ် ၄ သန်းပြည့်အောင်ပင် ဤကမ္ဘာ၌ မနေရသေးသော လူတို့ကို မျိုးတုံးသွားရန် အခြေအနေတွေက ဖြစ်ပေါ်လာလျက်ရှိသည်။

(၃)

အထက်ပါ အကြောင်းအရာများကို ပြောပြီးနောက် သူက "ဒိုင်နိုဆောသတ္တဝါတွေ မျိုးတုံးခဲ့ရတဲ့အကြောင်းနဲ့ လူတွေ မျိုးတုံးမည့်အကြောင်းတွေကို ခင်ဗျား စဉ်းစားကြည့်၊ ဒိုင်နိုဆောတွေ မျိုးတုံးခဲ့ရတာဟာ သဘာဝတရားရဲ့ နှိပ်စက်မှုကြောင့်ပဲ၊ သဘာဝတရားရဲ့ အချယ်အလှယ်ကို ခံလိုက်ရလို့ပဲ၊ လူသတ္တဝါတွေကတော့ အသိဉာဏ် မြင့်တယ်။ အသိဉာဏ်ရှိတော့ လူသတ္တဝါတွေဟာ သဘာဝတရားရဲ့ နိယာမတွေ ဖြစ်စဉ်တွေကို နားလည်နိုင်စွမ်းတယ်။ ဒီလို နားလည်တဲ့ အသိတွေနဲ့ လူသတ္တဝါတွေဟာ သဘာဝတရားကို ချုပ်ကိုင်ခြယ်လှယ်နိုင်စွမ်းတယ်။ သူတို့အလိုကျဖြစ်အောင် သဘာဝတရားကို ဇက်ချုပ်ပြီး ခိုင်းစေတယ်။ လွှမ်းမိုးအနိုင်ယူတယ်။ သူတို့အလိုကျ အသုံးချနိုင်စွမ်းတယ်။ ဒီလို စွမ်းနိုင်တာကိုပဲ လူတွေဟာ ဂုဏ်ယူနေတတ်သေးတယ်။ သတ္တလောကမှာ လူဟာ အတော်ဆုံး၊ အတတ်ဆုံး၊ အမြင့်မြတ်ဆုံးအဖြစ်ကိုပေါ့။ ဒါပေမဲ့ အတော်ဆုံးအတတ်ဆုံးဆိုတဲ့ လူ၊ ဒါမှမဟုတ် ပညာရှင် လူသတ္တဝါဟာ အမြင့်ကြီးမှာရှိတဲ့ သစ်ကိုင်းအဖျားပိုင်းမှာထိုင်ပြီး သစ်ကိုင်းအရင်းပိုင်းကို ခုတ်ပိုင်းနေမိတယ်ဆိုတာ မေ့လျော့နေတတ်တယ်။ အဲဒီ





လူဟာ မိမိကြောင့်ပဲ အမြင့်ကကျပြီး ဘဝတုန်းနိုင်သလို လူတွေဟာလည်း လူတွေရဲ့ လုပ်ရပ်ကြောင့်ပဲ လူမျိုးတုန်းသွားနိုင်တယ်။ လူတွေကပဲ သဘာဝဝန်းကျင်ကြီးကို ညစ်ညမ်းအောင်လုပ်တယ်။ လူတွေကပဲ သစ်တောကြီးတွေ ပြုန်းတီးအောင်လုပ်တယ်။ လူတွေကပဲ အိုဇုန်းကို ဖျက်ဆီးပစ်ကြတယ်။ အိုဇုန်းပျက်စီးရင် ပင်လယ်သမုဒ္ဒရာကြီးတွေ ဖောက်ပြန်ကုန်မယ်၊ ရာသီဥတုတွေ ဖောက်ပြန်ကုန်မယ်၊ အစာအာဟာရတွေ ဆုတ်ယုတ်ပျက်စီးပြီး ရောဂါတွေလည်း ပေါင်းစုံရမယ်။ တစ်ချိန်တုန်းက ကမ္ဘာမှာရှိတဲ့ အနုမြူဗုံးတွေအားလုံး ပေါက်ကွဲရင် ကမ္ဘာကြီး အစိတ်စိတ်အမွှာမွှာကွဲကြေပြီး စက္ကန့်ပိုင်း မိနစ်ပိုင်းမှာ လူတွေပြုန်းတီးသွားလိမ့်မယ်ဆိုတာတွေးပြီး ကြောက်ခဲ့ကြတယ်။ တကယ်တော့ စက္ကန့်ပိုင်း၊ မိနစ်ပိုင်းအတွင်း အသက်ပျောက်ပြီး လူတွေပြုန်းတီးသွားတာကမှ တော်သေးတယ်။ ဝေဒနာကို ကြာရှည်မခံစားရလို့ပေါ့။ လူတွေ ဒီအတိုင်းဆက်ပြီး အိုဇုန်းကို ဆက်ပြီးဖျက်ဆီးနေဦးမယ်... ဝန်းကျင်ကို ညစ်ညမ်းအောင် ဆက်လုပ်နေဦးမယ်ဆိုရင်... ဒီတစ်ခါ လူတွေ ပြုန်းတီးပုံက ဝေဒနာမျိုးစုံကို တရိရိနဲ့ ခံစားရင်း အတော်မသတ်နိုင်တဲ့ ရှည်လျားတဲ့ မချိတင်ကဲ ညည်းညူဟစ်အော်သံတွေနဲ့ ပင်ပင်ပန်းပန်း ပြုန်းတီးမှုမျိုးဖြစ်မှာဆိုတော့... ဆက်မတွေးရဲသလောက်ပဲ"ဟု သူကဆိုသည်။ အထက်ပါ အကြောင်းအရာများကို လူတွေသိအောင် ကျယ်ကျယ်ပြန့်ပြန့် ရေးသားတင်ပြပေးဖို့ကိုလည်း သူက ပြောနေသည်။



www.burmeseclassic.com

www.burmeseclassic.com



## (၄)

ရွှေဆံတော်စေတီကြီးသို့ သူနှင့် ကျွန်တော် ပြန်၍လျှောက်လာကြသည်။ ထီးလိုမင်းလို ဂူဘုရားပေါ်မှနေ၍ အနောက်တောင်ဘက်ဆီသို့ မျှော်ကြည့်ဖို့ အစီအစဉ်ကို နောက်တစ်နေ့ခရီးစဉ်၌ ထည့်သွင်းရန် ကျွန်တော်က စဉ်းစားလာသည်။ သူက ပုဂံသူပုဂံသားတို့ ထိန်းသိမ်းစောင့်ရှောက်ခဲ့သည့် ထေရဝါဒရှိ အခြေခံယူဆချက်များအကြောင်းကို ပြောလာသည်။

ထေရဝါဒသည် ကမ္ဘာလောကနှင့် လူသတ္တဝါတို့ကို တန်ခိုးရှင်တစ်ဦးဦးက ဖန်ဆင်းသည်ဟူသော ဣဿရနိမ္မာနဝါဒမျိုးကို လက်မခံ။ ကမ္ဘာလောကကြီးနှင့် လူသတ္တဝါတို့ကို မည်သည့်အချိန်၌ မည်ကဲ့သို့ဖြစ်စေရန် တန်ခိုးရှင်က ကြိုတင်ပြဋ္ဌာန်း စီစဉ်ထားသည်ဟူသော အယူဝါဒ Pre-determination ကိုလည်း လက်မခံ။ လူသတ္တဝါတို့သည် မူလက ပြဋ္ဌာန်းပြီးသော ကံကြမ္မာအတိုင်း အကောင်းအဆိုး ဖြစ်ကြရသည်ဟူသော ပုဗ္ဗေကတဟေတုဒိဋ္ဌိ အယူဝါဒမျိုး၊ ကြမ္မာဝါဒမျိုးတွေကိုလည်း လက်မခံ။ ကမ္ဘာလောကကြီးနှင့် လူသတ္တဝါတို့သည် ဖြစ်ချင်သလို ဖြစ်နေကြသည်ဟူသော အယူဝါဒမျိုးကိုလည်း လက်မခံ။ ဤကမ္ဘာလောကကြီးနှင့် လူသတ္တဝါတို့သည် အမှတ်မထင် ရှောင်တခင် ဖြစ်ပေါ်လာခဲ့၍ အမှတ်မထင် ရှောင်တခင် ပျောက်ကွယ်ပျက်စီးသွားလိမ့်ဦးမည်ဟူသော အယူဝါဒမျိုးကိုလည်း လက်မခံ။ ထေရဝါဒ လက်ခံသည်မှာ လူသတ္တဝါတို့ အကောင်းအဆိုး ဖြစ်ရခြင်းသည် ထိုလူသတ္တဝါတို့





[illegible]လုပ်သော အကောင်းအဆိုး လုပ်ရပ်များကြောင့်သာဖြစ်သည်ဟု [illegible]သော ဝါဒဖြစ်သည်။ ဤကမ္ဘာလောကကြီးမှ လူသတ္တဝါတွေ [illegible]းတီးသွားစေနိုင်ခြင်းသည်လည်း လူတွေအပေါ်မှာပင် မူတည် [illegible]သည်။ ဤကမ္ဘာလောကကြီး၌ လူတွေ အရှည်တည်တံ့နေနိုင်ခြင်း [illegible]သည်လည်း လူတွေအပေါ်မှာပင် မူတည်သည်ဟု သူက ပြောလာ [illegible] သူက လေသံကိုမြှင့်၍...

"စက်မှုအတတ်ပညာ နည်းပညာတွေ ရှိနေတာကို ထောက်ပြီး [illegible]လောကမှာ လူသတ္တဝါတွေဟာ အတော်ဆုံး၊ အတတ်ဆုံးဖြစ် [illegible]ယ်။ ဒီနေ့ လူ့သမိုင်းကြီးဟာလည်း တိုးတက်ခြင်းသို့ ဦးတည် [illegible]လျှားနေတယ်လို့ ဘက်တစ်ဘက်က ဂုဏ်ယူချင် ယူနိုင်ပေမဲ့ [illegible]တွေရဲ့ အတွေးအမြင်တွေကတော့ နိမ့်ကျဆုတ်ယုတ် ညံ့ဖျင်းလာ [illegible]ယ်လို့ တစ်ဖက်ကလည်း မြင်နိုင်တယ်။ လူတွေ တွေးတာမြင် [illegible]ဟာ သူတို့ရဲ့ အလိုလောဘနဲ့ဆိုင်တဲ့ အတွေးအမြင်မျိုးလောက် [illegible]တွေးတတ်မြင်တတ်တယ်။ သူတို့ရဲ့ အတွေးအမြင်ဟာ သူတို့ [illegible] အလိုလောဘတွေကိုကျော်ပြီး အဝေးကိုရောက်တဲ့ အတွေးအမြင် [illegible] မဟုတ်ဘူး။ လူတွေရဲ့ အတွေးအမြင်ဟာ သူတို့ရဲ့အတ္တစွဲ၊ [illegible]တို့ရဲ့ လူမျိုးစွဲ၊ အုပ်စုစွဲ၊ ဘာသာစွဲ အနီးအနားကိုသာရောက် [illegible] အတွေးအမြင်ပဲဖြစ်တယ်။ အဲဒီ အစွဲတွေကို ကျော်နိုင်တဲ့ [illegible]ဝေးကိုရောက်နိုင်တဲ့ အတွေးအမြင်မျိုးတွေ မဟုတ်ဘူး။ အဲဒီ [illegible]ဘာတွေ၊ အဲဒီ အစွဲတွေရဲ့ အနီးအနားလောက်ပဲရောက်တဲ့



www.burmeseclassic.com

www.burmeseclassic.com



အတွေးအမြင်မျိုးတွေ ရှိနေသမျှ လူတွေရဲ့စိတ်တွေဟာလည်း အဲ
အလိုလောဘတွေနဲ့ ဖွန်းထင်ပေကျံ ညစ်ညမ်းနေမှာပဲ။ သူတို့စိ
တွေ ညစ်ညမ်းနေသမျှ သူတို့ဝန်းကျင်ဟာလည်း ညစ်ညမ်းနေမှာ
“ပုဂံသူ ပုဂံသားတွေ ထိန်းသိမ်းစောင့်ရှောက်ခဲ့တဲ့ ထေရဝါ
မှာ ကျွန်တော်နှစ်သက်တဲ့ အဆုံးအမသာသနာတစ်ခု ရှိတယ်
ဘာလဲဆိုတော့ အစွဲဟူသမျှမှ လွန်မြောက်အောင် အားထုတ်ကျ
ဆောင်ရမယ်ဆိုတာပဲ၊ ဖောင်တစ်ခုရဲ့ ကျေးဇူးကြောင့် တစ်ဖ
ကမ်းကို ရောက်ရှိသွားတဲ့လူက အော်… ဒီဖောင်ကြောင့် ငါဟ
ဒီဘက်ကမ်းကို ကောင်းစွာရောက်ခဲ့တာပဲ။ ဒီဖောင်ဟာ ငါ့အတွ
ကျေးဇူးကြီးပါပေတယ်ဆိုတဲ့ အစွဲနဲ့ သူစီးလာတဲ့ဖောင်ကို ပခုံးပေ
ထမ်းပြီး သယ်ယူစရာ မလိုသလိုပဲတဲ့ဗျ။ အစွဲတွေကို ကျော်လွ
သွားစေတဲ့ တရားဓမ္မကိုလည်း စွဲယူနေစရာမလိုဘူးတဲ့၊ တရားဓ
ကိုတောင် မစွဲရဘူးလို့ ထေရဝါဒမှာ ပြောထားတာရှိတယ်။ အ
တွေကနေ ကျော်သွားစေတဲ့ အဲဒီအတွေးအမြင် အယူအဆတွေ
သတ္တဝါတွေရဲ့ ရင်တွင်းကို ရောက်စေချင်တယ်။ နည်းနည်းရော
ရင် လူသတ္တဝါတွေရဲ့စိတ်တွေ နည်းနည်းသန့်ရှင်းလာမယ်။ ဖြူ
လာမယ်။ များများရောက်ရင် များများသန့်ရှင်း ဖြူစင်မှာပေ
လူသတ္တဝါတွေရဲ့စိတ်တွေ သန့်ရှင်းလာရင် သူတို့ရဲ့ ဝန်းကျင်ဟ
လည်း သန့်ရှင်းစင်ကြယ်လာမယ်။ ဝန်းကျင်သန့်ရှင်း စင်ကြ
လာရင်…”





သူပြောလာသည့် စကားတို့ကို နားထောင်ရင်းမှ ဆုတ်ကပ်၏
ခဲ့သောအချိန်၌ လူသတ္တဝါတို့၏ သက်တန်းတို့ တိုလာပြီး
ောက် (၁၀) နှစ်တန်းသို့ ရောက်သွားမည်ဟုဆိုသော ကျမ်းတစ်ခုမှ
သည့် စကားကို အမှတ်ရခြင်းနှင့်အတူ ဆယ်နှစ်မျှလောက်သာ
သက်ရှည်မည့် လူပုကလေးများနှင့် သစ်ပင်ပုကလေးများကို
မြင်ယောင်ကြည့်နေမိပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com




## အသိပညာ ကိုယ်ခံအား ကောင်းခဲ့ကြသူများ

ရှင်ဥတ္တမကျော်ဘုရား၏ အထက်ပစ္စယာမှ ပုဂံဒေသတစ်ဝိုက်ရှိ စေတီပုထိုး ဂူကျောင်းများဆီသို့ သူနှင့် ကျွန်တော်က လှမ်းမျှော်ကြည့်ကြသည်။ နေရာအမျိုးမျိုးရွေ့၍ ညွှန်ပြမှုအမျိုးမျိုးဖြင့် အနုပညာ ရင်ပြင်ကျယ်ကြီးသဖွယ်ရှိနေသော ပုဂံသာသနိက အဆောက်အအုံများကို သူက အမျိုးမျိုး ခံစားပြနေသည်။

၁၈၈၅–ခုနှစ်လောက်က မြန်မာပြည်သို့ ရောက်လာသော ဥရောပလူမျိုး အင်ဂျင်နီယာ Henry Yule ဆိုသူ၏ ပုဂံဗိသုကာ အနုပညာလက်ရာတို့အပေါ် ခံစားရှုမြင်ပုံအကြောင်းကိုလည်း သူက ပြောပြသည်။ Yule က ပုဂံဒေသတစ်ဝိုက်ရှိ ဘုရားပုထိုး ဂူကျောင်းတို့၏ ဗိသုကာလက်ရာများကို မြင်ရသည်မှာ စိတ်ကူးကွန့်မြူးဖွယ် ကောင်းလွန်းသောကြောင့် ဤကမ္ဘာမြေပေါ်မှ ဗိသုကာလက်ရာများ ပျောက်ကြဘဲ အခြားဂြိုဟ်ပေါ်ရှိ အရာများ ဖြစ်နေလေရော့သလားဟု ထင်မှတ်မိကြောင်း ဖော်ပြထားသည်ဟုဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ထို့နောက် သူက ပုဂံအနုပညာလက်ရာ အဆောက်အအုံများနှင့် ပတ်သက်သော နိုင်ငံခြားသားများ၏ အမြင်များနှင့် ထိုအမြင်များ နောက်ကွယ်၌ရှိသော ထိုပုဂ္ဂိုလ်တို့၏ စိတ်ထားအတိမ်အနက်များအကြောင်းကို သုံးသပ်ပြသည်။ ထို့နောက် သူက…

မြန်မာနိုင်ငံသည် အိမ်နီးချင်းနိုင်ငံများဖြစ်သည့် အိန္ဒိယ၊ တရုတ်တို့နှင့် နှိုင်းစာလျှင် သေးငယ်သောနိုင်ငံဖြစ်သည်။ သို့ရာတွင် ပုဂံပြည်သူပြည်သားတို့ ကိုယ်ခံအားကောင်းမှုကြောင့် ထိုနိုင်ငံကြီးများ၏ အနုပညာရေးရာမှအစ မည်သည့်ရေးရာတွင်မျှ နောက်လိုက်မဖြစ်ခဲ့၊ အဝါးမျို မခံခဲ့။

ဗုဒ္ဓသာသနာကို အခြေခံ၍ အိန္ဒိယ၌ ကျောက်ဆစ်နှင့် ဗိသုကာပညာရပ်များ၊ ပန်းချီပန်းပုပညာများ ထွန်းကားလာခဲ့သည်။ အသောကမင်းကြီး လက်ထက်၌ စေတီပုထိုး (ထူပါ)များကို ဆောက်လုပ်လှူဒါန်းသည်။ ထိုစေတီပုထိုးများကို ဝင်းများခတ်၍ မုခ်လေးမုခ်ဖြင့် တန်ဆာဆင်သည်။ မုခ်ဦးများတွင် ဂေါတမမြတ်စွာဘုရား၏ နှစဉ်က အဖြစ်အပျက်များ (ဇာတ်တော်များ)ကို ရုပ်လုံးများ ထုထွင်းသည်။ စေတီပုထိုးများကို အိန္ဒိယတိုင်းသား ဗိသုကာပညာရှင်၊ အနုပညာရှင်များသည် ကျောက်သားဖြင့် ဆောက်လုပ်ခဲ့ကြသည်။ အထိမ်းအမှတ် ကျောက်တိုင်ကြီးများကို ပြုလုပ်စိုက်ထူ၍ ထိုတိုင်ကြီးများထိပ်၌ ထုလုပ်ထားသော အရုပ်များ၏ အနုပညာလက်ရာ ပြောင်မြောက်မှုကို ကြည့်ခြင်းအားဖြင့် အိန္ဒိယတိုင်းသား ပညာရှင်များ၏ ကျောက်ဆစ်အတတ်ပညာ ကျွမ်းကျင်လိမ္မာ





…ကို ခန့်မှန်းနိုင်သည်။ ထိုပညာရှင်များသည် ကျောက်တောင်ကြီး…ကိုထွင်းကာ ဂူလိုဏ်များလည်း ပြုလုပ်ကြသည်။ ကျောက်…ဏ်ဂူကြီးများအတွင်း၌ ဂေါတမဗုဒ္ဓ၏ ဖြစ်တော်စဉ် ဇာတ်လမ်း…ကို ရုပ်လုံးများ ထုထွင်းကြသေးသည်။ အချို့သော လိုဏ်ဂူနံရံ… (ဥပမာ–အာဂျန်တာလိုဏ်ဂူ)ရှိ နံရံပန်းချီများကို ထောက်၍ …ချီဆေးရေး အနုပညာ၌လည်း အိန္ဒိယတိုင်းသား ပညာရှင်များ၏ …မ်းကျင်ပုံကို ခန့်မှန်းနိုင်သည်။ ဗုဒ္ဓသာသနာနှင့် စပ်လျဉ်းသော …တီများ၊ အထိမ်းအမှတ်တိုင်များ၊ လိုဏ်ဂူများ၊ တန်ဆောင်း…ောင်းကြီးများ၊ ရုပ်လုံးများကို အိန္ဒိယပြည် နေရာအနှံ့အပြား၌ …လုပ်တည်ဆောက်ခဲ့သော်လည်း ဗုဒ္ဓဂေါတမ၏ ရုပ်တုတော်ကိုမူ …လုပ်ခြင်းမရှိခဲ့။ ကနိသျှကမင်း လက်ထက်လောက် ရောက်သော …ါမှ ဗုဒ္ဓ၏ ရုပ်တုကို ပုံစံအမျိုးမျိုးဖြင့် ထုလုပ်လာခဲ့ကြသည်။ …တုအတတ်ပညာ၌လည်း အိန္ဒိယတိုင်းသား ပညာရှင်များသည် …မ်းကျင်နိုင်နင်းလှသည်။

သူက ဆက်၍…

အိန္ဒိယနှင့် မြန်မာတို့ အဆက်အဆံ ရှိလာသောအခါ၌ …ိန္ဒိယမှ အနုပညာ ဗိသုကာအတတ်ပညာများ၊ ဘာသာအယူဝါဒ… လောကီဆိုင်ရာ အတတ်ပညာများ… အစရှိသည့် ယဉ်ကျေးမှု… မြန်မာ့မြေပေါ်သို့ ရောက်လာခဲ့သည်။ သို့ရာတွင် ပုဂံသူ…သားတို့သည် အိန္ဒိယယဉ်ကျေးမှု၏ နောက်လိုက်ဖြစ်မသွားခဲ့၊



www.burmeseclassic.com

www.burmeseclassic.com



အဝါးမျိုကို မခံခဲ့။ "ပုဂံသူ ပုဂံသားတို့သည် အသိပညာကိုယ်ခံ အား ကောင်းသူများ" ဖြစ်ကြသည်။ မိမိတို့ဘဝနှင့် ဆီလျော်စ ဟပ်သော၊ မိမိတို့ဘဝကို မှန်ကန်သော လမ်းကြောင်းပေါ်သို့ ရောက် စေ၍ တိုးတက်စေသော အရာတို့ကိုသာ ယူတတ်သူများဖြစ်သည် ဟု သူကဆိုပါသည်။ သူက ပုဂံဒေသတစ်ဝိုက်မှ ဘုရားပုထိုး ဂူလိုဏ်ကျောင်းတို့ရှိရာသို့ ညွှန်ပြပြီးနောက်...

ပုဂံသူ ပုဂံသားတို့၏ အသိပညာကိုယ်ခံအား ကောင်းပုံကို ပုဂံခေတ်အလိုက် တည်ရှိနေသော ဗိသုကာလက်ရာတို့ကို ကြည့် ခြင်းဖြင့် သိနိုင်သည်ဟု ဆိုပါသည်။

သူက ပုဂံခေတ်ကိုအေဒီ ၁၁ ရာစုမတိုင်မီမှ အေဒီ ၁၁၁ ခန့်အထိကို ပုဂံပထမခေတ် (ခေတ်ဦးကာလ)၊ အေဒီ ၁၁၁၃ ၁၁၇၄ ခန့်အထိကို ပုဂံဒုတိယခေတ် (ဤခေတ်၌ ဗိသုကာလက်ရာ တို့ ပြောင်းလဲတိုးတက်မှုရှိသည့်အတွက် ခေတ်ပြောင်းကာလဟု ခေါ်လျှင်လည်း ရနိုင်သည်၊ ခေတ်လယ်ကာလဟုခေါ်လျှင်လည်း ဖြစ်နိုင်သည်ဟု ဆိုပါသည်။) အေဒီ ၁၁၇၄ မှ အေဒီ ၁၃၀ ခန့်အထိကို ပုဂံ တတိယခေတ် (ခေတ်နှောင်းကာလ)ဟု သတ်မှတ် နိုင်သည်။

ပုဂံပထမခေတ် ဗိသုကာလက်ရာများကို စေတီနှင့်ဆိုင်သော ဗိသုကာလက်ရာ၊ လိုဏ်ဂူနှင့်ဆိုင်သော ဗိသုကာလက်ရာဟူ၍ ( မျိုးခွဲခြား၍ ကြည့်နိုင်သည်။ စေတီနှင့်ဆိုင်သော ဗိသုကာလက်ရာ





အဖြစ် ဗူးဘုရား၊ လောကနန္ဒာစေတီ၊ ရွှေဆံတော်စေတီ၊ ငကျွဲ နားတောင်း၊ မြင်းကပါစေတီ၊ ပေါက်ပင်ရာစေတီတို့ကို တွေ့နိုင် သည်။ လိုဏ်ဂူနှင့်ဆိုင်သော လက်ရာများအဖြစ် အရှေ့ဖက်လိပ် နှင့် အနောက်ဖက်လိပ်ဘုရားများ၊ အပယ်ရတနာလိုဏ်ဂူ၊ နာဂါးရုံ၊ ပုထိုးသားမြား၊ နန်းဘုရား၊ ဂူပြောက်ကြီး (မြင်းကပါအရပ်)တို့ကို တွေ့နိုင်သည်။

ပုဂံပထမခေတ် လက်ရာများသည် ပျူခေတ် ဗိသုကာပုံစံကို မှီငြမ်းပြုသည်ဟု ဆိုနိုင်သည်။ ထိုပျူခေတ် ဗိသုကာသည် အိန္ဒိယ ရှိ စေတီပုထိုး ဗိသုကာပုံစံများအပေါ် အခြေခံသည်ဟု ဆိုနိုင်သည်။ သို့ရာတွင် မြန်မာပြည်၏ မြေပေါ်၌ တည်ဆောက်သော စေတီ ပုထိုး၊ ဂူဘုရားတို့သည် အိန္ဒိယက စေတီပုထိုး ဂူဘုရား ဗိသုကာ ပုံစံများနှင့် ခြားနားသွားသည်။ ပုဂံ ပထမခေတ်သို့ ရောက်သော အခါ၌ တီထွင်မှုအမျိုးမျိုးဖြင့် အိန္ဒိယမြေပေါ်၌ တည်ဆောက်သော စေတီပုထိုး ဂူဘုရား ဗိသုကာပုံစံများနှင့် ခြားနားသော စေတီပုထိုး ဂူလိုဏ်တို့ကို တည်ဆောက်လာကြသည်ကို မြင်တွေ့နိုင်သည်။ ထိုခြားနားချက်တို့ကို ထောက်၍ ပုဂံသူ ပုဂံသားတို့သည် အိန္ဒိယ ယဉ်ကျေးမှုအနုပညာ ဗိသုကာတို့ကို မှီငြမ်း၍ ကောင်းနိုးရာရာ တို့ကိုယူ၍ မိမိတို့ ကိုယ်ပိုင်လက်ရာများဖြစ်အောင် တည်ဆောက်သူ များဖြစ်သည်။ ပုဂံသူ ပုဂံသားတို့သည် အိန္ဒိယယဉ်ကျေးမှု၏ နောက်လိုက်များ ဖြစ်မသွားခဲ့ကြ။ အိန္ဒိယ ယဉ်ကျေးမှု၏ မျိုဝါးမှု ကို မခံခဲ့ကြ။



www.burmeseclassic.com

www.burmeseclassic.com



ပုဂံ ဒုတိယခေတ်၌ ပုဂံသူ ပုဂံသား ပညာရှင်များ၏ ဗိသုကာဆိုင်ရာ တီထွင်မှုတို့ ပို၍များလာသည်။ ပုဂံသူ ပုဂံသားတို့၏ ကိုယ်ပိုင်ဟန်များအဖြစ် ဗိသုကာလက်ရာများ၊ အနုပညာလက်ရာများ ပြောင်းလဲလာမှုကြောင့် ပုဂံဒုတိယခေတ်ကို "ခေတ်ပြောင်းကာလ"ဟု ခေါ်နိုင်ခြင်းဖြစ်သည်။ ထိုပုဂံ ဒုတိယခေတ်၌ တိုးတက်ပြောင်းလဲနေသော ဗိသုကာလက်ရာများကို မြေစိုက်စေတီများအဖြစ် ရွှေစည်းခုံ၊ မင်္ဂလာစေတီတို့ကို တွေ့နိုင်သည်။ လိုဏ်ဂူဘုရားများအဖြစ် လောကထိပ်ပန်၊ အာနန္ဒာ၊ ရွှေဂူကြီး၊ ဓမ္မရံကြီး၊ သဗ္ဗညု စသည်တို့ကို တွေ့မြင်နိုင်သည်။

ပုဂံတတိယခေတ် အနုပညာ ဗိသုကာလက်ရာများသည် ထိုကာလက တည်ဆောက်မှုများသော ဂူဘုရားများကို ကြည့်ခြင်းဖြင့် ပုဂံသူ ပုဂံသားတို့၏ လက်ရာစစ်စစ်ဖြစ်သည်ဟု ဆိုနိုင်သောအခြေသို့ ရောက်လာသည်။ ဂူဘုရားတို့ကို တည်ဆောက်သော ဗိသုကာဆိုင်ရာ အခြေခံမှုများသည် အစဉ်အလာမှုများကို ထိန်းသိမ်းထားသော်လည်း တီထွင်မှုနှင့် ပြုပြင်ပြောင်းလဲမှုများ များလာသည်။ ဤသဘောများကို စူဠာမဏိ၊ ထီးလိုမင်းလို၊ ကန်တော့ပလ္လင် စသည့် ဂူဘုရားများ၌ တွေ့နိုင်သည်။ ဂူဘုရားတို့၏ ပန္နက်ပုံအမျိုးမျိုး၊ အပြောက်အမွမ်း အလင်္ကာတန်ဆာဆင်မှု၊ ခြယ်သတီထွင်မှုအမျိုးမျိုးကို တွေ့နိုင်သည်။

ပုဂံသူ ပုဂံသားတို့သည် အိန္ဒိယ အနုပညာ ဗိသုကာကို မှီငြမ်းကြသည်။ နည်းယူသင့်သည်ကို ယူကြသည်။ သို့ရာတွင်





ပုဂံသူ ပုဂံသားတို့သည် အိန္ဒိယအနုပညာ ဗိသုကာ၏ နောက်လိုက်သော မဖြစ်ခဲ့ကြ။ ဤသို့ မဖြစ်ခဲ့ခြင်းသည် ပုဂံသူ ပုဂံသားတို့၏ အသိပညာ ကိုယ်ခံအားကောင်းမှုကြောင့်ပင်ဖြစ်သည်။ ပုဂံသူ ပုဂံသားတို့သည် အိန္ဒိယမှ ဝင်ရောက်လာသော ဗြဟ္မဏဝါဒ၊ ဟိန္ဒူဝါဒ၊ မဟာယာန၊ ထေရဝါဒ အစရှိသည့် ဘာသာအယူအဆရေးရာတို့ကို ကြုံတွေ့လာရာ၌လည်း ထေရဝါဒကိုမှ ရွေးချယ်၍ ပုဂံမြေပေါ်၌ ရှင်သန်တိုးတက်အောင် စွမ်းဆောင်နိုင်ခဲ့သည်။ ဤသည်မှာလည်း ပုဂံသူ ပုဂံသားတို့၏ အသိပညာ ကိုယ်ခံအားကောင်းခြင်းကြောင့်ပင်ဖြစ်သည်။ အကယ်၍ တရုတ်အနုပညာဗိသုကာ တရုတ်ယဉ်ကျေးမှုတို့နှင့် တွေ့ကြုံဆက်ဆံလာခဲ့ရသည်ဆိုလျှင်လည်း အထက်ပါအတိုင်းပင် ပုဂံသူ ပုဂံသားတို့ အသိပညာ ကိုယ်ခံအားကောင်းခဲ့ကြမည်သာ ဖြစ်သည်ဟု သူကဆိုပါသည်။

သူက ဆက်၍... လူမျိုးတိုင်း လူ့အဖွဲ့အစည်းတိုင်း၌ ထိုလူမျိုး ထိုအဖွဲ့အစည်းအတွင်းရှိ လူအများစုက ခံယူထားသော အတွေးအမြင်သည် ရှိစမြဲဖြစ်သည်။ သို့ရာတွင် မိမိတို့ဘဝအတွေ့အကြုံ၊ မိမိတို့၏ ပြင်ပလောက အခြေအနေတို့အပေါ် အမှီပြု၍ လူမျိုးတစ်မျိုး၏ အတွေးအမြင်သည် အခြားလူမျိုးတစ်မျိုး၏ အတွေးအမြင်နှင့် ခြားနားသည်။ မြန်မာတို့၏ အတွေးအမြင်သည်လည်း အခြားသော လူမျိုးတို့၏ အတွေးအမြင်နှင့် ခြားနားနိုင်သည်။



www.burmeseclassic.com

သိပ္ပံနှင့် အတတ်ပညာ Technology တိုးတက်လာမှု၊ လူဦးရေ တိုးတက်လာမှုကြောင့် မျက်မှောက်ခေတ် လူနေမှုအဖွဲ့အစည်းများ၊ (၀၁) တိုင်းပြည်များ၏ အနေအထားသည် ယခင်ကနှင့် မတူတော့ဘဲ ပြောင်းလဲမှုများ ဖြစ်လာကြသည်။ လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခု၊ တစ်တိုင်းပြည်နှင့် တစ်တိုင်းပြည် ကူးလူးဆက်ဆံမှုများ လွယ်ကူလျင်မြန်လာသည်။ ဆက်သွယ်ရေးပစ္စည်းများ တိုးတက်လာမှုကြောင့် ကမ္ဘာအရပ်ရပ်သို့ အမျိုးစုံလှသော ယဉ်ကျေးမှု အတွေးအမြင်တို့သည် လျှင်မြန်စွာ လှည့်ပတ်သွားလာလျက်ရှိသည်။ တိုင်းပြည်အသီးသီး၏ နယ်ခြားမှတ်တိုင်များ၊ နယ်နိမိတ်များမှ အကာအဆီးများသည် လျင်မြန်စွာ လှည့်ပတ်သွားလာနေသော အတွေးအမြင် အယူအဆ ယဉ်ကျေးမှုများကို တားဆီးနိုင်စွမ်း မရှိကြတော့။ လျှင်မြန်စွာ ရောက်ရှိလာသော အတွေးအမြင် အယူအဆ ယဉ်ကျေးမှုများ၏ ရိုက်ခတ်မှုသည် မိမိလူမျိုး မိမိတိုင်းပြည်၏ အတွေးအမြင် အယူအဆ ယဉ်ကျေးမှုတို့ကို အပြောင်းလဲကြီး ပြောင်းလဲသွားစေနိုင်သည်။ လျှင်မြန်စွာ လှည့်လည်ရောက်ရှိလာသော ယဉ်ကျေးမှု အတွေးအမြင်တို့က မိမိလူမျိုး၏ ယဉ်ကျေးမှု အတွေးအမြင်များကို အစတုံး ဝါးမျိုသွားနိုင်သည်။

ယနေ့ခေတ်အခါသည် မိမိလူမျိုး မိမိတိုင်းပြည်၏ အတွေးအမြင် ယဉ်ကျေးမှုတို့ကို မလိုလားအပ်သောဘက်သို့ ယိမ်းယိုင်မသွားအောင်၊ ပျောက်ကွယ် ပျက်စီးဆုံးရှုံးမသွားရအောင် စောင့်ရှောက်ရန် ခက်ခဲသော ခေတ်ကြီးဖြစ်သည်။





တစ်ချိန်က နယ်ချဲ့ခြင်းများဖြင့် တစ်တိုင်းပြည်က တစ်တိုင်းပြည်ကို တိုက်ခိုက်ခဲ့ကြ၏။ ထို့နောက် သဘောတရားရေးရာ တိုက်ပွဲများ၊ သဘောတရားရေးရာ ပဋိပက္ခမှုများ Ideological Conflict ဖြစ်ခဲ့ပြန်သည်။ ယခုအခါ၌ ယဉ်ကျေးမှု ပဋိပက္ခ Cultural conflict များ ဖြစ်လာသည်။ အချို့လူမျိုးတို့သည် ယဉ်ကျေးမှု ပဋိပက္ခ၌ ရှုံးနိမ့်၍ မိမိလူမျိုး၏ အမျိုးသားစရိုက် လက္ခဏာ National Identity များကို ဆုံးပါးလက်လွှတ်လိုက်ကြရသည်။

သို့ဖြစ်၍ မိမိလူမျိုးထံသို့ လျှင်မြန်စွာ ရောက်ရှိလာ၍ မိမိလူမျိုးစုထဲ၌ ရှိခဲ့သည့် ယဉ်ကျေးမှုများနှင့် ပဋိပက္ခဖြစ်လာတော့ [illegible] အခြားအခြားမှ မလိုလားအပ်သော ယဉ်ကျေးမှုများကို ကာကွယ်ရန် စိတ်ပိုင်းဆိုင်ရာ နယ်ခြားမှတ်တိုင်များ စိုက်ထူဖို့ လိုလာသည်။ စိတ်ပိုင်းဆိုင်ရာ နယ်ခြားမှတ်တိုင်ဆိုသည်မှာ အသေအချာ စိစစ်လက်ခံထားသော ဘဝဆိုင်ရာ၊ လောကဆိုင်ရာ အသိအမြင်များ၊ မိမိလူမျိုးတို့၌ ခိုင်မာစွာ ထူထောင်ထားခြင်းပင်ဖြစ်သည်။ ထိုဘဝဆိုင်ရာ၊ လောကဆိုင်ရာ အသိအမြင်တို့ဖြင့် အသိအမြင် ကိုယ်ခံအားကောင်းနေဖို့လိုသည်ဟု သူကဆိုသည်။ ထို့နောက်...

"ပုဂံသူ ပုဂံသားတွေဟာ အသိပညာ ကိုယ်ခံအားကောင်းခဲ့ [illegible]ဖြစ်တယ်၊ အသိပညာ ကိုယ်ခံအားကောင်းတဲ့ 'ပုဂံအစဉ်

www.burmeseclassic.com



အလာ' ကျွန်တော်တို့မှာ ရှိခဲ့တယ်၊ ရှိခဲ့ပါတယ်"ဟု သူက ထ
တလဲလဲ ပြောနေသည်။ သူပြောနေပုံက သူ့အနားမှ ကျွန်တော့်
ပြောနေပုံ မပေါ်တော့ဘဲ အဝေးဆီသို့ လှမ်းပြောနေသကဲ့သို့ ဖြ
နေသည်ကို အမှတ်ရနေပါသည်။ ။






www.burmeseclassic.com

www.burmeseclassic.com

## ရတနာအညွှန်းသင်္ကေတများ

နေဝင်ချိန်ကို ကြည့်ရှုခံစားဖို့ ပုဂံလေ့လာရေးအဖွဲ့က သဗ္ဗညု တွင် ရောက်နေကြသည်။ မိတ်ဆွေအချို့က နေဝင်ချိန်ရှုခင်းကို ဓာတ်ပုံရိုက်ယူရန် ကြိုတင်ပြင်ဆင်နေကြသည်။ ပုဂံတစ်ဝိုက်ရှိ များပြားလွန်းလှသော စေတီပုထိုး ဂူဘုရား အစရှိသည့် အဆောက် အအုံကြီးငယ်တို့ဆီသို့ လှမ်းမျှော်ကြည့်နေရင်းက မိတ်ဆွေသုတေသီ တစ်ဦး ပြောပြသည့် စကားအချို့ကို အမှတ်ရပါသည်။

သူကဆိုပါသည်။ ပုဂံဒေသတစ်ဝိုက်၌ ရှေးဟောင်းစေတီ ပုထိုး၊ ကျောင်းအဆောက်အအုံပေါင်း သုံးထောင်နီးပါး ကျန်ရှိနေ သေးသည်။ သာမန်အားဖြင့် ကြည့်လျှင်တော့ စေတီပုထိုးစသည့် အဆောက်အအုံတို့သည် တူညီသယောင်ရှိသော်လည်း တကယ် လေ့လာကြည့်သည့်အခါ သုံးဆူတန်းတည်ထားသော ဘုရားစု လေးဆူတန်းတည်ထားသော ဘုရားစုလောက်သာ တူညီကြ



ကျန်သော အဆောက်အအုံတို့မှာ တစ်ခုနှင့်တစ်ခု ခြားနားကြသည်။ တည်ဆောက်ပုံ၊ ဖွဲ့စည်းပုံ ခြားနားကြသည်။ အဆင်တန်ဆာ ခြယ်သပုံ၊ အတွန့်အတက် ထည့်ပုံတို့၌လည်း ခြားနားကြသည်။ ဤသို့ ခြားနားခြင်းသည်ပင် ထိုစေတီပုထိုး အစရှိသည့် အဆောက် အအုံတို့ကို တည်ဆောက်ခဲ့ကြသူများ၏ ထူးခြားသော စေတနာ၊ သဒ္ဓါတရားနှင့် အနုပညာတီထွင်နိုင်မှု စွမ်းအားကို ဖော်ပြနေခြင်း ဖြစ်သည်ဟု ဆိုပါသည်။ ထို့နောက်...

"သူတို့ တည်ဆောက်ထားခဲ့တဲ့ စေတီပုထိုး ဂူဘုရား အစရှိ တဲ့ အဆောက်အအုံတွေဟာ ရတနာတွေကို တူးဖော်ယူနိုင်ဖို့ ညွှန် ပြထားတဲ့ အဆောက်အအုံတွေဗျ။ လောကမှာရှိတဲ့ တန်ဖိုးတွေနဲ့ တန်ဖိုးဖြတ်လို့ မရနိုင်လောက်အောင်ကို တန်ဖိုးရှိတဲ့ ရတနာတွေ ကို တူးဖော်နိုင်ဖို့ တည်ဆောက်ထားခဲ့တဲ့ အမှတ်အသားတွေလို့ လည်း ပြောလို့ရတယ်"ဟု ဆိုသော သူ့စကားကိုလည်း အမှတ်ရ ပါသည်။

ထိုစကားကိုဆိုရင်း အဓိပ္ပာယ်ဝေခွဲမရခဲ့သော သူ့အပြုံးကို လည်း မြင်ယောင်နေပါသည်။

မြောက်မြားလှစွာသော စေတီပုထိုး၊ ဂူကျောင်းစသည့် အဆောက်အအုံတို့ရှိရာ ပုဂံဒေသတစ်ဝိုက်သို့ ရောက်တိုင်း "ရှေး ခေတ်က ပုဂံသူ ပုဂံသားတို့က ဘယ်လိုဘဝအမြင်နဲ့ အသက်ရှင် ခဲ့ကြပါလိမ့်"ဟူသော အတွေးက ကျွန်တော့်ရင်ထဲသို့ ဝင်လာ တတ်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဆက်တည်းမှာပင် ဘဝမှာ ဘယ်လိုအသက်ရှင်နေခြင်းဟာ ကောင်းသလဲဟူသော မေးခွန်းက ကျွန်တော့်စိတ်ထဲ ဝင်လာတတ်ပါသည်။

အချို့က "မိမိနှစ်သက်သလို အသက်ရှင်ပါ"ဟု ဖြေကြသူများ ရှိကြသည်။ ထိုကဲ့သို့သော အဖြေမျိုးကို ဂေါတမဗုဒ္ဓ လက်ထက်အခါက ပုရာဏကဿပဟုခေါ်သော ပညာရှင်ကြီးနှင့် သူ၏ တပည့် နောက်လိုက်များက ဖြေခဲ့ကြဖူးသည်။ ထိုပုရာဏဆရာကြီးက "ကောင်းခြင်းဆိုးခြင်း" ဆိုသည်မှာ လူတွေ၏ ထင်မြင်ယူဆချက်များသာဖြစ်သည်။ "အကုသိုလ်ဖြစ်သည် ကုသိုလ်ဖြစ်သည်"ဟူသော အဆိုများသည်လည်း မိမိတို့ ခံစားမှုအလျောက် ပြောဆို သတ်မှတ်နေကြခြင်းသာဖြစ်သည်။ အကုသိုလ်ကံက မကောင်းကျိုးကိုပေး၍ ကုသိုလ်ကံက ကောင်းကျိုးပေးသည်ဟု ပြောကြခြင်းသည် ကိုယ့်ခံစားချက်နှင့်ကိုယ်၊ ကိုယ့်အထင်နှင့်ကိုယ် ပြောနေကြခြင်းသာဖြစ်သည်။ လောက၌ မကောင်းသောအလုပ်၊ မသမာသောအလုပ်တို့ဖြင့် အောင်မြင်ကြီးပွားနေသူများရှိသည်။ ကောင်းသော သမ္မာအာဇီဝအလုပ်ကိုလုပ်၍ ဆင်းရဲနေသူများရှိသည်။ ပုရာဏဂိုဏ်းသားတို့ အလိုအရ ကြီးပွားချမ်းသာသည့် နည်းဖြင့် ကြီးပွားချမ်းသာအောင် လုပ်ဖို့ရှိသည်။ ကောင်းခြင်း မကောင်းခြင်း၊ ကုသိုလ် အကုသိုလ်ကိစ္စတို့ကို ထည့်သွင်းစဉ်းစားနေစရာမလို၊ ကောင်းခြင်း မကောင်းခြင်း ကုသိုလ် အကုသိုလ် ဆိုသည်မှာ မရှိသောအရာများဖြစ်၍ မရှိသောအရာများကို အရှိ



လုပ်၍ စဉ်းစားခြင်းသည် အပိုသက်သက် စိတ်အလုပ်ရှုပ်ခြင်းမျှသာ ဖြစ်သည်။

ပုရာဏနှင့် သူ၏ ဂိုဏ်းသားများသည် "ဘဝ၌ မည်ကဲ့သို့ အသက်ရှင်ခြင်းသည် ကောင်းသော အသက်ရှင်ခြင်းဖြစ်သနည်း" ဟု မေးလာသည်ကို "လုပ်ချင်တာလုပ်၍ အသက်ရှင်ချင်သလို ရှင်ပါ"ဟု ထပ်ဆင့်ပြောဆိုချင် ပြောဆိုကြဦးမည်။

အချို့ကတော့ "ဘဝမှာ ဘယ်လိုအသက်ရှင်ခြင်းဟာ ကောင်းသလဲ"ဟူသော မေးခွန်းကို ဝေ့လည်လည်နှင့် ဖြေသလိုလို မဖြေသလိုလို လုပ်နေသူများလည်းရှိသည်။ ထိုသို့ ဝေ့လည်လည် လုပ်နေသူမျိုးတွေ ဂေါတမဗုဒ္ဓ လက်ထက်အခါက ရှိခဲ့ဖူးသည်ဟု ခန့်မှန်းရသည်။ ထိုသူမှာ သဉ္စယဗေလဋ္ဌပုတ္တဟုခေါ်သော ဆရာကြီးနှင့် သူ၏ နောက်လိုက်များ ဖြစ်တန်ရာသည်။ သဉ္စယဗေလဋ္ဌပုတ္တက အတွေးအမြင်ဆိုင်ရာ မေးခွန်းတို့နှင့် ကြုံလာသောအခါ အဖြေအတိအကျမပေးဘဲ အရှောင်အတိမ်းများ လုပ်နေတတ်သည်။

ဥပမာ "တစ်ပါးသောလောက ရှိသလော"ဟု မေးလျှင် သဉ္စယက "တစ်ပါးသောလောကရှိသည်ဟု ငါမဆို"ဟု ပြောသည်။

ထိုအခါထပ်၍ "တစ်ပါးသောလောက မရှိသလော"ဟု မေးလျှင် သဉ္စယက တစ်ပါးသောလောက မရှိဟုလည်း ငါမဆို"ဟု ပြောသည်။ ထိုအခါ ထပ်၍ "တစ်ပါးသော လောက ရှိသည်လည်း မဟုတ်၊ မရှိသည်လည်း မဟုတ်သလော" မေးပြန်လျှင်



www.burmeseclassic.com

www.burmeseclassic.com



သဥ္စယက... "တစ်ပါးသောလောက ရှိသည်လည်းမဟုတ်၊ မရှိသည်လည်း မဟုတ်ဟု ငါမဆို"ဟု ပြောသည်။ ဤသို့လျှင် မဆုံးနိုင်အောင် ဝေ့လည်လည်လုပ်သည်။ ရှောင်သည်။ ထိုသို့ရှောင်တတ်သော သဥ္စယကို အကယ်၍...

"သုံးချင်သည့်နည်းကိုသုံး၍ ချမ်းသာသည်ထက် ချမ်းသာအောင်လုပ်ရင်း အသက်ရှင်ခြင်းဟာ ကောင်းပါသလား"ဟု မေးလျှင် သဥ္စယက "ထိုသို့ အသက်ရှင်ခြင်းမျိုးကို ကောင်းသည်ဟု ငါမဆို"ဟု ဖြေလိမ့်မည်ထင်သည်။ "ကောင်းသည်ဟု ငါမဆိုဟု ပြောသောကြောင့် ထိုသို့ အသက်ရှင်ခြင်းကို မကောင်းဘူးဟု ဆိုမလား"ဟု မေးပြန်လျှင်လည်း ထိုသို့ အသက်ရှင်ခြင်းမျိုးကို "မကောင်းဘူးဟုလည်း ငါမဆို" စသည်စသည်ဖြင့် ဖြေနေလိမ့်မည်ထင်သည်။ ထိုအဖြေတို့ကို နားထောင်နေပါက အဖြေမရဘဲ အချိန်ကုန်ဖို့သာ ရှိပေလိမ့်မည်။

"ဘဝမှာ ခုယ်လိုအသက်ရှင်နေခြင်းဟာ ကောင်းသလဲ"ဟူသော အမေးကို အချို့က "ဘဝမှာ ဖြစ်ချိန်တန်လျှင် ဖြစ်လာမှာတွေရှိတဲ့အတွက် ကောင်းသောအသက်ရှင်နေနည်းကို အပိုအလုပ်ရှုပ်ခံပြီး ရှာမနေပါနဲ့"ဟု ဆိုကြသည်။ ထိုသို့ ဆိုသူများသည် ဂေါတမဗုဒ္ဓ လက်ထက်အခါက မက္ခလိဂေါသာလဟုခေါ်သော ပညာရှင်ကြီးနှင့် သူ၏ နောက်လိုက်များ ဖြစ်တန်ရာသည်။

ထိုပညာရှင်ကြီးက လောကရှိ ဖြစ်ရပ်တို့သည် မူလက သတ်မှတ်ထားချက်အတိုင်းသာ ဖြစ်လာသော ဖြစ်ရပ်များဖြစ်သည်။





လူ့ဘဝရှိ ဖြစ်ရပ်တို့သည်လည်း ထိုနည်းတူပင် မူလက သတ်မှတ်ထားပြီးအတိုင်း ဖြစ်လာသော ဖြစ်ရပ်များဖြစ်သည်ဟု ဆိုသောကြောင့်ပင်ဖြစ်သည်။ ထိုပညာရှင်ကြီးက လူ၌ သုခ၊ ဒုက္ခကို အဘယ်၍ အဘယ်မျှ ခံစားရန် မူလကတည်းက သတ်မှတ်ထားပြီးဖြစ်သည်။ သုခကို မည်မျှခံစားပြီးလျှင် ဒုက္ခကို မည်မျှခံစားဖို့ မူလကတည်းက အတိအကျ ခြင်တွယ်ပိုင်းခြားထားပြီးဖြစ်သည်ဟုဆိုသည်။ သူ၏အမြင်ကိုထောက်၍ လူ့ဘဝ၌ ကောင်းရာကောင်းကြောင်း တိုးတက်ရာတိုးတက်ကြောင်းတွေကို အပိုအလုပ်ရှုပ်ခံပြီး ရှာဖွေလုပ်ဆောင်နေစရာမလို၊ အောင်မြင်ရာအောင်မြင်ကြောင်း နည်းလမ်းကောင်းတွေကို ရှာနေစရာမလို၊ သက်စွန့်ကြိုးပမ်း စွမ်းစွမ်းတမံ ဆောင်ရွက်နေစရာလည်းမလို၊ ဖြစ်ချိန်တန်လျှင်ဖြစ် ရမည့်အရာက ဖြစ်လာမည်သာဖြစ်သည်။ အချိန်ကိုစောင့်နေရုံသာရှိသည်ဟု သဘောသက်ရောက်နေသည်။ သို့ရာတွင် မက္ခလိ ဂေါသာလနှင့် သူ၏ နောက်လိုက်များသည် ဒုက္ခခံရမည့်အလှည့်ကိုတော့ ကြောက်ကြသည်။ ဒုက္ခခံရသည့်အခါ၌ အချိန်သတ်မှတ်ချက်ထက်စော၍ မြန်မြန်ခံကာ မြန်မြန်ပြီးဆုံးသွားစေချင်သည်။ သို့နှင့် ဒုက္ခမြန်မြန်ကုန်အောင် "တပ"ဟုခေါ်သော မိမိကိုယ်ကို ပင်ပန်းဆင်းရဲ ပို၍ခံသည့်အကျင့်ကို ကျင့်ကြသည်ဟုလည်း ဆိုသည်။ အချို့ကတော့...

"ဘဝ၌ ချမ်းသာပျော်ရွှင်မှုကို ခံစားနိုင်သည်ထက် ခံစားနိုင်သော အဖြစ်မျိုးဖြင့် အသက်ရှင်နေသင့်သည်"ဟု ဆိုကြသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုသူများသည် ဂေါတမဗုဒ္ဓ လက်ထက်အခါကရှိသော အဇိတကေသ ကမ္ဗလဟုခေါ်သော ပညာရှင်နှင့် သူ၏ နောက်လိုက်များဖြစ်တန်ရာသည်။ အဇိတက ရုပ်ဝါဒီဖြစ်သည်။ ရုပ်ဝါဒီဖြစ်ခြင်းကြောင့် လူ၌ အတိတ်ဘဝလည်း မရှိခဲ့။ ဖန်ဆင်းရှင်၏ ဖန်တီးမှုကြောင့် လူအဖြစ်ကို ရလာသည်လည်းမဟုတ်၊ လူ၌ အနာဂတ်ဘဝလည်းမရှိ၊ သေလျှင် ဘဝသည် ပြီးဆုံးပြတ်စဲသွားသည်ဟုဆိုသည်။ အတိတ်အနာဂတ် ဘဝမရှိခြင်းကြောင့် ဤအသက်ရှင်ခိုက်ဘဝ၌ ချမ်းသာသုခကို ရှာဖွေခံစားရင်း အသက်ရှင်ဖို့သာရှိသည်ဟု အဇိတ၏ နောက်လိုက်များအနေနှင့် တိုက်တွန်းဖို့သာရှိလိမ့်မည်။ အဇိတနှင့် သူ၏ နောက်လိုက်များသည် ရုပ်ကိုသာအမှန်အရှိတရားအဖြစ် လက်ခံကြသူများဖြစ်၍ ကုသိုလ်ကံ၊ အကုသိုလ်ကံတို့ကိုလည်း လက်ခံကြမည်မဟုတ်။ ချမ်းသာသုခအတွက်အောင်မြင်မှုအတွက် လုပ်ဆောင်ရာ၌လည်း ကုသိုလ် အကုသိုလ်ကိစ္စကို ထည့်သွင်းစဉ်းစားကြလိမ့်မည်မဟုတ်၊ ထိုသူများသည်ကုသိုလ်၊ အကုသိုလ်ကို မရှိတရားအဖြစ် ယူဆရာမှ "ခတ္တဝိဇ္ဇာဝါဒ"ကို ဆက်လက်လက်ခံသူများအဖြစ်သို့ ရောက်မသွားနိုင်ဟု မဆိုနိုင်ပေ။ ခတ္တဝိဇ္ဇာဝါဒဆိုသည်မှာ မိမိရောက်လိုရလိုသောအောင်မြင်မှု ပန်းတိုင်သို့ သွားရာလမ်း၌ အမိသည်သော်လည်းကောင်း၊ အဖသည်သော်လည်းကောင်း အကယ်၍ အဟန့်အတားအနှောင့်အယှက် ဖြစ်နေလျှင် ထိုအမိအဖတို့ကို သုတ်သင်ဖယ်ရှားအပ်၏ဟု ယူဆသော ဝါဒဖြစ်သည်။





ပုဂံ၌ ထွန်းကားသော ထေရဝါဒသည် ကုသိုလ်၊ အကုသိုလ်သဘောများကို လက်ခံသည်၊ ကုသိုလ်ကြောင့် ကောင်းကျိုးကိုဖြစ်စေ၍ အကုသိုလ်ကြောင့် မကောင်းကျိုးကို ဖြစ်စေသည်ဟုလည်းခံယူသောဝါဒဖြစ်သည်။ ထေရဝါဒသည် ကုသိုလ်၊ အကုသိုလ်ကံနှင့် ထိုကံတို့၏အကျိုးကို လက်ခံသော်လည်း မဟာဝီရ၏ ဝါဒ(ဂျိန်းဝါဒ)က ခံယူသော ကံအမြင်နှင့်တော့ မတူ၊ ဂျိန်းဝါဒကခံယူသော ကံနှင့် ပတ်သက်သောအမြင်က ပုဗ္ဗေကတ ဟေတုဝါဒဟုခေါ်သည့် (ဘဝ၌ ဖြစ်ဖြစ်သမျှသော အကောင်းအဆိုး ဖြစ်ရပ်တို့သည် အတိတ်ကပြုခဲ့သော ကုသိုလ်ကံ အကုသိုလ်ကံတို့ကြောင့်သာ ဖြစ်ရသည်ဟု ခံယူသော) အမြင်ဖြစ်သည်။ ထေရဝါဒကခံယူသော ကံနှင့်ပတ်သက်သော အမြင်က "ကမ္မဿကတာ သမ္မာဒိဋ္ဌိဝါဒ" ဖြစ်သည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဝါဒက အတိတ်ကံကို မပယ်သော်လည်း ပစ္စုပ္ပန်ဘဝရှိ ဉာဏ်၊ ဝီရိယတို့ကို အလေးပေးသောဝါဒ ဖြစ်သည်။ ကမ္မဿကတာ သမ္မာဒိဋ္ဌိဝါဒသည် "ဘဝမှာ ဘယ်လိုအသက်ရှင်ခြင်းဟာ ကောင်းသလဲ"ဆိုသော အမေးကို ဖြေရှင်းနိုင်သော ဝါဒဟုတ်ပါလေ၏လော... အဘယ်အတိုင်းအတာထိ ဖြေရှင်းနိုင်သနည်း။

တွေးရင်းတောရင်းနှင့် ပုဂံညနေရီရီ စေတီ၊ ပုထိုး၊ ဂူ၊ ကျောင်းတို့ဆီသို့ ကျွန်တော်က လှမ်းမျှော်ကြည့်ပြန်သည်။ ကံစွမ်းအင်နှင့် သံသရာ၏ သဘောကိုလည်းကောင်း၊ အမှန်တရား လေးမျိုးကိုလည်းကောင်း၊ ဗောဓိပက္ခိယ ၃၇ မျိုးတို့၏ သဘောကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကောင်း ညွှန်းဆိုထားကြသည့် စေတီပုထိုး ဂူဘုရားတို့မှ သင်္ကေတတို့ကို မြင်ယောင်လာသည်။

"သူတို့ တည်ဆောက်ခဲ့တဲ့ စေတီပုထိုး ဂူဘုရား... အစရှိတဲ့ အဆောက်အအုံတွေဟာ ရတနာတွေကို တူးဖော်ယူနိုင်ဖို့ ညွှန်ပြထားတဲ့ အဆောက်အအုံတွေ"ဟုဆိုသော မိတ်ဆွေ၏စကားကိုလည်း ကြားယောင်လာပြန်သည်။ ဟုတ်ပါလိမ့်မည်။ ထိုထိုစေတီပုထိုး၊ ထိုထိုဂူဘုရားတို့သည် ထေရဝါဒ၌ရှိသည့် အတွေးအမြင်ရတနာတို့ကို တူးဖော်ယူဖို့ ညွှန်ပြထားသော အမှတ်အသားများဖြစ်လိမ့်မည်။ ဖြစ်ကြပါလိမ့်မည်။ လောကရှိ ရွှေငွေဟုခေါ်သော သတ္တုအမျိုးအစားများ၊ ပတ္တမြားနီလာ ကျောက်စိမ်းအစရှိသော ကျောက်ခဲအမျိုးအစားများကို တူးဖော်ရန် ညွှန်ပြထားသော အမှတ်အသားများ မဟုတ်တန်ရာ၊ မဟုတ်ကြတန်ရာပါ...

အနောက်တွင် ဝင်တော့အံ့ဆဲဆဲရှိနေသော နေဝန်းကြီးကို ကြည့်ရင်း "ဓမ္မစကြာ"ဟူသော စကားသံကိုလည်းကောင်း၊ အစွန်းတရားတို့မှလွတ်သော အယူဝါဒသည် ဤသို့ ဤသို့ဖြစ်သည်ဟု ဟောပြနေသော ဂေါတမဗုဒ္ဓ၏ လက်တော်အမူအရာ မုဒြာကိုလည်းကောင်း မြင်ယောင် ကြားယောင်ဖြစ်လာရာမှ ကျွန်တော်ရှာဖွေနေသော အဖြေကို ရလိုက်သည်ဟု ထင်ပါသည်။ ။





ဝိသေသကို ခံစားခြင်း

www.burmeseclassic.com

www.burmeseclassic.com

## ဝိသေသကို ခံစားခြင်း

ဓမ္မရုံကြီး၏ အရိပ်က ကျွန်တော်တို့ကို ဖြတ်ကျော်စပြုနေသည်။ အနုပညာဆိုသည်မှာ အဘယ်နည်းဟူသော အမေးပြဿနာ၏ အဖြေကို ကျွန်တော်တို့က မရနိုင်ကြသေးပါ။

မြောက်မြားလှစွာသော ပုဂံ၏ ဗိသုကာလက်ရာများကို အနုပညာပစ္စည်းများအဖြစ် ကြည့်ရှုခံစားကြရင်းမှ အထက်ပါအမေးပြဿနာက သူနှင့် ကျွန်တော်အကြား ဖြစ်ပေါ်လာခဲ့ခြင်း ဖြစ်ပါသည်။ သူက ဆိုပါသည်။

“အနုပညာဆိုတာ ဘာလဲဆိုတဲ့ ပြဿနာရဲ့အဖြေကို ရှာခဲ့ကြတယ်၊ ပန်းချီ၊ ပန်းပု၊ ကဗျာ၊ ပြဇာတ်၊ ဂီတ၊ ဗိသုကာစသည်ဖြင့်ပေါ့... အမျိုးအမည်တွေ ခြားနားနေပေမဲ့ အဲဒီ ခြားနားစွာရှိနေတာတွေရဲ့ နောက်ကွယ်မှာ တူညီတဲ့ လက္ခဏာရပ် (ဒါမှမဟုတ်) ယေဘုယျသဘောရှိမယ်။ အဲဒီ ယေဘုယျသဘောဟာ အနုပညာဆိုတာ ဘာလဲဆိုတဲ့ အမေးပြဿနာရဲ့အဖြေ ဖြစ်လိမ့်မယ်လို့





ထင်ခဲ့ကြတယ်။ အဲဒီအထင်နဲ့ ယေဘုယျလက္ခဏာရပ်ကို ရှာခဲ့ကြတာပဲ...။

“ပုဂ္ဂိုလ်တစ်ဦးက... အနုပညာဆိုတာ... လူအများရဲ့ စက္ခုဝိညာဉ်၊ သောတဝိညာဉ်၊ မနောဝိညာဉ် စိတ်တွေကို လှုပ်ရှားလာအောင် ဆွဲဆောင်နိုင်စွမ်းရှိပြီး ပတ်ဝန်းကျင်နဲ့လည်း အဆင်ပြေဖြစ်ပြီးတော့... အခြေခံသဘောအားဖြင့် တစ်ခုတည်းသာရှိတဲ့ ပညာရပ်တွေကို အနုပညာလို့ခေါ်တယ်လို့ ပြောဖူးတယ်။ ဒါဟာ အမျိုးအမည်တွေ ထွေပြားခြားနားနေတဲ့ အနုပညာရပ်တွေရဲ့ ယေဘုယျသဘောကို ရှာပြတာပဲ။ ပြီးတော့ နောက်ပုဂ္ဂိုလ်တစ်ဦးက...

“အနုပညာဆိုတာ... ဖော်ကျူးချက်တစ်ခုခု၊ တည်ဆောက်ထားတဲ့ ပုံတစ်ခုခု ဒါမှမဟုတ် ခံစားချက်ကို ဖော်ထုတ်ထားခြင်းတစ်မျိုးမျိုးဖြစ်ပြီးတော့ အဲဒီအရာဟာ ဆွဲဆောင်ဖမ်းစားနိုင်ခြင်း၊ စိတ်ကို လှုပ်ရှားစေနိုင်ခြင်း၊ အံ့သြမှုကို ဖြစ်စေနိုင်ခြင်းရှိတယ်၊ ဆိုရင် အဲဒီအရာဟာ အနုပညာပဲလို့ ဆိုတယ်။ သူလည်း အနုပညာရဲ့ ယေဘုယျသဘာဝကို ရှာတာပါပဲ...။

အင်္ဂလိပ်လူမျိုးဖြစ်တဲ့ ကလိုက်ဘဲလ် (Clive Bell) ဆိုတဲ့သူကတော့ အနုပညာဆိုတာ ထူးခြားတဲ့ ပုံသဏ္ဍာန်ဖြစ်တယ်တဲ့။ သူ့သဘောက အနုပညာလက်ရာဖြစ်တဲ့အတွက် ထူးခြားတဲ့ ပုံသဏ္ဍာန်ရှိရမယ်။ အနုပညာရပ်အားလုံးမှာရှိတဲ့ ယေဘုယျလက္ခဏာရပ်ဆိုတာ ထူးခြားတဲ့ ပုံသဏ္ဍာန်ရှိခြင်းပဲဖြစ်တယ်။ အနုပညာရဲ့ အနှစ်သာရဟာ ထူးခြားတဲ့ ပုံသဏ္ဍာန်ဖြစ်တယ်လို့



www.burmeseclassic.com

www.burmeseclassic.com



ဆိုလိုတယ်ပေါ့ဗျာ။ ဒါကြောင့် သူက Art is significant form အနုပညာသည် ထူးခြားသော ပုံသဏ္ဍာန်ဖြစ်သည်လို့ ထပ်တလဲလဲ ပြောတော့တာပဲ...။

"ကလိုက်ဘဲလ်က... ထူးခြားတဲ့ ပုံသဏ္ဍာန်ဆိုတာကို ပန်းချီမှာတွေ့နိုင်တဲ့အကြောင်း ဖော်ပြတယ်။ ဒီလို ဖော်ပြရုံနဲ့ အနုပညာရဲ့ သဘာဝအမှန်ကို ဖော်ပြနိုင်တယ်လို့ မယူဆနိုင်ပါဘူး။ အနုပညာရဲ့ အဓိပ္ပာယ်ကို ရှင်းနိုင်တယ်လို့လည်း မပြောနိုင်ပါဘူး။ ကလိုက်ဘဲလ်ရဲ့ အယူအဆဟာ (၁၉၁၄) ခုနှစ်လောက်ဆီက အယူအဆဆိုတော့ သူ့ခေတ်က အနုပညာရပ်တွေရဲ့ အခြေအနေနဲ့ ဆက်စပ်နေတယ်လို့ထင်တယ်။ အဲဒီအခါတုန်းက ဆေဇန်း (Cezzne)၊ မာတီး (Mattise)၊ ပီကာဆို (Picasso) တို့ရဲ့ ပန်းချီလက်ရာတွေ ခေတ်စားနေတယ်။ ကလိုက်ဘဲလ်ဟာ သူ့နိုင်ငံက အင်္ဂလိပ်လူမျိုးတွေ ရေးဆွဲတဲ့ ပန်းချီရှုခင်းပုံတွေ၊ ပုဂ္ဂိုလ်ကျော်တွေရဲ့ ပုံတူတွေ၊ အမဲလိုက်ပုံတွေ ... စတဲ့ အကြောင်းအရာကိုပဲ အလေးထားပြီး ရေးဆွဲတဲ့ ပန်းချီတွေကိုပဲ မြင်တွေ့ရာက ပုံသဏ္ဍာန်ကို အလေးထား ရေးဆွဲထားတဲ့ ဆေဇန်းတို့၊ ပီကာဆိုတို့ရဲ့ လက်ရာတွေကို မြင်ရတဲ့အခါမှာ "ပုံသဏ္ဍာန်"ရဲ့ အရေးပါမှုကို မြင်ပါလိမ့်မယ်။ အဲဒီအမြင်ကိုမှီပြီးတော့ သူက "အနုပညာဆိုတာ ထူးခြားတဲ့ ပုံသဏ္ဍာန်ဖြစ်တယ်"လို့ ဖော်ပြခဲ့တာ ဖြစ်လိမ့်မယ်။ ဒီဖော်ပြချက်ဟာ အနုပညာရဲ့ ယေဘုယျသဘောကို ဖော်ပြနိုင်ခြင်းဖြစ်တယ်လို့ မယူဆနိုင်ပါဘူး...။





"ဒီနေရာမှာ ပါမောက္ခ ကဲင်းနစ် W.E.Kennick ပြောတဲ့ စကားတစ်ခုရှိတယ်။ ဘာလဲဆိုတော့ 'အနုပညာဆိုတာ ထူးခြားတဲ့ ပုံသဏ္ဍာန်ဖြစ်တယ်ဆိုတဲ့ ကလိုက်ဘဲလ်ရဲ့ ဖော်ပြချက်ဟာ အနုပညာရဲ့ ယေဘုယျသဘောကို ဖော်ပြခြင်းမဟုတ်ဘူး။ ကလိုက်ဘဲလ်ရဲ့ အမြင်ဟာ ပန်းချီကားကို မြင်ပုံမြင်နည်း အသစ်တစ်ခုကို ဖော်ပြခြင်းသာဖြစ်တယ်။ တကယ်တော့ အနုပညာရပ်တွေရဲ့ ယေဘုယျသဘောကို ရှာဖွေနေမည့်အစား အနုပညာကို လေ့လာပုံ လေ့လာနည်း အသစ်တစ်ရပ်ကို ရှာဖွေသင့်တယ်'တဲ့။

"ကျွန်တော်ကလည်း ခင်ဗျားကို ပြောချင်တယ်၊ ဟောဟိုက ရှုဥာမဏိ၊ မွေရာဇိက စတဲ့... စတဲ့ ဗိသုကာ အနုပညာလက်ရာတွေ နောက်မှာရှိတဲ့ ယေဘုယျသဘောထက် အဲဒီလက်ရာတစ်ခုစီတစ်ခုစီကို မြင်ပုံမြင်နည်း အသစ်နဲ့ မြင်စေချင်တယ်။ တစ်ဦးသောသူက ပြောဖူးတယ်။ ဟောဒီ မွေ့ရုံကြီးကို ကြည့်ရတာ သဗ္ဗညုတ်ပါတော့ပလ္လင်၊ အာနန္ဒာစတဲ့ ဗိသုကာလက်ရာတွေကို ကြည်ညိုဖွယ် သပ္ပာယ်တဲ့အသွင်ကို မဆောင်ဘူးတဲ့ဗျာ။ မွေ့ရုံကြီးဟာ ထုံထိုင်းထိုင်းကြီး ဖြစ်နေတယ်တဲ့၊ ကြည့်နေရင်း ညစ်ညူးလာတယ်တဲ့ဗျာ၊ သူ့အမြင်က သမိုင်းစာမျက်နှာမှာ နေရာကောင်းမရတဲ့၊ နာမည်မပြောင်လှတဲ့ နရသူမင်းအပေါ် ညစ်ညူးတဲ့ အစွဲအလန်းတွေ ရှိနေပုံရပါတယ်။ မွေ့ရုံကြီးကိုတည်တဲ့ နရသူအပေါ် ညစ်ညူးတဲ့ အစွဲရှိလို့ သူ့အမြင်ကလည်း ညစ်ညူးနေတယ်လို့ ထင်တယ်ပဲ၊ ကျွန်တော့်အဖို့တော့ မွေ့ရုံကြီးကို မြင်ရရင် အင်အားတွေ ရှိနေသလို



www.burmeseclassic.com


www.burmeseclassic.com



ပဲ။ ပြောချင်တာတွေ ပြောစမ်းပါစေ၊ ဖြစ်ချင်တာတွေ ဖြစ်စမ်းပါစေ၊ ဂရုမစိုက်ဘူးဆိုတဲ့သဘောနဲ့ ဓမ္မရုံကြီးက တည်နေသလိုပဲ၊ ဓမ္မရုံကြီးကို မြင်ရရင် ကျွန်တော့်မှာ ပါလာတတ်တဲ့ စိတ်သောကတွေ ပျောက်ကွယ်လွင့်ပျံသွားကြသလိုပဲ ခံစားရတယ်။ ဓမ္မရုံကြီးဟာ ကျွန်တော့်ဘဝကို တည်ငြိမ်စေတယ်။ ငြိမ်းချမ်းစေတယ်။ အနုပညာရဲ့ ယေဘုယျသဘောကို နားမလည်ပေမဲ့ ဓမ္မရုံကြီးဟာ ကျွန်တော့်ကို ခံစားမှုတွေ အမြောက်အမြား ပေးတာတော့အမှန်ပဲ။ ပြီးတော့ အနုပညာ သဘောတရားတွေ၊ နှုန်းစံတန်ဖိုးတွေရဲ့ အကန့်အသတ်နဲ့ အဖိုးဖြတ်မှုတွေမှ ကျွန်တော့်ခံစားမှုတွေက လွန်နေတာလည်း အမှန်ပဲ”ဟု သူကပြောရင်း ဓမ္မရုံကြီး၏ နှစ်လိုဖွယ်ရာ တည်နေသည့်အကြောင်းကို မဆုံးနိုင်အောင် ရှင်းပြနေပါလေသည်။

ကျွန်တော်က သူပြောသည်များကို ငြင်းပယ်ခြင်းလည်းမပြု ထောက်ခံခြင်းလည်းမပြုဘဲ နားထောင်နေလိုက်ပါသည်။ အဘယ်ကြောင့်ဆိုသော် နေဝင်ပြီဖြစ်၍ အပြန်နောက်ကျမည်စိုးသောကြောင့်ပါတည်း။ ။





ပြန်မဟုတ်သော အပြန်

www.burmeseclassic.com

www.burmeseclassic.com

# အပြန်မဟုတ်သော အပြန်

နရပတိစည်သူမင်းကြီး တည်ထားကိုးကွယ်သော စူဠာမဏိ စေတီတော်၏ ပုံသဏ္ဌာန် အနေအထားနှင့် ဗိသုကာလက်ရာများ အကြောင်း ပြောပြရင်းမှ သူ့စကားလမ်းကြောင်းက ပြောင်းသွား သည်။

သူက ဆိုပါသည်။

“သူ့သခင့် နရပတိစည်သူထံကို သတင်းပို့ဖို့ မြင်းကို အပြင်း စိုင်းလာတဲ့ ကျွန်ယုံ မြင်းခံပြည့်ဟာ ငါးဘတ်ချောင်းနားကို ညနေရီအချိန်လောက်မှာ ရောက်လာတယ်၊ သိတယ်မဟုတ်လား။ နောင်တော် မင်းယဉ်နရသိင်္ခက သူ့ညီတော် နရပတိစည်သူရဲ့ ကြင်ယာတော် ဝေဠုဝတီကို သိမ်းပိုက်ချင်တာနဲ့ ငဆောင်ချမ်း အရပ်ကို လိမ်ညာပြီး လွှတ်လိုက်တာလေဗျာ၊ ညီတော် နရပတိ စည်သူကလည်း သူ့နောင်တော်ရဲ့ လုပ်ရပ်ကို သင်္ကာမကင်းဖြစ် တယ်။ ဒါနဲ့ သူ့ရဲ့ စီးတော်မြင်းကို ပြည့်နဲ့အတူ ထားခဲ့ပြီး





နန်းတော်မှာ အကြောင်းထူးရင် အမြန်လိုက်ခဲ့လို့ မှာထားခဲ့တယ်။ ဒီလိုမှာပြီး ငဆောင်ချမ်းကို စစ်ချီတယ်၊ ဒီလိုချီလာရင်း ငါးဘတ် ချောင်းတစ်ဖက်မှာ ခေတ္တတပ်ချထားတယ်၊ နရပတိစည်သူ ဒီလို ထွက်ခွာသွားလျှင်ပဲ နောင်တော်က ဝေဠုဝတီကို သိမ်းယူတော့ တာပဲ။ ဒီအဖြစ်ကို သိလျှင်သိချင်းပဲ ပြည့်ဟာ မြင်းကို အပြင်း စိုင်းပြီး နရပတိစည်သူနောက် လိုက်ခဲ့တာ...၊ စောစောကပြောတဲ့ ငါးဘတ်ချောင်းနားကို ရောက်လာတယ်။ ချောင်းရဲ့ တစ်ဖက်မှာ သူ့သခင် နရပတိစည်သူ တပ်ချပြီးရှိနေမှန်း မသိဘူး။ မြင်းခံပြည့် ဟာ ချောင်းဆီလှမ်းကြည့်လိုက်တော့ ချောင်းရေတွေ တက်နေတယ် လို့ မြင်လိုက်တယ်။ အမှန်က ချောင်းရိုးမှာ မြူတွေဖုံးနေတာ၊ ဒါကို ပြည့်က အမြင်မှားပြီး ချောင်းရေတွေ တက်နေတယ်လို့ ထင်မိမှားသွားတာ၊ နေကလည်း မှောင်လာပြီ၊ ဒါနဲ့ ချောင်းဒီဘက် ကမ်းမှာပဲ ညဉ့်အိပ်လိုက်တယ်၊ ညဉ့်အခါမှာ မြင်းဟာ သူ့သခင် နရပတိရဲ့ အနံ့ကိုရပြီး မြည်တယ်၊ ဟီတယ်၊ ဒါကို နရပတိစည် သူက ကြားတယ်တဲ့ဗျာ...

“မနက်ရောက်တဲ့အခါ ပြည့်ဟာ ချောင်းကိုကူးတယ်၊ ဟိုဘက်လည်းရောက်ရော သူ့သခင် နရပတိနဲ့ တွေ့ပါရော၊ မယား စိတ်မွှန်နေတဲ့ နရပတိစည်သူက ဒီလောက် အရေးကြီးပါလျက်နဲ့ တစ်ညဉ့်အိပ်ပြီး အချိန်ဖြုန်းရမလားဆိုပြီး ပြည့်ကို ကွပ်မျက်ပစ် လိုက်တယ်တဲ့ဗျာ၊ ဟောဒီ စူဠာမဏိဘုရားကိုရောက်တိုင်း ပြည့် ရဲ့ ကြေကွဲဖွယ်ရာဖြစ်ရပ်ကို အမှတ်ရတယ်။ လေးလေးနက်နက်



www.burmeseclassic.com

www.burmeseclassic.com



တွေးစရာတွေလည်း ရတယ်ဗျာ။ ခင်ဗျားတွေးကြည့်… ပြေည့်ဟာ ရှုးစမ်းလေ့လာမှု (observation) နည်းနည်းညံ့သွားလို့ ဒီလို ကြေကွဲဖွယ်အဖြစ်နဲ့ ကြုံရတာ၊ တကယ်လို့ ပြေည့်ဟာ ချောင်းထဲ ဆင်းပြီး ရှုးစမ်းမှုလုပ်ဖြစ်တယ်ဆိုရင် ချောင်းရေကြီးနေတာ၊ ချောင်းရေတက်နေတာ မဟုတ်ဘူး။ မြူတွေ လွှမ်းနေတာသာဖြစ်တယ်လို့ သိရမှာ၊ မြူတွေဟာ ရေတွေမဟုတ်ဘူးဆိုတဲ့ 'မဟုတ်တာကို မဟုတ်ဘူး'လို့ မသိလို့ ပြေည့်ဟာ ကြေကွဲဖွယ်ရာ ဘဝဇာတ်သိမ်းသွားရရှာတာပါဗျာ။

"အမှတ်တမဲ့ကြည့်ရင်တော့ မဟုတ်တာကို မဟုတ်မှန်းမသိလို့ ဘဝဇာတ်သိမ်းမလှတာဟာ ပြေည့်နဲ့ပဲ သက်ဆိုင်သလိုလို မြင်မိ ထင်မိမယ်၊ ဒါပေမဲ့ ကျွန်တော်တို့နဲ့လည်း သက်ဆိုင်ပါတယ်ဗျာ၊ တံလျှပ်ကို ရေထင်လို့ ရွှေသမင်အလိုက်မှားသလို… ဆိုတဲ့ စကားကို ခင်ဗျား ကြားဖူးတယ်မဟုတ်လား။ တံလျှပ်ကို ရေမဟုတ်မှန်း မသိတော့ ရေလို့ပဲ အဟုတ်တကယ်ထင်ပြီး လိုက်တယ်၊ လိုက်ရင်းလိုက်ရင်း မောပန်းပြီး ဘဝဆုံးတဲ့ သမင်လိုပေါ့ဗျာ၊ ကျွန်တော်တို့လည်း တွယ်တာတပ်မက်စရာ မဟုတ်တာတွေကို မဟုတ်မှန်းမသိလို့ တစ်သံသရာလုံး လိုက်ခဲ့တာမှ လိုက်ရင်းလိုက်ရင်း ဘဝဆုံးခဲ့တာတွေ မရေမတွက်နိုင်အောင်ပဲ။

"တစ်စက္ကန့်ကို အပုံသန်းတစ်ထောင်ပုံ တစ်ပုံလောက် အချိန်အတွင်းမှာပဲ ကျွန်တော်တို့ရဲ့ ရုပ်ခန္ဓာက ကလာပ်စည်းဆဲလ်တွေဟာ အသစ်အသစ်တွေဖြစ်ပြီး ပျက်နေတာပါ။ တကယ်တော့ တစ်ခဏလေးမှ မြဲနေခိုင်နေတဲ့ အရာရယ်လို့ မရှိပါဘူး။ ပျက်နေ





တဲ့ အစဉ်ကြီးပဲ ရှိနေတာပါ။ အဲဒီ ပျက်အစဉ်ကြီးမှာ သက်ဆိုင်ရာ အခြေအနေ အကြောင်းတရားတွေကြောင့် အသွင်သဏ္ဌာန်တွေ ပုံတွေ ဖြစ်ပေါ်နေတာကိုပဲ ယောက်ျားအဖြစ်၊ မိန်းမအဖြစ်၊ သူအဖြစ်၊ ငါအဖြစ် ကျွန်တော်တို့က ထင်မှတ်နေတာဗျ။ အဲဒီ ယောက်ျား မိန်းမစတဲ့ အသွင်သဏ္ဌာန်တွေဟာ ခဏမလပ် ပျက်နေတဲ့ ပြောင်းနေတဲ့ ဖြစ်ရပ်တွေဆိုတော့ ပရမတ္ထအနေနဲ့တော့ တကယ်မဟုတ်တဲ့ အရာတွေပေါ့ဗျာ။ ဒါပေမဲ့ တကယ်မဟုတ်တာကို မဟုတ်ဘူးလို့ မသိနိုင်တော့ အဲဒီယောက်ျား၊ မိန်းမ အသွင်သဏ္ဌာန်တွေကိုပဲ တကယ်အဟုတ်ထင်ပြီး စွဲလမ်းမှုတွေ၊ တပ်မက်မှုတွေ ဖြစ်ပြန်တာပဲ၊ ကျွန်တော်တို့ရဲ့ ပြင်ပမှာရှိတဲ့ ရုပ်ပစ္စည်းမှန်သမျှဟာလည်း ပြောင်းလဲနေတဲ့ အစုအဝေးတွေပဲ၊ လျှပ်တစ်ပြက်အတွင်းမှာ ရုပ်ဟာ အကြိမ်ပေါင်း ၁၇၆,၄၇၀,၀၀၀,၀၀၀ လောက် လှုပ်ရှားနေတာ… ဒီတော့ဗျာ… 'ဤအရာ' 'ထိုအရာ'လို့ ထောက်ပြလို့ မရနိုင်လောက်အောင်ကို လျှင်မြန်စွာ ပြောင်းလဲနေကြတယ်၊ စိတ်ရဲ့ပြောင်းလဲမှုကတော့ တွက်မပြနိုင်လောက်အောင်ကို မြန်လွန်းလှပါတယ်။ မျက်တောင် တစ်ခေတ်၊ လျှပ်တစ်ပြက် အတွင်းမှာပဲ အထောင်ပေါင်း ကုဋေတစ်သိန်းမက ဖြစ်ပျက်သွားတယ်လို့ဆိုပဲဗျာ၊ ဒီလို စိတ်တွေရုပ်တွေ ပြောင်း နေတာကို သိမြင်နိုင်တဲ့ ဉာဏ်မရှိတော့ သက်ဆိုင်ရာ အခြေအနေ အကြောင်းတရားတွေအပေါ်မှီပြီး ဖြစ်ပေါ်နေတဲ့ 'ယောက်ျား'၊ 'မိန်းမ'၊ 'သူ'၊ 'ငါ'၊ 'ဤအရာ'၊ 'ထိုအရာ' စတဲ့ အသွင်သဏ္ဌာန်တွေကို တကယ်အဟုတ်ထင်တယ်၊



www.burmeseclassic.com

www.burmeseclassic.com



ထင်ပြီး စွဲလမ်းမှုတပ်မက်မှုတွေ ဖြစ်တယ်။ အဲဒီ စွဲလန်းမှု၊ တပ်မက်မှုတွေနဲ့ သံသရာမှာ ကျွန်တော်တို့ ဘဝဆုံးခဲ့ရပေါင်း များလှပြီဗျ၊ များလှပါပြီ၊ တကယ်မဟုတ်တာတွေကို မဟုတ်မှန်းသိရင်တော့ စွဲလန်းတပ်မက်မှုတွေက လွတ်မယ်၊ ဒီလိုလွတ်ရင် ကြေကွဲဖွယ်တွေနဲ့ ဘဝဇာတ်သိမ်းရခြင်းမျိုးတွေကလည်းလွတ်မယ်လို့ကျွန်တော်ယုံတယ်"


အထက်ပါစကားတို့ကို ပြောပြပြီးနောက် သူက...

"စူဠာမဏိစေတီတော်ကို တည်ထားကိုးကွယ်တဲ့ နရပတိစည်သူမင်းကြီးဟာ အမှန်တကယ် မဟုတ်တာတွေကို မဟုတ်မှန်းတွေးမြင်ဆင်ခြင်နိုင်ခဲ့သူဖြစ်တယ်လို့ ကျွန်တော်တော့ ထင်တယ်" ဟု သူကဆိုပါသည်။ သူ့ထင်မြင်ချက် ခိုင်လုံကြောင်းကိုလည်း သက်သေ အထောက်အထားများ ပြပြန်ပါသည်။

သူ့ကို နှုတ်ဆက်ပြီး ကျွန်တော် ထွက်ခွာလာခဲ့ပါသည်။ စူဠာမဏိစေတီတော်ကို ပြန်၍ ကြည့်မိပါသည်။ စောစောက စူဠာမဏိစေတီတော်သည် ယခု စူဠာမဏိစေတီတော် မဟုတ်သည်ကိုတော့ ကျွန်တော် ဆင်ခြင်မိပါသည်။ ကျွန်တော် ပြန်ရမည့် တည်းခိုရာနေရာသည်လည်း နံနက်က တည်းခိုရာနေရာ မဟုတ်သည်ကိုလည်း ဆင်ခြင်မိပါသည်။ ကျွန်တော်သည်လည်း စောစောက ကျွန်တော် မဟုတ်သည်ကိုလည်း ဆင်ခြင်မိပါသည်။ သို့ရာတွင် တည်းခိုရာ နေရာသို့ နေမဝင်မီ ကျွန်တော် အရောက်ပြန်ရဦးမည် ဖြစ်ပါသည်။ ။



# သူချစ် ရှစ်ချပ်ကြာ



www.burmeseclassic.com

www.burmeseclassic.com

# သူချစ် ရှစ်ချပ်ကြာ

## (၁)

အပယ်ရတနာလိုဏ်ဂူဘုရား၏ တောင်ဘက်စကြံ နံရံအတွင်း ဘက်ရှိ ဆေးရေးရုပ်များကို ကူးယူရေးဆွဲယူခဲ့သော သူ၏လက်ရာ များကို ပြန်၍ကြည့်ကြရင်းမှ ကြာဖူး၊ ကြာပွင့် အပြောက်အမွမ်း များအကြောင်းကို သူက ရှင်းပြသည်။ ရှေးခေတ် အိန္ဒိယမှ ကြာ ဖူးကြာပွင့် ရေးဆွဲနည်းနှင့် ပုဂံခေတ်က ကြာဖူးကြာပွင့် ရေးဆွဲ နည်းတို့၏ ဆက်စပ်ပုံအကြောင်းကိုလည်း ရှင်းပြသည်။ ထို့နောက် ကြာ၏ နောက်ကွယ်ရှိ အနက်အဓိပ္ပာယ်အကြောင်း ပြောရာမှ ကန်တော်မင်းကျောင်း မေတ္တာစာတွင် တွေ့ရသော "သူချစ် ရှစ်ချပ် ကြာ" ဟူသော စကားအကြောင်းသို့ ရောက်သွားပါသည်။

## (၂)

"သူချစ်ရှစ်ချပ်ကြာ" ဟူသော စကားသည် စိတ်ကောင်းစိတ် မြတ် ရှစ်မျိုးကို ပွင့်ချပ်ရှစ်ခုရှိသောကြာနှင့် ခိုင်းနှိုင်းထားခြင်းဖြစ်





ကြောင်း၊ ထိုစိတ်ကောင်းစိတ်မြတ်တို့ဖြင့် ပြုမူသောသူကို လူအ များတို့... ချစ်ခင်မြတ်နိုးကြသောကြောင့် "သူချစ် ရှစ်ချပ်ကြာ" ဟုဖော်ပြထားခြင်းဖြစ်ကြောင်း သူက ရှင်းပြပါသည်။

စိတ်ကောင်း စိတ်မြတ် ရှစ်မျိုးဆိုသည်မှာ...

၁။ ဝမ်းမြောက်ဝမ်းသာဖြစ်သော (သောမနဿသဟဂုတ်)၊ ဉာဏ်နှင့်ယှဉ်သော (ဉာဏသမ္ပယုတ်)၊ မတိုက်တွန်းရဘဲ ပကတိ အလိုလိုထက်သန်မှုရှိသော (အသင်္ခါရိက)စိတ်၊

၂။ ဝမ်းမြောက်ဝမ်းသာဖြစ်သော (သောမနဿသဟဂုတ်)၊ ဉာဏ်နှင့်ယှဉ်သော (ဉာဏသမ္ပယုတ်)၊ တိုက်တွန်းပြီးမှ ဖြစ်သော (သသင်္ခါရိက) စိတ်၊

၃။ ဝမ်းမြောက်ဝမ်းသာဖြစ်သော (သောမနဿသဟဂုတ်)၊ ဉာဏ်နှင့်မယှဉ်သော (ဉာဏဝိပ္ပယုတ်)၊ မတိုက်တွန်းရ ဘဲ ပကတိ အလိုလိုထက်သန်မှုရှိသော (အသင်္ခါရိက) စိတ်၊

၄။ ဝမ်းမြောက်ဝမ်းသာဖြစ်သော (သောမနဿသဟဂုတ်)၊ ဉာဏ်နှင့်မယှဉ်သော (ဉာဏဝိပ္ပယုတ်)၊ တိုက်တွန်းပြီးမှ ဖြစ်သော (သသင်္ခါရိက)စိတ်၊

၅။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော (ဥပေက္ခာသဟဂုတ်)၊ ဉာဏ်နှင့်ယှဉ်သော (ဉာဏသမ္ပယုတ်)၊ မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသော (အသင်္ခါရိက) စိတ်၊



www.burmeseclassic.com

www.burmeseclassic.com



၆။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော (ဥပေက္ခာသဟဂုတ်)၊ ဉာဏ်နှင့်ယှဉ်သော (ဉာဏသမ္ပယုတ်)၊ တိုက်တွန်းပြီးမှ ဖြစ်သော (သသင်္ခါရိက)စိတ်၊

၇။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော (ဥပေက္ခာသဟဂုတ်)၊ ဉာဏ်နှင့်မယှဉ်သော (ဉာဏဝိပ္ပယုတ်)၊ မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသော (အသင်္ခါရိက) စိတ်၊

၈။ ဝမ်းမသာဘဲ သာမန်ရိုးရိုးဖြစ်သော (ဥပေက္ခာသဟဂုတ်)၊ ဉာဏ်နှင့်မယှဉ်သော (ဉာဏဝိပ္ပယုတ်)၊ တိုက်တွန်းပြီးမှ ဖြစ်သော (သသင်္ခါရိက) စိတ်...

ဤရှစ်မျိုးတို့ပင်ဖြစ်သည်။

သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်း၊ အလုပ်တာဝန်ဝတ္တရားများကို ထမ်းဆောင်ခြင်း၊ တရားအားထုတ်ခြင်း... အစရှိသည့် ပြုမှုအားထုတ်ခြင်းတို့၌ အကယ်၍ ဝမ်းမြောက်ဝမ်းသာဖြစ်ပါက ထိုသို့ ဝမ်းမြောက်ဝမ်းသာဖြစ်သော စိတ်ကို "သောမနဿသဟဂုတ်စိတ်" ဖြစ်သည်ဟုခေါ်သည်။ ထိုသို့မဟုတ်ဘဲ သူတစ်ပါအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်း... အစရှိသည့် ပြုမှုအားထုတ်မှုတို့၌ အကယ်၍ ဝမ်းမသာဘဲ သာမန်ရိုးရိုးစိတ်ဖြစ်ပါက ထိုသာမန်ရိုးရိုးစိတ်ကို "ဥပေက္ခာ သဟဂုတ်စိတ်"ဟု ခေါ်သည်။

တစ်ဖန် သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်း အစရှိသည့် အပြုအမူအားထုတ်မှုတို့၌ သောမနဿသဟဂုတ်စိတ်





ဖြစ်သည်ဖြစ်စေ၊ ဥပေက္ခာသဟဂုတ်စိတ် ဖြစ်သည်ဖြစ်စေ၊ "ထိုသို့ သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်း အစရှိသည့် အပြုအမူ အားထုတ်မှုတို့သည် ကုသိုလ်ဖြစ်စေတတ်သည်။ ကောင်းကျိုးကို ပေးတတ်သည်။ ကောင်းမှုဖြစ်အောင် ဤသို့... ဤသို့ ပြုသင့်သည်"ဟု ဉာဏ်ပညာနှင့်ယှဉ်သောစိတ်ကို "ဉာဏသမ္ပယုတ်စိတ်"ဟု ခေါ်သည်။

မြန်မာတို့ လက်ခံယုံကြည်သော ဗုဒ္ဓဒေသနာများအရ ဉာဏ်ပညာနှင့်ယှဉ်သော စိတ်သည် "တိဟိတ်ပဋိသန္ဓေအကျိုး"ကို ပေးနိုင်၍ လွတ်မြောက်ရေးတရား (ဝါ) အမှန်တရားကို ထိုးထွင်းသိမြင်သောဉာဏ် (မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်)ကို ထိုဘဝ၌ပင် ရရှိနိုင်သည်။ ထိုသို့မဟုတ်ဘဲ ဖော်ပြခဲ့ပြီးဖြစ်သော သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်းအစရှိသည့် အပြုအမူတို့ကို ပြုမှုအားထုတ်ရာ၌ ကုသိုလ်ဖြစ်မှန်းလည်းမသိ၊ ကံနှင့် ကံ၏အကျိုးကိုလည်းလက်ခံခြင်းလည်းမရှိ၊ ပြုသင့်-မပြုသင့်ကိုလည်း ခွဲခြား၍ မသိလျှင် ထိုစိတ်ကို ဉာဏ်ပညာနှင့် မယှဉ်သောစိတ် "ဉာဏဝိပ္ပယုတ်စိတ်"ဟု ခေါ်သည်။ ဉာဏ်နှင့်မယှဉ်သောစိတ်သည် "ဒွိဟိတ်ပဋိသန္ဓေ" အကျိုးလောက်ကိုသာ ပေးတတ်သည်။ ထိုဉာဏ်နှင့်မယှဉ်သောစိတ်ဖြင့် ပြုမှုအားထုတ်မှုသည် လောကီရေးရာဘက်တွင် အကျိုးပေးထက်သန်သော်လည်း ပဋိသန္ဓေက ဉာဏ်မပါခဲ့သောကြောင့် ထိုဘဝတွင် မဂ်-ဖိုလ်တည်းဟူသော လွတ်မြောက်ရေးဉာဏ်များကို ရနိုင်လောက်အောင် အကျိုးမပေးချေ။



www.burmeseclassic.com

www.burmeseclassic.com



တစ်ဖန်… သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်း အစရှိသည့် အပြုအမူတို့ကို ပြုမူအားထုတ်ရာ၌ အကယ်၍ သူ တစ်ပါးကဖြစ်စေ၊ မိမိကိုယ်တိုင်ကဖြစ်စေ မတိုက်တွန်းရဘဲ အ မူလကပင် ထက်သန်သောစိတ်ဖြစ်ပါက ထိုစိတ်သည် "အသင်္ခါ ကစိတ်"ဖြစ်သည်။ ထိုသို့မဟုတ်ဘဲ သူတစ်ပါးကဖြစ်စေ၊ မိမိကိုယ် တိုင်ကဖြစ်စေ တိုက်တွန်းပြီးမှ သူတစ်ပါးအကျိုးကို ဆောင်ရွက် လိုခြင်း၊ ပေးလှူလိုခြင်းစသည့် စိတ်မျိုးဖြစ်ပါက ထိုစိတ်သည် "သသင်္ခါရိကစိတ်" ဖြစ်သည်။

ကောင်းသောအပြုအမူတို့နှင့် သက်ဆိုင်သော ကာယကံမှု ဝစီကံမှု၊ မနောကံမှုတို့ကို ပြုတိုင်း၊ ပြောတိုင်း၊ ကြံစည်တိုင်း ဆိုခဲ့ပြီးဖြစ်သော စိတ်ရှစ်မျိုးအနက်မှ တစ်မျိုးမျိုးဖြင့် ပြုခြင်း ပြောခြင်း၊ ကြံစည်ခြင်းပင်ဖြစ်သည်။ ထိုစိတ်ရှစ်မျိုး၌ ဝမ်းသာမှု ဝမ်းမသာဘဲ သာမန်ရိုးရိုးစိတ်ဖြစ်မှု၊ ဉာဏ်ယှဉ်မှု၊ မယှဉ်မှု၊ ထက် သန်မှု၊ မထက်သန်မှုတို့ ခြားနားကြသော်လည်း ခြုံ၍ကြည့်ပါက ထိုစိတ်ရှစ်မျိုးလုံးသည် ကောင်းသောသဘောကိုဆောင်သော စိတ် များဖြစ်ကြသည်။ နှစ်လိုဖွယ်ဖြစ်သော စိတ်များဖြစ်ကြသည်။ ထိုစိတ် ရှစ်မျိုးထဲမှ မည်သည့်စိတ် အမျိုးအစားဖြင့် ပြုသည်ဖြစ်စေ၊ ပြောသည်ဖြစ်စေ၊ ကြံသည်ဖြစ်စေ ထိုပြုမူ ပြောဆိုကြံစည်မှုတို့ သည် ကောင်းသောသဘောကိုဆောင်သော၊ သူတစ်ပါးတို့ နှစ်လို ဖွယ်၊ ချစ်ခင်ဖွယ်သဘောကိုဆောင်သော အပြုအမူများ ဖြစ်နိုင်ကြ သည်။





ကြာသည် စင်ကြယ်ခြင်း၊ သန့်ရှင်းခြင်း၊ နုန်းညွန်ရေနောက် တို့နှင့် မရောယှက်ဘဲ ရေပေါ်၌ တလှတပ တင့်တင့်တယ်တယ် ပွင့်နေခြင်းသည် နှစ်လိုမြတ်နိုးဖွယ်ဖြစ်သည်။ ဆိုခဲ့သည့် စိတ်ရှစ် မျိုးအနက်မှ တစ်မျိုးမျိုးသောစိတ်ဖြင့် ပြုမူပြောဆို ကြံစည်သော သူသည်လည်း မသမာမှု၊ ကောက်ကျစ်မှု၊ အနှောင့်အယှက်ဖြစ်စေ အစရှိသည့် မကောင်းမှု အညစ်အကြေးတို့မှ စင်ကြယ်နေသူ ဖြစ်သောကြောင့် ထိုသူသည် လူအများ၏ ချစ်ခင်နှစ်လို မြတ်နိုး ခြင်းကို ခံရသောသူဖြစ်သည်။ ဤသို့ ချစ်ခင်နှစ်လို မြတ်နိုးဖွယ် ဖြစ်သောသူကို နှစ်လိုမြတ်နိုးဖွယ်ဖြစ်သော "ကြာ"နှင့် ခိုင်းနှိုင်း၍ ဘန်တော်မင်းကျောင်း မေတ္တာစာ၌ "သူချစ်ရှစ်ချပ်ကြာ"ဟု ဖော်ပြ ထားခြင်းဖြစ်သည်။

ဆိုခဲ့သည့် စိတ်ရှစ်မျိုးသည် ကောင်းသောသဘောကို ဆောင် ကြသည်မှာ မှန်ပါသည်။ သို့ရာတွင် ထိုရှစ်မျိုးထဲ၌ အကျိုးပေး ထက်သန်စေသော စိတ်အမျိုးအစား ရှိသေးသည်။ ယင်းမှာ နံပါတ် (၁) တွင် ဖော်ပြထားသည့် စိတ်အမျိုးအစားပင်ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် သူတစ်ပါးအကျိုးကို ဆောင်ရွက်ခြင်း၊ ပေးလှူခြင်း၊ ထိန်ထိမ်းဆောင်ခြင်း အစရှိသည့် အပြုအမူတို့ကို ပြုမူအားထုတ် ရာသော ထိုနံပါတ် (၁) စိတ်အမျိုးအစား၌ ဝမ်းမြောက်ဝမ်းသာ ဖြစ်မှု (သောမနဿသဟဂုတ်) ဉာဏ်ပညာနှင့် ယှဉ်တွဲမှု (ဉာဏ သမ္ပယုတ်) နှင့် မတိုက်တွန်းရဘဲ ပကတိ အလိုလိုထက်သန်မှု (အသင်္ခါရိက) ရှိသော စိတ်စေတနာ ပါဝင်နေသောကြောင့်ပင်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်လေသည်။ ထိုသို့သော စိတ်စေတနာ ပါဝင်နေမှုကြောင့် (ထိ
စိတ်အမျိုးအစားဖြင့်) ပြုမူသော အပြုအမူ အားထုတ်မှုတို့သည်
အကျိုးပေး ထက်သန်ခြင်းဖြစ်သည်။

မြန်မာတို့ လက်ခံကြသော ဗုဒ္ဓဒေသနာတို့ အလိုအရ ကိုယ်
နှုတ် စိတ်ဆိုင်ရာ အပြုအမူတို့ကို ဖြစ်ပေါ်စေခြင်း (ဝါ) ကိုယ်နှုတ်
စိတ်ဆိုင်ရာ အပြုအမူတို့ လှုပ်ရှားဖြစ်ပေါ်အောင် ဖန်တီးခြင်းမှာ
"စေတနာ"ပင်ဖြစ်သည်။ ထိုသို့ ဖန်တီးပေးသော၊ လှုပ်ရှားစေသော
စေတနာတွင် ဉာဏ်ပညာယှဉ်တွဲရမည်ဖြစ်သည်။ ဉာဏ်ပညာယှဉ်
တွဲမှုရှိပါမှ အပြုအမူများသည် ကောင်းသော၊ မှန်သော အပြုအမူ
များ ဖြစ်နိုင်ကြသည်။ အပြုအမူတို့မှ သက်ရောက်လာမှုများသည်
လည်း ကောင်းသောမှန်သော သက်ရောက်မှုများ ဖြစ်နိုင်ကြသည်ဟု
ခံယူကြသည်။ ယင်းကိုပင် ရည်ရွယ်၍ "စေတနာမှန်သောက်"
ရှိဖို့ ဖြစ်ဖို့လိုသည်ဟု မြန်မာတို့က ပြောတတ်ကြခြင်းဖြစ်သည်။

အနောက်တိုင်း ကိုယ်ကျင့်တရားအမြင်များ၌ စေတနာကို
သာ အလေးထား၍ ထိုစေတနာဖြင့် ပြုမူလိုက်သော အပြုအမူ
မှ သက်ရောက်ဖြစ်ပေါ်လာမှုများကို အလေးမထားသော အမြင်မျိုး
ကို တွေ့နိုင်သည်။ ထိုအမြင်ကို လက်ခံသူများက "ကောင်းသော
ဆန္ဒ (ဝါ) ကောင်းသောစေတနာ တစ်ခုတည်းသာ ကောင်းခြင်း
တရားဖြစ်သည် Good will is the only good အခြား သက်
ရောက် ဖြစ်ပေါ်လာမှုများသည် အရေးမကြီး"ဟု ဆိုတတ်ကြသည်။
ထိုသူတို့က... စေတနာကောင်းဖြင့် ပြုလုပ်လိုက်ဖို့သာ လိုသည်





ပြုလုပ်လိုက်ခြင်းမှ သက်ရောက်လာမှုများကို ကြည့်ရန်မလို။ သက်
ရောက်လာမှုများအတွက် ပြုလုပ်လိုက်သူ၌ တာဝန်မရှိ... ဟုလည်း
ဆိုတတ်ကြသည်။

စေတနာကောင်းနှင့် ပြုလုပ်လိုက်သော အပြုအမူတစ်ခု လုပ်
ရပ်တစ်ခုသည် တစ်ခါတစ်ရံ၌ ဆိုးကျိုးများ၊ မလိုလားဖွယ်ရာများ
ထွက်ပေါ်သက်ရောက်လာတတ်ခြင်းများ ရှိနိုင်သည်။ ထိုဆိုးကျိုး
များ၊ မလိုလားဖွယ်ရာများအတွက် ပြုလုပ်သူ၌ တာဝန်မရှိဟု
ယူဆရန် မဖြစ်နိုင်ချေ။ ထို့ကြောင့် ဝီလျံဂျိမ်း William James
က "ငရဲသို့ သွားသောလမ်းကို စေတနာကောင်းများနှင့် ဖောက်
လုပ်ထားသည်။ The road to hell is paved with good inten-
tion" ဟု သတိပေး ပြောဆိုဖူးသည်။ ထွက်ပေါ်သက်ရောက်လာ
သော ဆိုးကျိုးများ၊ မလိုလားဖွယ်ရာများအတွက် ပြုလုပ်သူ၌
တာဝန်မရှိဟု ယူဆခြင်းသည် မလျော်ကန်သော ယူဆခြင်းသာ
ဖြစ်ပါလိမ့်မည်။

မြန်မာပြည်ရှိ ဗုဒ္ဓဒေသနာတော် အလိုအရ စေတနာ၌ ဉာဏ်
ပညာယှဉ်၍ (ဝါ) ဉာဏ်ယှဉ်သော စေတနာဖြင့် ပြုမူသော အပြု
အမူ လုပ်ရပ်သည်သာ ကောင်းသော၊ မှန်သော အပြုအမူလုပ်ရပ်
ဖြစ်သည်။ တစ်နည်းအားဖြင့် စေတနာကောင်းလည်း ရှိရမည်ဖြစ်၍
ဉာဏ်ယှဉ်ခြင်းဖြင့် လုပ်နည်းလုပ်ဟန်လည်း ကောင်းမွန်မှန်ကန်
၍ သက်ရောက်လာခြင်းများကလည်း အကျိုးရှိစေရမည်ဖြစ်
သည်... ဟု သူက ရှင်းပြနေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



(၃)

အထက်ပါအကြောင်းအရာတို့ကို သူက ရှင်းပြပြောဆိုပြီး နောက်… ကံနှင့် ကံ၏အကျိုးကို နားလည်လက်ခံနိုင်သော၊ လုပ်သင့် မလုပ်သင့်သည်ကို မြင်သော၊ လုပ်နည်းလုပ်ဟန်တို့ကို သိနားလည်သော ဉာဏ်ပညာရှိမှု၊ စေတနာကောင်းရှိမှုတို့ဖြင့် လူမှုရေးရာများကို ဆောင်ရွက်ခြင်း၊ စီးပွားရှာခြင်း၊ ကုန်သွယ်ခြင်းတို့ကို ပြုလုပ်နိုင်ခြင်းကြောင့် လူအများတို့ “တက်ကပ်”ဆီသို့ သွားနိုင်ပါစေကြောင်းကို သူက ဆုတောင်းနေသည်ဟု ဆိုပါသည်။ စေတနာကောင်းလည်းမရှိ၊ ဉာဏ်ပညာလည်း မပါသော ကောက်ကျစ်စဉ်းလဲသော မရိုးဖြောင့်သော မသမာသောနည်းတို့ဖြင့် လူမှုရေးရာ စီးပွားရေးရာတို့ကို လုပ်ဆောင်ခြင်းဖြင့် “ဆုတ်ကပ်”ဆီသို့ လူသတ္တဝါတို့ မသွားကြပါစေနှင့်ဟု ဆုတောင်းမှုကိုလည်း ပြုသည်ဟု ဆိုပါသည်။ ထို့နောက် သူက…

“ကန်တော့်မင်းကျောင်း မေတ္တာစာမှာလာတဲ့ ‘သူချစ်ရှစ်ချစ်ကြာ’က ပွင့်ချပ် ရှစ်ခုလုံးဟာ နှစ်သက်ဖွယ်ရှိပါတယ်။ ဒါပေမဲ့ ‘ဝမ်းမြောက်ဝမ်းသာရှိသော၊ ဉာဏ်ပညာနှင့်လည်း ယှဉ်သော မတိုက်တွန်းရဘဲ ပကတိအလိုလို ထက်သန်မှုရှိသော စိတ်စေတနာဖြင့် ပြုမှုခြင်း’ကို ညွှန်းဆိုနေတဲ့ ပွင့်ချပ်ကိုတော့ ပိုပြီး နှစ်သက်မြတ်နိုးမိတယ်ဗျာ…”ဟု ဆိုပါသည်။

သူပြောပြနေသည့် “ကြာ” အကြောင်းကို နားထောင်ရင်း အနက်အဓိပ္ပာယ် အမျိုးမျိုးကို ညွှန်းဆိုနေသော အပယ်ရတနာ





လိုဏ်ဂူဘုရားအတွင်းရှိ ကြာဖူးကြာပွင့်တို့ကြား၌ ကျွန်တော့်စိတ်ဆွက လှည့်လည်လျက်ရှိပါသည်။ ။



www.burmeseclassic.com

www.burmeseclassic.com




## တန်ဖိုးမြင့် အနုပညာလက်ရာများတည်ရှိရာ

အပယ်ရတနာ လိုဏ်ဂူဘုရား၏ အတွင်းပတ်လမ်းရှိ နံရံဆေးရေးပန်းချီကိုကြည့်ရင်း တန်ဖိုးမြင့်လှသော ပန်းချီကားများအကြောင်း သူနှင့် ကျွန်တော်က စကားစပ်မိနေကြသည်။

ပန်းချီကျော်ဗန်ဂိုး၏ ပန်းချီကားများဖြစ်ကြသော ဒေါက်တာဂါးချက်၏ပုံ (Portrait of Dr. Gachet) ကို ဒေါ်လာ ၈၂.၅ သန်း၊ အိုင်းရစ်ပန်းများ (Irises) ကို ဒေါ်လာ ၅၃.၉ သန်း၊ ဂျုံခင်းနှင့် ပန်းပွင့်များ (Wheat Field with Cypresses) ကို ဒေါ်လာ ၅၇ သန်းဖြင့် ဝယ်ယူကြောင်းကို သူက ပြောပြသည်။ အခြား... မှတ်မိတော့သော ပန်းချီကားများနှင့် ရောင်းဈေးများကိုလည်း သူက ပြောပြသည်။ သို့ပြောပြရင်း...

"ကြာရွက်တစ်ရွက်တည်းကို သန့်သန့်ရေးဆွဲထားတဲ့ ပုံမျိုးပါမှမဟုတ် အကန့်ကလေးတွေရှိတဲ့ အပိုင်းတစ်ပိုင်းနဲ့ ကြာရွက်တစ်ရွက်ကို ပေါင်းစပ်ထားတဲ့ပုံမျိုး ရှိလေမလားလို့ ကျုပ်က ရှာကြည့်နေတာ"ဟု ဆိုသည်။



www.burmeseclassic.com

www.burmeseclassic.com



ကြာရွက်တစ်ရွက်နှင့် ဆက်စပ်နေသော ဖြစ်ရပ်တစ်ခုကိုလည်း သူက ဆက်၍ပြောသည်။ သူပြောပြသော ဖြစ်ရပ်ကို ချုံးလိုက်ရင် အောက်ပါကဲ့သို့ ဖြစ်ပါလိမ့်မည်။

ရန်သူတို့၏ နယ်မြေမှ လွတ်မြောက်ရန်အတွက် လူ ၂ ဦးသည် ပင်ပန်းဆင်းရဲစွာဖြင့် ခရီးနှင်နေကြသည်။ သူတို့၏ လမ်းခရီးသည် ကြမ်းတမ်းသည်။ ပူလောင်သည်။ အဆင်းအတက်များသည်။ သူတို့၌ ရိက္ခာပြတ်နေကြပြီ။ ပို၍ဆိုးသည်မှာ သူတို့၌ ရေပြတ်ခဲ့ပြီးဖြစ်၍ မူးမေ့သွားတော့မတတ် ရေငတ်ခြင်းဝေဒနာကို ခံစားနေကြရသည်။ တောင်ကုန်းတစ်ခုကို ခက်ခဲစွာ တက်လာကြ၍ တောင်ထိပ်သို့ ရောက်ခါနီးတွင် တစ်ယောက်သောသူက ရေငတ်ခြင်းဝေဒနာဖြင့် မောပန်းနွမ်းနယ်လွန်းလှသောကြောင့် လဲပြိုသွားသည်။ သူ့အဖော်ကို မိမိအား ထားခဲ့၍ ရန်သူတို့လက်မှ လွတ်အောင် ခရီးဆက်ဖို့မှာသည် အဖော်ဖြစ်သူသည် အားတင်း၍ တောင်ထိပ်အရောက်တက်သည်။ ထိုနောက် အောက်သို့ လိမ့်ဆင်းသွားသည်။ တောင်အောက်သို့ရောက်၍ ဟိုသည် ကြည့်လိုက်ရာ ကြာများဖုံးလွှမ်းနေသော ရေကန်တစ်ခုကို မြင်တွေ့ရသည်။ ထိုသူသည် ဝမ်းသာအားရဖြင့် ရေကန်တွင်းသို့ တစ်ကိုယ်လုံးဆင်းသည်။ ရေကိုသောက်သည်။ ကြာရိုး ကြာစွယ်တို့ကို စားသည်။ အေးမြကြည်လင်သည့်ရေကို သောက်၍ ချိုမြသော ကြာရိုးကြာစွယ်တို့ကို စားရသောကြောင့် မကြာချက်ချင်း အပန်းအနွမ်းတွေ ပြေသွားသည်။ တောင်ထိပ်အနီးတွင် ရေငတ်၍ လဲပြိုကျ ကျန်ရစ်သောသူ





ကိုလည်း သတိရသည်။ အသက်မီနိုင်သေးသည်။ ရေသောက်ရလျှင် ထိုသူသည် အသက်ရှင်နိုင်သေးသည်ဟု တွေးကာရေကို သယ်ယူဖို့ ကြိုးစားသည်။ သူ့အဝတ်များကလည်း ရေကိုသယ်၍ မဖြစ်နိုင်၊ အနီးဝန်းကျင်ကို ကြည့်လိုက်တော့လည်း အလွန်အရွက်သေးငယ်သည့် ရှားပင်၊ မန်ကျည်းပင်နှင့် ထင်းရှူးရွက်ကဲ့သို့ အရွက်သေးငယ်သော အပင်မျိုးတို့ကိုသာ မြင်နေရသည်။ ထိုအပင်တို့၏ အရွက်တို့ဖြင့် ရေကိုသယ်၍ မရနိုင်။ ခဏကြာမှ မိမိအနီး၌ ကြီးမားသော ကြာရွက်ကြီးများ ရှိနေသည်ကို သတိရသည်။ သို့နှင့် အကြီးဆုံး ကြာရွက်တစ်ခုကိုခူး၍ ကန်တော့သဖွယ်ပြုလုပ်ကာ ရေဖြည့်ပြီးနောက် လဲပြိုကျန်ရစ်သော သူထံသို့ သွားသည်။ အသက်မီပါသေးသည်။ ကြာကန်တော့ထဲမှ ရေနှင့်ဖျန်းပက်၍ တဖြည်းဖြည်း ရေတိုက်ပေးသောအခါ လဲပြိုနေသူသည် ကောင်းစွာသတိရလာသည်။ အေးမြသောရေကို သောက်ရသောကြောင့် လဲပြိုနေသူသည် ကောင်းစွာ ရပ်နိုင် လျှောက်နိုင်လာသည်။ သို့နှင့် ထို ၂ ဦးသောသူသည် ရန်သူတို့ နယ်မြေမှလွတ်ရာ အခြားနယ်အတွင်းသို့ ရောက်ရှိသွားကြလေသည်။

နောင်တစ်ချိန်၌… ကြာရွက်ဖြင့် ရေသယ်ဆောင်လာသည်ကို သောက်သုံးရ၍ အသက်ရှင်ခဲ့သောသူသည် သူ၏အိမ်၌ ကြာရွက်တစ်ရွက်ကို တလှတပ ထုလုပ်ထားသည်။ ၎င်း၏ ခြံဝင်းအတွင်း၌လည်း ပဒုမ္မာကြာများရှိသော ရေကန်တစ်ကန်ကို တူးထားသည်။ ၎င်းအား ကြာရွက်ဖြင့် ရေသယ်ပေးခဲ့သော မိတ်ဆွေအား



www.burmeseclassic.com

www.burmeseclassic.com



လည်း အသက်ထက်ဆုံး ပြုစုစောင့်ရှောက်ထားခဲ့သည်ဟု ဆိုပါသည်။

အထက်ပါဖြစ်ရပ်များကို ပြောပြပြီးနောက် သူက... "ကျုပ်တို့ကိုလည်း ကိလေသာရန်သူတွေက လိုက်နေတာဗျ၊ ရောဂါအမျိုးမျိုး၊ အိုခြင်း၊ နာခြင်း ရန်သူတွေအမျိုးမျိုးပေါ့ဗျာ။ ကျွန်တော်တို့ဘဝကို ဖျက်ဆီးချေမှုန်းပစ်ဖို့လိုက်နေတာ၊ ဘဝခရီးမှာ မောပန်းနွမ်းနယ်မှုတွေနဲ့ လဲပြိုကျပြီး ကျွန်တော်တို့ဘဝက ပျက်စီးတော့မှာ...

"ဂေါတမဗုဒ္ဓ လက်ထက်မှာရော... ဂေါတမဗုဒ္ဓ အရင်ကရော ဂေါတမဗုဒ္ဓရဲ့ နောက်မှာကော... အဲဒီ ကိလေသာရန်သူတွေရဲ့ နယ်မြေက လွတ်တဲ့နည်းတွေ၊ ကိလေသာရန်သူတွေလက်က လွတ်အောင်ပြေးရင်း ဘဝအမောတွေနဲ့ လဲပြိုပျက်စီးခြင်းအားမှ လွတ်တဲ့လမ်းတွေကို ရှာခဲ့ကြတယ်။ အမျိုးမျိုးရှာကြတယ်။ တချို့ပုဂ္ဂိုလ်တွေကတော့ စဉ်းစားတွေးခေါ်ခြင်းနဲ့ ရှာတယ်။ စဉ်းစားတွေးခေါ်ခြင်းတွေ မှုလောက်နဲ့ ဘဝအမောက လွတ်တဲ့လမ်းကို မရောက်နိုင်ပါဘူး။ မရောက်ပါဘူးဗျာ...၊ စိတ်ကူးနဲ့ အမှန်တရားကို သိမြင်နေတယ်ဆိုပေမဲ့ အဲဒီ တချို့ပုဂ္ဂိုလ်ဟာ လောကခံတွေနဲ့ ကြုံတဲ့အခါ ဖောက်ဖောက်ပြန်ပြန်တွေဖြစ်မှာပါပဲ...။

"တချို့ကတော့လည်း တွေးရင်းခေါ်ရင်းနဲ့ ရုပ်ဝါဒီတွေ ဖြစ်သွားကြတယ်။ ရုပ်ဝါဒီတွေဆိုတာ လောကကြီးမှာ ရုပ်သည်သာ အမှန်ရှိတဲ့တရား၊ တခြားစိတ်တို့ ဝိညာဉ်တို့ ဖန်ဆင်းရှင်တို့ဆိုတာ





မရှိဘူးလို့ ယူဆသူပေါ့။ ရုပ်သာအရှိတရားဆိုတော့ လူဟာ သေရင်ပြီးသွားတာပဲ၊ နောက်ဘဝဆိုတာတို့ နောက်ဘဝကို ဝိညာဉ်ကကူးပြောင်းပြီး ဘဝသစ်ဖြစ်တယ်ဆိုတာတို့ကို မယုံကြည်ဘူးပေါ့။ ရုပ်ဝါဒီအဖို့ အသက်ရှင်နေခိုက်မှာ ဘယ်လိုဘဝကို နေမလဲဆိုတာကိုပဲ စဉ်းစားစရာ ရှိတော့တယ်။ ဂေါတမဗုဒ္ဓရဲ့ နောက်ပိုင်းမှာပေါ်လာတဲ့ ချာဝက Carvaka ဂိုဏ်းသား ရုပ်ဝါဒီတွေ ပြောတာတစ်ခုရှိတယ်ဗျ၊ ဘဝမှာ ဘယ်လိုနေရမလဲဆိုရင် ငါးစားသလိုနေရမယ်တဲ့။ ငါးစားတဲ့အခါ အသားကိုစားပြီး အရိုးကို ဖယ်ရသလိုလို့ဘဝမှာလည်း အရိုးနဲ့တူတဲ့ ဘဝဒုက္ခတွေ ဘဝအမောတွေကိုဖယ်နိုင်သမျှ ဖယ်၊ မေ့နိုင်သမျှ မေ့ထားပြီး အသားနဲ့တူတဲ့ ပျော်စရာ နှစ်သက်စရာတွေကိုသာ ရှာဖွေခံစားရမယ်တဲ့ဗျ။ ဒါလည်းအပြောမျှသာပါဗျာ၊ ရောဂါအန္တရာယ်တွေ သေရခြင်းတွေကို မေ့ဖို့ဖယ်ထားဖို့ဆိုတာ လက်တွေ့မှာ ဖြစ်ချင်မှဖြစ်မှာပါ...။"

"တချို့ကတော့လည်း လူမှာ အတ္တ၊ ဝိညာဉ်ဆိုတာရှိတယ်။ အဲဒီ အတ္တ၊ အဲဒီ ဝိညာဉ်က ဘဝတစ်ခုပြီးတစ်ခု ပြောင်းတဲ့သဘောရှိတယ်။ အဲဒီလို ဘဝတစ်ခုပြီးတစ်ခု ပြောင်းနေတာဟာ ဘာကြောင့်လည်းဆိုရင် အတ္တဟာ ကံတရားနဲ့ ပေါင်းစပ်မိနေလို့တဲ့။ သူတို့အယူအဆက 'ကံ' ဆိုတာ ရုပ်နုတစ်မျိုးပါပဲ။ အဲဒီ ကံဟာ ပြောင်းလဲတဲ့ သဘောရှိတယ်။ ပြောင်းလဲတဲ့ အဲဒီကံရုပ်နဲ့ အတ္တပေါင်းရောနေလို့ အတ္တကလည်း ဘဝပြောင်းနေရတာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အတ္တမှနေပြီး ကံရုပ်တွေ စင်ကြယ်သွားရင် အတ္တဟာ ထာဝရမြဲ တဲ့အဖြစ်ကို ရောက်သွားမယ်လို့ ယူဆတယ်။ အဲဒီလို ယူဆသူတွေ ကိုအတ္တဝါဒီ၊ ဒါမှမဟုတ် နာမ်ဝါဒီတွေလို့ ခေါ်နိုင်မယ်ထင်တယ်။ အဲဒီ ယူဆချက်နဲ့ ကံကို အတ္တမှ ဖယ်ရှားပစ်ဖို့ 'အတ္တကိလမထ' ဆိုတဲ့ အကျင့်တွေကို ကျင့်ကြတယ်။ ကံတွေ စင်ကြယ်သွားရင်၊ ကံတွေကို ဖယ်ရှားလို့ ကုန်သွားရင် အတ္တဟာ (ကံတွေကစင်ကြယ် လို့) သန့်စင်သွားတဲ့အဖြစ်၊ ထာဝရမြဲသွားတဲ့ အဖြစ်ကိုရောက်မယ်၊ ကိလေသာရန်သူတွေ အားလုံးကနေပြီးလည်း ထာဝရ လွတ်မြောက် သွားမယ်လို့ သူတို့က မျှော်လင့်နေတာပေါ့ဗျာ။"

"တချို့ကတော့လည်း တွေးရင်းခေါင်းနဲ့ ဘယ်လိုအယူအဆ မျိုးဆီ ရောက်လာသလဲဆိုတော့... ကိလေသာရန်တွေ၊ ဘဝဒုက္ခ ဘဝအမောတွေကနေပြီး လွတ်မြောက်အောင် အပိုလုပ်မနေပါနဲ့တဲ့၊ လွတ်မြောက်ချိန်တန်တော့ သူ့ဟာသူ လွတ်မြောက်သွားလိမ့်မယ် တဲ့၊ ချည်လုံးတစ်လုံးရဲ့ အစချည်စကိုကိုင်ပြီး ချည်လုံးကို လှိမ့် လိုက်တဲ့အခါ ချည်လုံးကုန်တော့ အလိမ့်ရပ်သွားသလိုပဲတဲ့၊ လူ သတ္တဝါတွေဟာလည်း လွတ်ချိန်တန်တော့ လွတ်သွားပါလိမ့်မယ် တဲ့။ ဘာမှ လုပ်နေစရာမလိုဘူး။ လုပ်နေလည်း အပိုပဲဆိုတဲ့ သဘောပေါ့။"

"ကျုပ်ကတော့ တွေးမိပါတယ်၊ ပြောခဲ့တဲ့ တက္ကီဝါဒီတွေ၊ ရုပ်ဝါဒီ၊ နာမ်ဝါဒီတွေ၊ အပိုလုပ်မနေနဲ့ဆိုတဲ့ လူတွေရဲ့ အယူအဆ





ဒါမှမဟုတ် နည်းလမ်းတွေဟာ ရှားရွက်၊ မန်ကျည်းရွက်၊ ထင်းရှူး ရွက်တွေလို ဖြစ်ပါလိမ့်မယ်။ ရေကို သယ်ယူလို့မရတဲ့ အရွက် တွေနဲ့တူတဲ့ အယူအဆတွေ ဖြစ်တယ်လို့ထင်တယ်၊ ရေကို မသယ် နိုင်တော့လည်း ဘဝအမောကို မပြေစေနိုင်ဘူးပေါ့။ ရန်သူတွေရဲ့ နယ်မြေက မလွတ်မြောက်နိုင်ဘူးပေါ့။"

"ဟောဒီ ပုဂံမြေပေါ်မှာရှိတဲ့ ထေရဝါဒကတော့ တက္ကီဝါဒ လည်း မဟုတ်ဘူး၊ ရုပ်ဝါဒလည်းမဟုတ်ဘူး၊ နာမ်ဝါဒ အတ္တဝါဒ လည်း မဟုတ်ဘူး၊ လွတ်ချိန်တန် လွတ်လိမ့်မယ်ဆိုတဲ့ ဝါဒလည်း မဟုတ်ဘူး၊ အသေအချာ လေ့လာကြည့်မယ်ဆိုရင် ထေရဝါဒက ကြာရွက်နဲ့ တူတယ်ဗျ၊ ကြာရွက်ဆိုတော့ ရေကို သယ်ယူလို့ရတယ် ပေါ့ဗျာ၊ ရေကို သယ်ယူနိုင်နိုင်တယ်ဆိုရင်..."

သူက ဓမ္မစကြာကို သရုပ်ဖော်သော အဝန်းအဝိုင်းပုံများ အကြောင်း၊ အိန္ဒိယပြည် အမရာဝတီခေတ်တွင် တွေ့ရသော ဓမ္မ စကြာ သရုပ်ဖော်ပုံများအကြောင်း ရှည်လျားစွာ ရှင်းပြသည်။ ဓမ္မစကြာသုတ္တံ၌ လာရှိသော မဂ္ဂင်ရှစ်ပါး လမ်းစဉ်သည် ကြာနှင့် တူကြောင်း၊ မဂ္ဂင်ရှစ်ပါးသည် သံသရာခရီးကိုသွားရင်း ဘဝအမော တို့ဖြင့် နွမ်းနယ်သူအား မည်ကဲ့သို့ အမောပြေအောင် စွမ်းဆောင် နိုင်ကြောင်းကိုလည်း ခမ်းနားစွာ ပြောပြပါသည်။

ထို့နောက် သူနှင့် ကျွန်တော်က အပယ်ရတနာအတွင်းပတ် လမ်း တစ်ဖက်တစ်ချက်ရှိ နံရံဆေးရေးတို့အတွင်း၌ အနုပညာ မြောက်စွာဖြင့် ရေးဆွဲထားသော ကြာရွက်ကို ရှာကြပါသည်။



www.burmeseclassic.com


www.burmeseclassic.com



မမ္မစကြာအဝိုင်းကိုလည်း ရှာကြပါသည်။ ကြာနှင့်ပတ်သက်၍ အမြောက်အမြား ရေးဆွဲထားသော ပန်းချီများကိုကြည့်ရင်း စောစောက သူပြောခဲ့သော ကမ္ဘာကျော် ပန်းချီကားများ၏ ဈေးနှုန်းထက် မြင့်မားစွာရှိနေသော ပန်းချီကားများသည် အပယ်ရတနာ၌ ရှိနေပါတကား... ဟု ကျွန်တော်ကတော့ တွေးမိနေပါသည်။



# အသုံး၏ ကောင်းခြင်း



www.burmeseclassic.com

www.burmeseclassic.com

# အဆုံး၏ ကောင်းခြင်း

(၁)

အလုပ်တစ်ခု အစပြုရခြင်း၏ အခက်အခဲအကြောင်းကို ကျွန်တော်တို့ ပြောနေကြရာမှ အဆုံးသတ်၏ ခက်ခဲမှုအကြောင်းသို့ ရောက်သွားသည်။ ထိုအဆုံးသတ်နှင့် ပတ်သက်သောစကားများက အတောမသတ် ဖြစ်နေကြပြန်သည်။

(၂)

ဘုန်းတော်ကြီးတစ်ပါး၊ ကိုရင်ငယ်တစ်ပါးနှင့် အသက်အရွယ်ကြီးရင့်ကြပြီဖြစ်သည့် ဒကာ၊ ဒကာမကြီးများသည် ခရီးတစ်ခုကို သွားကြသည်။ မကြာမီ တောအုပ်တစ်ခုကို ဖြတ်ကြသည်။ ဖြတ်နေရင်း လမ်းပျောက်သွားသည်။ ထိုအခါ ဘုန်းတော်ကြီးက ကိုရင်ငယ်ကို သစ်ပင်ပေါ်တက်၍ မည်သည့်အရပ်ဘက်သို့ ဆက်သွားရမည်ကို သိအောင် ကြည့်ခိုင်းသည်။ ကိုရင်ငယ်က သစ်ပင်ပေါ်သို့





တက်သည်။ ဒကာ၊ ဒကာမကြီးတွေက ကိုရင်ငယ်ကို သစ်ပင်ပေါ်မှ လိမ့်ကျမည်စိုး၍ တစ်ချိန်လုံး လှမ်းအော်၍ လက်မြဲမြဲ၊ ခြေမြဲမြဲတက်ဖို့ သတိပေးနေကြသည်။ ဘုန်းတော်ကြီးကတော့ တုတ်တုတ်မျှမလှုပ်။ သတိတစ်ချက်ပေးဖော်မရ။ ဤသည်ကိုကြည့်၍ ဒကာ ဒကာမကြီးများက ဘုန်းတော်ကြီးကို မကျေနပ်ဖြစ်ကြသည်။

'ဘုန်းတော်ကြီးနှယ် ဒီလောက်ငယ်တဲ့ ကိုရင်ကလေးကို သတိတစ်ချက်တောင် မပေးဘူး၊ အကြင်နာတစ်ချက်မပြဘူး'ဟု တွေးရင်း မကျေမနပ်ဖြစ်ကြခြင်းဖြစ်သည်။

ကိုရင်ငယ်ကလေးက သစ်ပင်ထိပ်ဖျားနားထိ တက်သွားပြီးနောက် မည်သည့်အရပ်သို့ သွားရမည်ဖြစ်ကြောင်း ဘုန်းတော်ကြီးဆီသို့ လှမ်း၍လျှောက်ထားသည်။ ကိုရင်ငယ် သစ်ပင်ဖျားမှပြန်၍ဆင်းလာသည့်အခါ၌လည်း ဒကာ၊ ဒကာမကြီးများက စိုးရိမ်ထိတ်လန့်စွာဖြင့် သတိထားဆင်းရန် လှမ်းအော်သတိပေးနေကြပြန်သည်။ ဘုန်းတော်ကြီးကတော့ တုတ်တုတ်မလှုပ်။ ထိုအခါ၌လည်း ဒကာ၊ ဒကာမကြီးများက ဘုန်းတော်ကြီးကို မကျေနပ်ဖြစ်ကြပြန်သည်။

ကိုရင်ငယ်က ဆင်းလာ၍ မြေပေါ်သို့ရောက်ရန် မဝေးတော့သည့်အခါမှပင် ဒကာ၊ ဒကာမကြီးတို့၏ သတိပေးသံတွေ ရပ်သွားသည်။ ထိုအခါမှ ဘုန်းတော်ကြီးက လှုပ်ရှားလာပြီး 'ကိုရင် သတိထားဆင်း'ဟု မိန့်တော်မူသည်။ ထိုအခါ၌လည်း ဒကာ၊ ဒကာမကြီးတို့က 'အမယ်လေးဟဲ့၊ ကိုရင် မြေပြင်ရောက်ခါနီးမှ



www.burmeseclassic.com

www.burmeseclassic.com



သတိပေးရသတဲ့လား’ဟု တီးတိုးပြောကာ ဘုန်းတော်ကြီးကို မကျေမနပ်ဖြစ်ကြသော ဟူ၏။

အထက်ပါ အဖြစ်အပျက်ကို ပြောပြပြီးနောက် မိတ်ဆွေဖြစ်သူက “အလုပ်တစ်ခုကို စတဲ့အချိန်၊ လုပ်နေတဲ့အချိန်တွေမှာ သတိ၊ ဝီရိယ လူမှာအပြည့်ရှိနေတော့ ချွတ်ချော်မှားယွင်းမှု မရှိတတ်ဘူးဗျ။ ဒါပေမဲ့ လုပ်ဆောင်လာခဲ့တဲ့ အလုပ် ပြီးခါနီးမှာ ဝမ်းမြောက်မှုတွေ၊ ကြည်နူးမှုတွေ၊ ပြီးတော့ မာန်မာနတွေ ဝင်လာတတ်တယ်။ အဲဒီအခါမှာ စောစောက သတိဝီရိယတွေနဲ့ ကင်းကွာပြီး ချွတ်ချော်တိမ်းပါးမှုတွေ ဖြစ်တတ်တယ်။ အခုနင်က ကိုရင်ကလေးဟာ ငါ မြေပြင်ပေါ် ရောက်တော့မှာပဲဆိုပြီး သတိ၊ ဝီရိယ လျော့ချလိုက်ရင် မတော်တဆ ခြေချော်လက်ချော်ဖြစ်ပြီး လိမ့်ကျနိုင်တယ်၊ ခြေကျိုး လက်ကျိုးဖြစ်ပြီး ခရီးမတွင်ဖြစ်သွားနိုင်တယ်။ ဒါကြောင့် ဘုန်းတော်ကြီးက ကိုရင်ငယ် မြေပြင်ရောက်ခါနီးမှ ‘သတိထားဆင်း’လို့ မိန့်တော်မူတာဟာ အဓိပ္ပာယ် အများကြီးရှိတယ်ဗျ။ အဆုံးသတ်ခါနီးမှာ သိပ်ကို အရေးကြီးတယ်”

“ကျုပ်တို့ဗိုလ်ချုပ် နောက်ဆုံးပြောသွားတဲ့ မိန့်ခွန်းထဲက ‘ဒို့နိုင်ပြီ’ဆိုပြီး တက်ထောင်ချင်ကြတဲ့ ပြိုင်ပွဲဝင် လှေသမားတွေအကြောင်း သတိရတယ်ဗျာ။ တစ်လျှောက်လုံး သတိဝီရိယတွေနဲ့ လှော်လာပြီး ပန်းဝင်ခါနီးမှ ‘နိုင်ပြီ’ဆိုတဲ့ ဝမ်းသာမှုတို့ မာန်မာနတို့ ပေါ်လာတဲ့အခါ သတိဝီရိယက ငုပ်လျှိုးပျောက်ကွယ်သွားတယ်။ ဒီလို ပျောက်ကွယ်သွားလို့ တက်အထောင်လိုက်မှာ တစ်ဖက်





လှေက ကျော်တက်သွားပြီး ပန်းဝင်သွားလို့ အရှုံးကြီးရှုံးသွားတတ်တာမျိုးတွေ ရှိတတ်တယ်ဗျ။ ကျွန်တော်တို့ရဲ့ တိုးတက်အောင်မြင်မှုတွေအတွက် လုပ်ဆောင်ရာမှာလည်း အဆုံးသတ်ဟာ အရေးကြီးမှာပေါ့ဗျာ။ ဒါတွေထက် လူအများနဲ့ လူ့အဖွဲ့အစည်းကြီးနဲ့ ပတ်သက်ပြီး လုပ်ဆောင်ရတဲ့ အလုပ်မျိုးတွေမှာ အဆုံးသတ်ကောင်းဖို့ ဘယ်လောက်လိုမယ်ဆိုတာ ပြောစရာတောင် လိုမယ်မထင်ဘူး”ဟု ဆိုကာ အဆုံးသတ်၏ အရေးကြီးခြင်းနှင့် ပတ်သက်သော သူ့အယူအဆကို ခိုင်လုံစေရန် လူ့သမိုင်းစဉ်ကြီးထဲမှ သာဓကများ၊ ဖြစ်ရပ်များကို ထုတ်ဆောင်ပြနေသည်။

ထို့နောက် ဂေါတမဗုဒ္ဓသည် ၄၅ ဝါပတ်လုံး ဟောကြားခဲ့သော တရားတော်တို့ကို ဝယဓမ္မာသင်္ခါရာ၊ အပ္ပမာဒေန သမ္ပာဒေထ ဟူသောစကားဖြင့် အဆုံးသတ်ပုံ မည်မျှကောင်းကြောင်းကို ပြောဆိုနေကြပြန်သည်။

ထို့နောက် လူတစ်ဦး၏ ဘဝဇာတ်သိမ်း (ဝါ) လူတစ်ဦး၏ ဘဝအဆုံးသတ် အရေးကြီးပုံအကြောင်းကို စကားဆက်ကြသည်။

ဘဝ၏ အဆုံးသတ်သေခါနီး၌ပြုသော (ဝါ) ဖြစ်သောကံ (အာသန္နကံ)နှင့် မသေမီဘဝတစ်လျှောက်၌ ကြာမြင့်စွာ အစွဲအမြဲ ပြုလုပ်ခဲ့သောကံ (အာစိဏ္ဏကံ)ဟူ၍ ကံနှစ်မျိုးရှိကြောင်း၊ လူတစ်ဦး၏ သေခါနီး ဘဝဆုံးသတ်ခါနီး၌ ထိုကံနှစ်မျိုးအနက် အားကောင်းသည့်ကံက ရှေးဦးစွာ အကျိုးပေးနိုင်ကြောင်း၊ ဘဝတစ်လျှောက်၌ ကောင်းမြတ်ရာရာတို့ကို အစွဲအမြဲပြုလုပ်ခဲ့သူသည်



www.burmeseclassic.com

www.burmeseclassic.com



သေခါနီး၌ ကောင်းသောနိမိတ်တို့ ထင်ပေါ်ဖို့ အလားအလာရှိ၍ ကောင်းသောဘဝကို ရောက်နိုင်သော အလားအလာရှိကြောင်း ထင်မြင်ချက်တွေ ပေးနေကြသည်။

တစ်ဦးသောသူက အသောကမင်းကြီးသည် ရေတွင်းပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင်နှင့် အခြားအခြားသော ကောင်းမှုများကို ပြုခဲ့သော်လည်း သေသော အခါ၌ မြွေနဂါးကြီးဖြစ်သွားသည်ဟု အဆိုရှိကြောင်း၊ ထိုအဆိုမှန် ပါက လူ့အဖြစ်သည် အလွန်မရေရာ၊ မသေချာမှုတို့ဖြင့် အသက်ရှင် လှုပ်ရှားရသောဘဝဖြစ်သည်ဟု ထင်မှတ်ချင်စရာဖြစ်လာကြောင်း၊ ဘဝအဆုံးသတ်ချိန်ကို လှမ်းမျှော်ကြည့်လျှင် စိတ်မောဖွယ်ရာ အချိန် အဖြစ် ထင်မြင်ခံစားမိကြောင်း ပြောသည်။ သူ့အသံက တကယ် ဝမ်းနည်းနေသော အသံဖြစ်နေသည်ကို မှတ်မိနေပါသည်။ ထိုအခိုက် မာကျောသောအသံဖြင့် ဝင်၍ ပြောသောသူကိုလည်း မြင်ယောင်နေ ပါသည်။ ထိုသူက...

ဘဝကူးပြောင်းခြင်း၊ သံသရာလည်ခြင်း စသည်တို့မှာ သက် သေပြ၍ ရနိုင်သောအရာမဟုတ်။ သို့ဖြစ်၍ ထိုအကြောင်းအရာ များကို ပြောနေခြင်းသည် တစ္ဆေပုံပြင်များကို ပြောခြင်းမျိုးနှင့် ဆင်တူပါလိမ့်မည်ဟု ဆိုသည်။ ဆေးပညာအရ ဘဝကူးပြောင်း ခြင်းကို မည်သို့မျှ လက်ခံနိုင်ဖွယ်မရှိဟုလည်း အများကြီးပြော သည်။ ထို့နောက် သူက အီဗော်လူးရှင်းဖြစ်စဉ်နှင့် သက်ရှိတို့ ဖြစ်ပေါ်ပုံအကြောင်းကိုလည်း အများကြီး ပြောနေသည်။ ထို့နောက်





ကျောက်ဖြစ်ရုပ်ကြွင်း တွေ့ရှိချက်များကိုထောက်၍ နဂါးဆိုသော သတ္တဝါမရှိကြောင်းကိုလည်း အများကြီးပြောနေသည်။ သူ့စကား တွေက အတော့မသတ်ဖြစ်နေသည်။

(၃)

ကျွန်တော်က ဓမ္မရုံကြီးကို အတွင်းပတ်လမ်းအတိုင်း တစ် ပတ်ပတ်ရန် စကားဝိုင်းကို ထားချန်၍ လျှောက်လာခဲ့ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

# ငြိမ်းအေးခြင်း သန္တ



## ငြိမ်းအေးခြင်း သန္တ

အပယ်ရတနာ လိုဏ်ဂူဘုရား၏ ရှေ့ဘက် လူအဆင်းအတက် မရှိသော အုတ်လှေကားနှင့် ထိုလှေကားထိပ်အနီးမှ အလှူပ်အရှား မရှိ တည်နေသော ထနောင်းပင်ကို ကြည့်နေရာမှ ငြိမ်းအေးခြင်း၏ သဘောကို ပြောဖြစ်နေကြသည်။

ငြိမ်းအေးခြင်း သန္တရသအကြောင်းမှ သန္တပုဂ္ဂိုလ် (ငြိမ်းအေးနေသောသူ) အကြောင်းကိုလည်း ပြောဖြစ်နေကြပြန်သည်။

ငြိမ်းအေးနေသောသူအကြောင်းနှင့် စပ်လျဉ်းလာသောအခါ ပုဂံမြေပေါ်၌ ရှင်သန်စည်ပင်လာခဲ့သော ထေရဝါဒနှင့် အခြားဝါဒတို့၏ ခြားနားပုံများအကြောင်းကို ပြောကြသည်။ အခြားအခြားသော အယူဝါဒများသည် သေပြီးနောက်ကာလကို ဦးစားပေး၍ ပြောဟောတတ်ကြသည်။ သေပြီးသည့်နောက်အခါကျမှ ဘုရားသခင်တို့က မည်ကဲ့သို့ ကယ်တင်မည်၊ မည်ကဲ့သို့ ထာဝရငြိမ်းအေးသော ဘုံဌာနသို့ ရောက်စေ၍ မည်ကဲ့သို့ ထာဝရငြိမ်းအေးသူ



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်စေမည်ဟူသော အကြောင်းတို့ကို ပြောတတ်ကြသည်။ ဂျိန်းဝါဒက လူသည် သေပြီးနောက်၌ ထာဝရငြိမ်းအေးသော သိဒ္ဓဘုံသို့ မည်ကဲ့သို့ ရောက်နိုင်ကြောင်း၊ ရောက်အောင်မည်ကဲ့သို့ ကျင့်ဆောင်အားထုတ်ရကြောင်းကို ညွှန်ပြဟောကြားသည်။ အိန္ဒိယအတွေးအခေါ်သမိုင်းတွင် တွေ့ရသော ဂိုဏ်းဂဏတော်တော်များများသည် သေပြီးနောက်၌ ဗြဟ္မာဘုံသို့ ရောက်ခြင်းအကြောင်း၊ ဗြဟ္မာနှင့် ပြန်လည်ပေါင်းစည်းခြင်းအကြောင်း၊ ဗြဟ္မာသဘာဝနှင့် တစ်သားတည်း တူညီအောင် အားထုတ်ကျင့်ဆောင်နိုင်မှုကြောင့် သေသောအခါ ဗြဟ္မာအဖြစ်ဖြင့် ထာဝရငြိမ်းအေးသွားသောအဖြစ်ကို ရနိုင်ကြောင်းတို့ကို ဖော်ပြကြသည်။ အချို့ဂိုဏ်းများကမူ (သူတို့ ညွှန်ပြထားသည့် ယောဂကျင့်စဉ်များအတိုင်း ကျင့်ပါက) သေပြီးနောက်၌ ရုပ်မရှိသော ဝိညာဉ်သာရှိသော အဖြစ်ဖြင့် ထာဝရ ငြိမ်းအေးသွားမည်ဟု ဖော်ပြကြသည်။ အချို့ဂိုဏ်းများကလည်း (ညွှန်ပြထားသော နည်းလမ်းများအတိုင်း ကျင့်ဆောင်အားထုတ်ပါက) သေပြီးနောက်၌ ရုပ်လည်းမရှိ၊ ဝေဒနာသညာလည်းမရှိသောအဖြစ်ဖြင့် ထာဝရငြိမ်းသွားသောအဖြစ်သို့ ရောက်ရှိမည်ဟု ဖော်ပြကြသည်။

ပုဂံမြေပေါ်မှာ စည်ပင်ရှင်သန်လာခဲ့သော ထေရဝါဒကတော့ "သေပြီးသည်၏နောက်... အကြောင်း"ကို ဦးစားပေး၍ ညွှန်ပြဟောကြားသော ဝါဒမဟုတ်ဟု ဆိုသည်။ ထေရဝါဒအလိုအရ လူပုဂ္ဂိုလ်တစ်ဦးသည် မသေခင်မှာပင် လွတ်မြောက်မှု (ဝါ) ငြိမ်း





အေးခြင်းတရားကို ရသူအဖြစ် ကျင့်ဆောင်အားထုတ်ဖို့ကိုသာ အလေးပေး ညွှန်ပြသောဝါဒဖြစ်သည်။ မသေမီကပင် မည်ကဲ့သို့ ငြိမ်းအေးသောသူအဖြစ်ကို ရနိုင်ကြောင်း၊ ထိုသို့ရရှိရန်အတွက် မည်သည့်နည်းလမ်းဖြင့် အားထုတ်ရမည်ကို ညွှန်ပြသောဝါဒသာ ဖြစ်ကြောင်း ပြောဆိုဆွေးနွေးကြသည်။ ထိုသို့ဆွေးနွေးကြသူများထဲမှ တစ်ဦးက ထေရဝါဒစာပေမှ စာပိုဒ်တစ်ပိုဒ်ကို ရွတ်ဆိုပါသည်။ သူရွတ်ဆိုသော စာပိုဒ်၏ အဓိပ္ပာယ်မှာ ဤသို့ဖြစ်ပါသည်။

> "အကြင်ပုဂ္ဂိုလ်သည် ခန္ဓာပျက်ကြွေ မသေမီ အစွဲတဏှာကင်းသည်ဖြစ်၏။ ထိုသို့ အစွဲတဏှာကင်းသောသူကို 'ငြိမ်းအေးသောသူ'ဟု ဆိုရသည်"*

ထိုသို့ ရွတ်ဆိုပြပြီးနောက် သူက... သေပြီးနောက်မှ တန်ခိုးရှင်က ကယ်တင်သည် မကယ်တင်သည်ကို မည်သူကမျှ သက်သေသက်ကာယဖြင့် လိုက်၍မစစ်ဆေးနိုင်၊ မည်သည့်နည်းတို့မျှဖြင့်လည်း စစ်ဆေး၍မရ။ ထို့အတူ သေပြီးနောက်၌ သိဒ္ဓဘုံ၊ ဗြဟ္မာဘုံ၊ သုခဘုံ အစရှိသည်တို့သို့ ရောက်မရောက်ကိုလည်း သက်သေပြစရာမရှိ၊ သေပြီးနောက်မှ... ဆိုသော ကိစ္စများသည် မရေရာသော ကိစ္စများသာဖြစ်သည်။ သေချာရေရာခြင်းကတော့... မသေခင်မှာပင် ငြိမ်းအေးသောသူအဖြစ်ကို ရောက်နိုင်သည်ဆိုသောနည်းကို အားထုတ်ကြည့်ဖို့ပင်ဖြစ်သည်။ စမ်းသပ်စစ်ဆေးကြည့်ဖို့ပင်ဖြစ်သည်။ ထိုသို့အားထုတ် စစ်ဆေးကြည့်၍ မသေခင်

---

* ဤစာပိုဒ်သည် ခုဒ္ဒကနိကာယ်လာ 'ပုရာဘေဒ သုတ္တန်'ဖြစ်သည်ဟု သိရပါသည်။

www.burmeseclassic.com



အသက်ရှင်ဆဲ၌ ငြိမ်းအေးခြင်းကိုရလျှင် (ဝါ) ငြိမ်းအေးသူအဖြစ်ကို ရောက်လျှင် ထိုသို့ရောက်ရေးအတွက် ညွှန်ပြမှုသည် မှန်သည်ဟု ဆိုနိုင်သည်။

ဂေါတမဗုဒ္ဓက မိမိညွှန်ပြသောနည်းလမ်း (ဝါ) မိမိညွှန်ပြထားသော တရားသည် မျက်မှောက် ကိုယ်တိုင်ငြိမ်းအေးခြင်းကို တွေ့နိုင်သည် (သန္ဒိဋ္ဌိကော)။ လှူဒါန်းခြင်း၊ ပေးကမ်းခြင်း အစရှိသည့် ကုသိုလ်ကောင်းမှုတို့ကို ပြုခြင်း၌ ထိုပြုခြင်းတို့အတွက် အကျိုးပေးမှုသည် နောင်ဘဝ (သို့မဟုတ်) အတော်ကြာသော ကာလကျမှ အကျိုးပေးတတ်ခြင်းများရှိသော်လည်း ငြိမ်းအေးခြင်းကို ရအောင် ညွှန်ပြသော ထိုနည်းကို အားထုတ်လျှင်မူ တစ်ခါအားထုတ်လျှင်တစ်ခါ၊ ယခုအားထုတ်လျှင် ယခု ငြိမ်းအေးမှုကို ရစေနိုင်သည် (အကာလိကော)။ ဤငြိမ်းအေးစေနိုင်သော ကျင့်စဉ်ကို (အကယ်၍ မယုံဘူးဆိုလျှင်) လက်တွေ့ကိုယ်တွေ့ စမ်းသပ်အားထုတ်ကြည့်နိုင်သည်။ ထိုသို့ အားထုတ်ကြည့်လျှင် အစစ်ဆေးခံနိုင်သော၊ အစမ်းသပ်ခံနိုင်သော နည်းလမ်းဖြစ်သည် (ဧဟိပဿိကော) ကို တွေ့ရမည်။ ဤနည်းလမ်းကို အပြည့်အစုံ အလုံအလောက် အားထုတ်လျှင် ထိုသို့အားထုတ်သူတိုင်း ငြိမ်းအေးခြင်းကို ရနိုင်သည်။ (ပစ္စတ္တံဝေဒိတဗ္ဗော)... စသည်ဖြင့် ဖော်ပြထားခြင်းများရှိသည်ဟု သူကဆိုပါသည်။

ထေရဝါဒသည် ပြောင်းလဲခြင်းကို အမှန်တရားဖြစ်သည်ဟု ခံယူသောဝါဒဖြစ်သည်။ မပြောင်းမလဲ ထာဝရတည်မြဲနေသော





အရာဟူ၍ လောကအားလုံး၌ မရှိဟု ခံယူသောဝါဒဖြစ်သည်။ ခိုင်မြဲသော ထာဝရတည်နေသော အတ္တ၊ ဇီဝ၊ လိပ်ပြာ၊ ဝိညာဉ်တို့မရှိဟု ခံယူသောဝါဒဖြစ်သည်။ သက်ဆိုင်ရာအကြောင်းအကျိုးတရားတို့အလျောက် သမုတိအားဖြင့် သစ်ပင် တောတောင်၊ ပင်လယ်သမုဒ္ဒရာ၊ လူတိရစ္ဆာန် စသည်ဖြင့် ဒြပ်သဏ္ဍာန်အမျိုးမျိုးဖြစ်ပေါ်လျက်ရှိသော်လည်း ပရမတ္ထသဘာဝအားဖြင့် ထိုဒြပ်သဏ္ဍာန်အားလုံးသည် ခဏမလပ် ပြောင်းလဲနေသော သဘောများသာဖြစ်သည်။

ထိုသို့ ခဏမလပ် ပြောင်းလဲနေသော ပရမတ္ထသဘောတို့ကို လူသတ္တဝါတို့က မမြင်မသိနိုင်ကြသောအခါ သက်ဆိုင်ရာ ကြောင်းကျိုးတရားတို့အလျောက် ဖြစ်ပေါ်နေသော ဒြပ်သဏ္ဍာန်တို့ကို စွဲလမ်းမှုအမျိုးမျိုး ဖြစ်ကြသည်။ စွဲလမ်းမှုတို့ရှိနေသောသူသည် ငြိမ်းအေးမှုကို မရနိုင်၊ စွဲလမ်းမှု တစ်မျိုးမျိုးရှိနေသမျှ ထိုသူသည် ငြိမ်းအေးသောသူ မဖြစ်နိုင်။

ထေရဝါဒက ညွှန်ပြသောနည်းလမ်းသည် ခဏမလပ် ပြောင်းလဲနေသောသဘောကို သိအောင် အားထုတ်သော နည်းလမ်းဖြစ်သည်။

ရုပ်၊ ဝေဒနာ၊ သညာ၊ သင်္ခါရ၊ ဝိညာဏ်ဟူသော လူ၏ခန္ဓာ ၅ ပါး၌ ဖြစ်ပေါ်လာသမျှကို သတိဖြင့် ဖြစ်တိုင်းသိအောင် အားထုတ်ကြိုးစားသည်။ ရုပ်အမူအရာဖြစ်တိုင်း၊ ခံစားမှုဝေဒနာဖြစ်တိုင်း၊ မှတ်သားမှုသညာဖြစ်တိုင်း၊ စေ့ဆော်မှုစေတနာ အစ

www.burmeseclassic.com



ရှိသည့် သင်္ခါရဖြစ်တိုင်း၊ သိမှုဝိညာဏ်ဖြစ်တိုင်း သတိထားမှုပြုသည်။ ခန္ဓာငါးပါး၌ ဖြစ်ပေါ်သမျှကို မသိလိုက်ဘဲ လွတ်သွားသော အဖြစ်များမရှိအောင် ဝီရိယစိုက်၍ သတိထားသည်။ ခန္ဓာငါးပါး၌ ဖြစ်လာသမျှကို ဖြစ်ဆဲဖြစ်ဆဲ၌ သတိရှိ၍ ရှိ၍နေအောင် လုံ့လစိုက်၍ အားထုတ်သည်။ ဖြစ်ဆဲဖြစ်ဆဲတို့၌ သတိရှိ၍ ရှိ၍နေသောကြောင့် စိတ်သည် အတိတ်၊ အနာဂတ်သို့ မပြေးသွားသောကြောင့် ပညတ်များကိုသုံး၍ စဉ်းစားမှုကို မပြုနိုင်တော့။ စိတ်သည် ဖြစ်ဆဲ... ဖြစ်ဆဲ၌သာ နေနေသောကြောင့် ပညတ်များသညာများကို အသုံးပြု၍ သစ်ပင်၊ တောတောင်၊ ပင်လယ်၊ သမုဒ္ဒရာများ၊ ယောက်ျား၊ မိန်းမ၊ ချစ်ခင်ဖွယ်၊ ရွံမုန်းဖွယ်ဟုပုံသဏ္ဌာန်ဖော်ချိန်မရတော့၊ ဒြပ်သဏ္ဌာန်အဖြစ် ထင်မြင်မှတ်ယူရန် မဖြစ်နိုင်တော့။

စိတ်သည် အတိတ်အနာဂတ်သို့ မပျံ့လွင့်တော့ဘဲ ဖြစ်ဆဲ, ဖြစ်ဆဲ၌သာ ရှိနေခြင်းသည် သမာဓိဟူသော စိတ်၏ ဖူးစိုက်တည်ငြိမ်မှုစွမ်းအင် ရနေခြင်းပင်ဖြစ်သည်။ သတိ၊ ဝီရိယ၊ သမာဓိတို့ လုံလောက်ညီညွတ်မှုရသောအခါ ခန္ဓာငါးပါး၊ ရုပ်နာမ်သင်္ခါရတရားတို့ကို ပြောင်းလဲနေခြင်းသဘောမျှသာဖြစ်သည်ဟု သိမြင်လာသည်။ ပြောင်းလဲခြင်းမှလွဲ၍ သူ-ငါ၊ မိန်းမ၊ ယောက်ျား၊ သစ်ပင်၊ တောတောင် စသည်တို့သည် စင်စစ် အမှန်တရားများမဟုတ်ကြ၊ စင်စစ် အမှန်တရားဟူသည်မှာ ပြောင်းလဲနေခြင်းသဘောမျှသာဖြစ်သည်ဟု သိမြင်လာသည်။ ပြောင်းလဲခြင်းကို





သိသော အသိဉာဏ်အဆင့်ဆင့်တို့ ဖြစ်ကြမည်။ ပြောင်းလဲခြင်းသဘောသာ အမှန်ရှိ၍ ဒြပ်သဏ္ဌာန်များဖြစ်ကြသော သစ်ပင်တောတောင်၊ သက်ရှိသက်မဲ့၊ ယောက်ျား၊ မိန်းမ၊ သူ-ငါစသည်တို့သည် သမုတိသစ္စာအနေဖြင့်သာ ပညတ်အနေဖြင့်သာ ရှိသောအရာများဖြစ်သည်ဟု သိမြင်သည်။

ပရမတ္ထသဘောအားဖြင့် ပြောင်းလဲခြင်းသည်သာ အမှန်ရှိသော သဘောဖြစ်သည်ဟု သိမြင်နေမှုကြောင့် ဒြပ်သဏ္ဌာန် ပုဂ္ဂိုလ်သတ္တဝါတို့အပေါ် စွဲလမ်းမှုများ ကင်းလာသည်။ အရဟတ္တမဂ်အရဟတ္တဖိုလ်ဉာဏ် အမြင်တို့ကိုရသော သူသည် သိမြင်နေသောပြောင်းလဲခြင်း သင်္ခါရတို့နှင့်တကွ ဒြပ်သဏ္ဌာန်ဟူသမျှတို့အပေါ်အစွဲအလမ်း လုံးဝကုန်သွားလေတော့သည်။

ထိုသို့ အစွဲအလမ်း (တဏှာ) အလုံးစုံ ကင်းသွားကုန်သွားသော ပုဂ္ဂိုလ်ကိုသာ 'သန္တပုဂ္ဂိုလ်' ငြိမ်းအေးသောသူ အစစ်အမှန်ဖြစ်သည်ဟု မှတ်ယူရမည်ဖြစ်ကြောင်း သူက ရှင်းပြသည်။ သူက...

"ဟောဒီ ပုဂံမြေပေါ်မှာ စည်ပင်ထွန်းကားလာခဲ့တဲ့ ထေရဝါဒဟာ တခြားအယူဝါဒတွေလို လျှို့ဝှက်အသိခက်တဲ့ ဝါဒ Mysticism မဟုတ်ပါဘူး၊ တကယ်ဖြစ်ပျက်ပြောင်းလဲနေတဲ့ ပရမတ္ထသဘာဝကို တကယ်ဖြစ်ပျက်ပြောင်းလဲနေတဲ့အတိုင်း သိမြင်အောင်ကိုယ်တွေ့ လက်တွေ့ အားထုတ်ကြည့်ရတဲ့နည်းကို ညွှန်ပြတဲ့ဝါဒပါ။ ကိုယ်တွေ့လက်တွေ့ အားထုတ်တာ၊ မထုတ်တာကတော့သက်ဆိုင်ရာ ပုဂ္ဂိုလ်အပေါ်မှာပဲ မူတည်ပါတယ်၊ တကယ်တော့

www.burmeseclassic.com



ထေရဝါဒဟာ ထူးထွေဆန်းပြားတဲ့ လျှို့ဝှက်တဲ့ သေပြီးနောက် ကာလမှာဖြစ်မဲ့ အကြောင်းအရာတွေ၊ သက်သေပြလို့မရနိုင်တဲ့ အကြောင်းတွေကို အရေးတယူ ဟောပြောညွှန်ပြတဲ့ဝါဒ မဟုတ်ပါဘူး။ ပြောခဲ့တဲ့အတိုင်း မသေမီအခုဘဝမှာ သန္တိသဘောကို ရစေနိုင်တဲ့နည်းကို ညွှန်ပြတဲ့ဝါဒ…”ဟု ပြောပြနေပါသည်။

သူပြောပြနေသည်ကို နားထောင်ရင်းမှ အစွဲမကုန်နိုင်သော ကျွန်တော်က အပယ်ရတနာလိုဏ်ဂူဘုရား၏ ရှေ့ဘက်ရှိ ဆင်းသူ တက်သူမရှိဘဲ တိတ်ဆိတ်နေသော အုတ်လှေကားနှင့် အလှူအရှားရှိပုံမပေါ်ဘဲ ထီးထီးမတ်မတ် ရပ်နေသော ထနောင်းပင်ကို လွမ်းမောစွာနှင့် လှမ်းကြည့်မိပြန်သည်ကို သတိရပါသည်။ ရှင်ဥဒါယီက မေးသည်ကို ရှင်သာရိပုတ္တရာ မထေရ်မြတ်ကြီး ပြန်လည်ဖြေကြားပုံကို ကြားယောင်မြင်ယောင် ဖြစ်ခဲ့ရသည်ကိုလည်း သတိရနေပါသည်။

“ငါ့ရှင်သာရိပုတ္တရာ… ခံစားမှုမရှိသော နိဗ္ဗာန်၌ ချမ်းသာကား အဘယ်ပါနည်း”

“ငါ့ရှင်… ခံစားမှုမရှိသော ဤနိဗ္ဗာန်၌ ခံစားမှုမရှိခြင်းသည်ပင် ချမ်းသာမည်၏”*

နန္ဒာသိန်းဇံ

* နိဗ္ဗာနသုခသုတ်၊ မဟာဝဂ်၊ နဝကနိပါတ်၊ အင်္ဂုတ္တရနိကာယ်




## လှိုင်းသစ်စာပေမှ နန္ဒာသိန်းဇံ၏ ထုတ်ဝေပြီးစာအုပ်များ



ဘဝအဓိပ္ပါယ်နှင့် ဘဝသစ္စာ
(၁၉၇၅) ၃၇/၇၉(၁)




စီးပွားရေးနှင့် စစ်ရေးပျူဟာ
(၁၉၉၂) ၂၅/၉၂(၂)




ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း
(၁၉၇၉) ၃၉၄/၇၉(၈)




မိတ်ကောင်းဆွေကောင်းနှင့် ခရီးသွားခြင်း
(၁၉၈၀) ၄၇၇/၈၈(၁၁)